www.burmeseclassic.com

အသစ်စက်စက်သိုင်းဝတ္ထုစဉ်

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



ဇာတ်သိမ်းပိုင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ

စာစဉ် (၈)

ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၃၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၁၀၅၁၂

**ပထမအကြိမ်**
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃၆)

## တောင်ကလပ်ပေါ်မှလူ

နေမင်းကြီးသည် အနောက်ဘက်ကျွန်းသို့ ငုတ်လျှိုးဝင်ရောက်သွားလေပြီ။

သို့သော် ဖျော့တော့တော့ ရောင်ခြည်များသည် မှုန်ပျပျထင်နေဆဲ ရှိသေးသည်။

နှင်းပွင့် ဖြူဖြူများသည် ဂွမ်းစိုင်ဂွမ်းလိပ်ကြီးများအလား ဖြစ်ပေါ်နေပြီး ဝင်းဝင်းလက်လက် ဖြစ်နေဆဲရှိသည်။

ဖူတိန့်ဖုန်း ဦးခေါင်းတောင်ထိပ်နှင့် ကျုံးဟိုဖုန်းမတောင်ထိပ်သည် တစ်ခုနှင့်တစ်ခု တစ်မိုင်ခန့်သာ ကွာဝေးသည်။

ဖူတိန့်ဖုန်းသည် ကျုံးဟိုဖုန်းလောက် မမြင့်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖုတိန့်ဖုန်းက ကျူးဟိုဖုန်းထက် ပိုပြီး အန္တရာယ်များသည်။ သွားရလာရခက်သည်။

ကျူးဟိုဖုန်းမှ လှမ်းကြည့်လျှင် ညို့မှိုင်းသော တောအုပ်များနှင့် ကျောက်စွန်းကျောက်စွယ်များကိုသာ ထင်ထင်ရှားရှား မြင်ရသည်။

မှန်သည်။ ဖုတိန့်ဖုန်းသည် လူသူအရောက်အပေါက်နည်းလွန်းသောတောင်ပင်။

ထို့ကြောင့် ကျေးငှက် သာရကာတို့ လွတ်လွတ်လပ်လပ် ပျော်မြူးရာ ဖြစ်နေသည်။

တစ်ခါတစ်ခါ ခပ်လှမ်းလှမ်းမှ တောတိရစ္ဆာန်တို့ ပြေးလွှားသံ၊ ဟိန်းဟောက်သံ၊ မာန်ဖီသံတို့ကို ကြားရတတ်သည်။

တောင်ကလပ်နှင့် တောင်ထိပ်သည် တောတိရစ္ဆာန်တို့အတွက် အစာရေစာ ခေါင်းပါးသောနေရာဖြစ်သည်။

ထိုတောင်ပေါ်မှကြည့်လျှင် လွမ်းမောဖွယ်ကောင်းသော ရှုခင်းများကို မြင်ရသည်။ ထိုတောင်ပေါ်မှ တိတ်ဆိတ်ငြိမ်သက်မှုသည် ထူးထူးခြားခြားကြီး လွမ်းစရာကောင်းနေသည်။

တဖြည်းဖြည်းနှင့် နေရောင်ခြည်များ လုံးဝ ပျောက်ကွယ်သွားလေပြီ၊ တောနှင့်တောင်သည် အမှောင်ဖုံးနေပေပြီ။

ထို့ကြောင့် အလင်းမဲ့နေသောလသည် လင်းစပြုလာလေပြီ။ ထိုအချိန်၌. . . .

လူတစ်ယောက်သည် နှင်းမြေကို ရှောင်ကွင်းပြီး မိုးခန့်



ခြည်အောင် ခုန်ပျံလိုက်သည်၊ သစ်ကိုင်းတစ်ကိုင်းကို တွဲလွဲခိုပြီး တစ်ပင်မှတစ်ပင်သို့ ခုန်ကူးသွားသည်၊

တောင်ထိပ် ဂူပေါက်အနီးသို့ရောက်မှ ခုန်ဆင်းလိုက်သည်၊

နောက်တွင် ခြေရာများ ထင်ခြင်း မရှိပါ။ ဤအချက်ကို ကြည့်ရုံနှင့် ထိုလူသည် ထိပ်တန်းရောက် ကိုယ်ဖော့သိုင်းပညာရှင်မှန်း သိလာသည်၊

ထိုလူသည် ကျောက်တုံးတစ်တုံးပေါ်တွင် မတ်တပ်ရပ်နေရင်း ပတ်ဝန်းကျင်ကို အကဲခတ်နေသည်၊

တောင်ထိပ် လိုဏ်ဂူပေါက်သည် လူတစ်ရပ်စာ အမြင့်ရှိသော ဂူပေါက်တစ်ခုပင်. . . ၊

ထိုလူသည် လိုဏ်ဂူပေါက်ကို စိုက်ကြည့်ပြီး ပြုံးလိုက်ပြန်၏၊ သိုင်းလောကသားတို့ကို ပျပ်ဝပ်ရိုကျိုးစေသည့် အပြုံးပင်၊

အဘယ်ကြောင့်ဆိုသော် ထိုလူသည် လည်တံရှည်ရှည်နှင့် အင်္ကျီဖြူဝတ်လူ ဖြစ်နေသောကြောင့်တည်း၊

အင်္ကျီဖြူသည် လိုဏ်ဂူပေါက်နှင့် မလှမ်းမကမ်းတွင် ရပ်နေရင်းက ထူးဆန်းသော အနံ့တစ်မျိုးကို ရှူရှိုက်မိလာသည်၊

ထိုအနံ့သည် လိုဏ်ဂူထိပ်ဝမှ ထွက်လာသော အနံ့ဖြစ်နေသည်၊

အင်္ကျီဖြူသည် မျက်မှောင်ကြုတ်ပြီး ငြိမ်နေသည်၊

တဝူးဝူး တဟူးဟူးအသံများကို အသည်းယားဖွယ်ရာ

www.burmeseclassic.com



ကြားနေရသည်၊ အသံသည် ဝေးရာမှအသံလိုလို နီးရာမှအသံလိုလို ဖြစ်နေသည်။ သို့သော် ထိုအသံသည် လိုဏ်ဂူပေါက်၏ ရှေ့ လေးငါးပေအကွာမှ ဖြစ်ပေါ်နေသောအသံပင်၊အသံသည် တစ်စတစ်စ ပိုပြီး ကျယ်လောင်လာသည်၊ မိုးချုန်းသံလို မြည်ဟိန်းလာသည်၊

အကျိဖြူသည် နှင်းခဲကြီးများကို ကောက်ယူပြီး လိုဏ်ဂူပေါက်ထဲသို့ တရစပ် ပစ်သွင်းလိုက်သည်။

နှင်းခဲတုံးကြီးများသည် ဂူပေါက်ဝသို့ ရောက်သည်နှင့်လုံးဝ ပျောက်ကွယ်သွားသည်။အကျိဖြူသည် နောက်ထပ် လေးငါးကြိမ် ထပ်စမ်းကြည့် သည်။ မည်သို့မျှ မထူးခြား၊

ကြီးမားသော နှင်းခဲတုံးကြီးများသည် အစရှာမရအောင် ပျောက် ပျောက်သွားသည်။

အကျိဖြူသည် တအံ့တသြ ရေရွတ်မိတော့သည်။

'တော်တော် ကြောက်စရာကောင်းတဲ့ ဝိုင်းဖုန်း လေလှိုင်းပါလား၊ ငါရောက်လာတဲ့အချိန်နဲ့ ဝိုင်းဖုန်းလေလှိုင်း ဖြစ်ပေါ်တိုက်ခတ်ရန် ကြုံကြိုက်နေတာလား'

'ဝိုင်းဖုန်းလေလှိုင်းဟာ မရပ်မနားဘဲ အမြဲ ဖြစ်ပေါ်တိုက်ခတ်နေတာလား'

အကျိဖြူသည် အမျိုးမျိုးတွေးတော နေမိတော့သည်၊

▲ ▲ ▲





အခန်း (၁၃၇)

## ပွင့်သွားသော လိုဏ်ဂူတံခါး

အကျိဖြူသည် တောင်ခုလတ်တွင် ရှိနေသော သစ်ပင်အုပ်တလေးတစ်ခုကို လှမ်းကြည့်လိုက်ပြီး ရှိခနဲ လေချွန်လိုက်၏၊

ထို့နောက် ရပ်နေသော ကျောက်တုံးပေါ်မှ ခပ်လှမ်းလှမ်း၌ ရှိနေသော ကျောက်တုံးပေါ်သို့ လွှားခနဲ ခုန်ပျံပစ်လိုက်သည်၊

ထိုအချိန်မှာပင် တောင်ခုလတ် သစ်ပင်အုပ်ထဲမှ ခရမ်းရောင်အကျိဝတ်တစ်ယောက်သည် တောင်ထိပ်သို့ တစ်ရိပ်ရိပ်ပြေးတက်လာနေသည်ကို တွေ့ရတော့သည်။

မကြာမီ ခရမ်းရောင်အကျိဝတ်သည် အကျိဖြူ ပထမဆုံး ရပ်ခဲ့သည့် ကျောက်တုံးအနီးသို့ ရောက်လာသည်၊ ခရမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



အကျော်ဝတ်သည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်ပြီးမှ. . .

'ဟဲဟဲ. . . ကျုပ်က ငှက်ဖော်တယ်လို့ ပြောလည်း ယုံမှာ မဟုတ်ပါဘူးဗျာ၊ ဟဲ ဟဲ. .'

ခရမ်းရောင်အကျော်ဝတ်သည် စကားရပ်ပြီး နှင်းမြေကို ငုံ့ကြည့်လိုက်သည်။ ထိုအခါ အကျော်ဖြူ၏လက်ရာများကို တွေ့လိုက်ရသဖြင့် တုန်ခနဲဖြစ်ပြီး မျက်နှာပျက်သွားသည်။

ထိုလက်ရာများသည် နှင်းခဲများကို ကောက်ယူခဲ့သဖြင့် ထင်ကျန်နေသော လက်ရာများပင်ဖြစ်သည်။ ခရမ်းရောင် အကျော်ဝတ်သည် အခြေအနေမှန်ကို ရိပ်မိ လာသဖြင့်. . . .

'ဟဲဟဲ. . . ကျုပ် ခန်းမှန်းတာတွေ လွဲသွားပြီ' ဟု ရေရွတ်တော့သည်။

အကျော်ဖြူသည် ခပ်လှမ်းလှမ်းတွင် ရပ်နေရင်းက ခရမ်းရောင်အကျော်ဝတ်ကို ကြည့်ပြီး ပြုံးလာသည်။

'ဟုတ်တယ်၊ နယ်လှည့်စစ်ဆေးရေးမှူးကြီးရဲ့ ခန့်မှန်းချက်တွေ လွဲချော်နေပြီ'

ခရမ်းရောင် အကျော်ဝတ်သည် တုန်ခနဲ ဖြစ်သွားပြီး၊ အကျော်ဖြူကို လှမ်းကြည့်သည်။ အကျော်ဖြူသည် အေးစက်စက် အမူအရာနှင့် မတ်တပ်ရပ်နေသည်။

'ခင်ဗျား ဘယ်သူလဲ'

ခရမ်းရောင် အကျော်ဝတ်ကို ကြည့်ပြီး ထိမထင်ဟန် ပြုံးပြသည်။





'ကျုပ်ကို ဘာမှမမေးနေနဲ့၊ ဒီလိုဏ်ဂူထဲမှာ ဘယ်သူ့ကို ဖမ်းချုပ်ထားသလဲဆိုတာသာ ပြော'

'ဟား. . . ဟား၊ ခင်ဗျား အတော် အတင့်ရဲတဲ့လူပါလား၊ ဘာလဲ၊ ခင်ဗျားက ထန်းရှန်းဂိုဏ်းကို လာပြီး ထောက်လှမ်း. . .'

'တော်. . . အပိုတွေ ပြောမနေနဲ့၊ ကျုပ်မေးတာသာဖြေ'

'ဟဲဟဲ. . . အာဏာသံ ပြင်းလှချည်လား မိတ်ဆွေရဲ့၊ ကောင်းတော့. . .'

ခရမ်းရောင်အကျော်ဝတ်သည် ဖျတ်ခနဲ ခုန်ပြီး အကျော်ဖြူ၏ ရင်ညွန့်ကို လက်ဝါးတိုက်ကွက်နှင့် ဘောင်းခနဲ ပျက်လိုက်တော့သည်။

'ဟဲဟဲ. . . ခင်ဗျား တော်တော်မြန်တဲ့လူပဲ၊ ဒါကြောင့်လဲ ထန်းရှန်းဂိုဏ်းရဲ့ နယ်လှည့်စစ်ဆေးရေးမှူး ဖြစ်နေတာကိုး'

အကျော်ဖြူသည် ပုံပန်းမပျက် ပြောရင်း ကိုယ်ကို ဘေးသို့ အသာ ယိမ်းပေးလိုက်သည်။

ခရမ်းရောင်အကျော်ဝတ်သည် အပိုင်တိုက်ကွက်သည် ဝှစ်ခနဲ မြည်ပြီး ချော်ထွက်သွားသည်။ သို့သော်. . .

သူ့လက်ကိုသူ ပြန်ရုပ်သိမ်း၍ မရတော့။

သူ၏ ရန်လိုသောလက်သည် အကျော်ဖြူ၏ ပြုတ်တူလို သန်မာသောလက်တွင် တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ခြင်း ခံထားရလေပြီ။

'ခင်ဗျား ဘယ်လောက်မြန်မြန် ကျုပ်ထက်တော့ မမြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး မိတ်ဆွေ'

ခရမ်းရောင် အကျီဝတ်သည် မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်း မပြုနိုင်တော့ပေ။

သူ၏ နဖူးပြင်မှ သွေးကြောများသည် တောင့်တင်းလာပြီး အစိမ်းရောင် သမ်းနေပေပြီ။ခရမ်းရောင်အကျီဝတ်သည် မတ်မတ်ပင် မရပ်နိုင်တော့ ဘဲ ဒူးညွတ်လာလေပြီတည်း။

'ကဲ . . . ကျုပ်အကြောင်းကို သိပြီ မဟုတ်လား၊ အသက်ရှည်ရှည်နေချင်သေးရင် ကျုပ်မေးတာကို မှန်မှန်ဖြေ၊ လိုဏ်ခေါင်းထဲမှာ ဘယ်သူရှိသလဲ'

'မ. . . မသိပါဘူး၊ ဒီနေရာက ဝိုင်းဖုန်းလှိုင်း အမြဲတိုက်နေတော့'

အကျီဖြူက ညှစ်အားကို ဖိပေးလိုက်သည်။

'အား. . .'

'အော်မနေနဲ့၊ ခင်ဗျားအသံကို ဘယ်သူမှ မကြားဘူး၊ ကျုပ်ကို လိမ်လို့လည်း မရဘူး၊ ခင်ဗျား ဒီလိုဏ်ဂူထဲ ဝင်သွားတာ ကျုပ်တွေ့ပြီးပြီ၊ ဘယ်လိုဝင်ပြီး ဘယ်လိုထွက်ခဲ့တယ်ဆိုတာပါပြော'

'ခင်. . . ခင်ဗျား အမြင်မှားနေတာပါဗျာ၊ ဒီထဲကို ကျုပ် မပြောနဲ့၊ နတ်ပိဋ္ဌာတောင် ဝင်လို့မရပါဘူး'

'ဩော်. . . ဩော်၊ ကျုပ်အေးအေးဆေးဆေး မေးနေတုန်း မှန်မှန်ကန်ကန် မဖြေဘူးဆိုတော့ ခင်ဗျားရဲ့ ကိုယ်ခန္ဓာနဲ့ပဲ စမ်းသပ်ကြည့်ရတော့မှာပေါ့. . . ဟဲ ဟဲ'

▸▸



အကျီဖြူသည် ဘာစကားမျှ ဆက်မပြောတော့ဘဲ၊ ခရမ်းရောင်အကျီဝတ်ကို ကိုင်မြှောက်ကာ လိုဏ်ဂူပေါက်ဝသို့ ထိုးသွင်းတော့သည်။

'အား အား. . . အမယ်လေး၊ ကြောက် ကြောက်ပါပြီဗျ၊ အား . . . အား'

ခရမ်းရောင် အကျီဝတ်၏အသံသည် ငယ်သံပါလာသည်။

အကျီဖြူက ခရမ်းရောင်အကျီဝတ်ကို ပြန်ဆွဲယူပြီး နှင်းမြေပေါ် ပြန်ချသည်။

'ကဲ. . . ခင်ဗျားကို နောက်ဆုံး အခွင့်အရေး ပေးမယ်၊ ကျုပ် မေးတာကို ဖြေ၊ မဖြေရင် ခင်ဗျားအတွက် နောက်ထပ် အခွင့်အရေး မရှိတော့ဘူး'

ခရမ်းရောင်အကျီဝတ်သည် ပြင်းထန်သော နာကျင်ကိုက်ခဲမှုကို ခံစားနေရသဖြင့် ရှုံ့မဲ့ပြီး တွန့်လိမ်နေသည်။

အတန်ကြာမှ မောဟိုက်သံကြီးနှင့် ပြောလာသည်။

'အသက်ကိုတော့ ချမ်းသာပေးပါ၊ ကျုပ်ဖြေပါမယ်၊ ကျုပ်ဖြေပါမယ်'

'ဒါဖြင့် ဖြေ'

'အမည်မသိ အဘိုးအိုကြီးကို ထိန်းသိမ်းထားတာပါ'

'ဒါဖြင့် ခင်ဗျား အထဲကို ဘယ်လို ဝင်ခဲ့သလဲ'

'လေလှိုင်းရပ်တုန်း ဝင်ခဲ့တာပါ၊ ခု ဝင်လို့မရသေးပါဘူး၊ နောက်သုံးရက်မြောက် မွန်းတည့်ချိန်ကျမှ ဝင်လို့ရပါလိမ့်မယ်၊

▸▸

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က လေလှိုင်းရပ်ချိန်ကိုတွက်ပြီး အစားအစာ ဝင်ပို့ရတဲ့သူပါ'

'ဩော်. . . ဩော်၊ ခင်ဗျားဖြေက မှန်တစ်ဝက် လိမ်တစ်ဝက် အဖြေပဲ၊ ကျုပ် နောက်သုံးရက် အချိန်မပေးနိုင်ဘူး'

'ဒီလိုဆို ဘယ်လိုလုပ်မလဲဗျာ၊ ကျုပ်ပြောတာ အမှန်အတိုင်း ပြောနေတာပါ'

'ကျုပ် ခင်ဗျားနဲ့ အချိန်ကုန်ခံပြီး ငြင်းမနေချင်ဘူး၊ ကျုပ်ကြားဖူးတာတော့ရှိတယ်၊ ဝိုင်းဖုန်းလေလှိုင်းဟာ လူသားရဲ့ သွေးကို သောက်သုံးပြီးရင် အနားယူတဲ့သဘောနဲ့ ရပ်သွားလေ့ရှိသတဲ့ ဒီတော့ ခင်ဗျားကိုယ်ထဲက သွေးတွေနဲ့ပဲ စမ်းကြည့်လိုက်ပါ့မယ်ဗျာ'

အကျီဖြူသည် အေးစက်စက်ပြောနေရင်းက ခရမ်းရောင်အကျီဝတ်၏ လက်တစ်ဘက်ကို ဆွဲမ လိုက်တော့သည်။

'နေပါဦး၊ နေပါဦး'

ခရမ်းရောင်အကျီဝတ်က အလန့်တကြား တားတော့သည်။

'ဘာလုပ်ဦးမလို့လဲ'

အကျီဖြူက ရယ်ကျဲကျဲ မေးသည်။

'ကျုပ်. . . ကျုပ် ညာပြောမိလို့ပါဗျာ'

'ဟဲဟဲ. . . ကျုပ်ကိုညာလို့ရမှာလားဗျာ၊ ကျုပ်က ခင်ဗျားရဲ့ အဝင်အထွက်ကို စောင့်ကြည့်နေခဲ့တာပါဗျ'

'ဟုတ်ပါတယ်ခင်ဗျာ ဟုတ်ပါတယ်၊ လိုဏ်ဂူ လက်ဝဲဘက်က လေလှိုင်းလွတ်ရာ ကျောက်နံရံမှာ လျှို့ဝှက်တံခါးပေါက် ရှိပါ



တယ်၊ အောက်ကိုဆင်းတဲ့ ကျောက်လှေကားလည်း ရှိပါတယ်၊ လှေကားအတိုင်း ဆင်းသွားရင် လိုရာရောက်ပါတယ်'

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကဲ. . . ကျုပ်ကို လမ်းပြပေတော့'

'ကျုပ်. . . ကျုပ် အမှန်အတိုင်း ပြောပြီးမှပဲဗျာ'

'ကျုပ် ခင်ဗျားကို မသတ်ဘူး၊ အသက်ချမ်းသာခွင့် ပေးမယ်၊ ခရီးဆုံးအထိ အေးအေးဆေးဆေးလိုက်ပြ၊ ဒီလိုမှမဟုတ်ရင်တော့ ခွင့်မလွှတ်နိုင်ဘူး၊ ကဲ. . . ရှေ့က သွား'

ခရမ်းရောင် အကျီဝတ်သည် ထွက်ပေါက်မရှိတော့ပေ။

ထို့ကြောင့်. . . .

အသက်နှင့်ခန္ဓာ မြဲနေစေရန်အတွက် သတိထားပြီး လျှောက်သွားရတော့သည်။ ထို့နောက်. . .

'ကျောက်လိုဏ်ဂူ၏ လက်ဝဲဘက် ခပ်လှမ်းလှမ်း နံရံရှေ့တွင် ရပ်လိုက်ပြီး၊ နံရံကို ဝုန်းခနဲမြည်အောင် တွန်းပစ်လိုက်သည်။

အထဲမှ မြည်ဟိန်းသံများ ပေါ်လာပြီး ကျောက်သား နံရံတစ်ခုသည် ဘေးတစ်ဘက်ကို ဖြည်းဖြည်းချင်း ရွေ့လျားသွားသည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃၈)

## အညှဥ်းခံနေရသော အဘိုးအို

မကြာပါ။

ကျောက်သားနံရံတွင် လူတစ်ယောက် ဝင်သာရုံ အပေါက်တစ်ခု ဖြစ်နေတော့သည်။

ထိုအခါမှ အတွင်းမှ အလင်းရောင်ကို တလက်လက်မြင်ရတော့သည်။

အကျိုဖြူသည် ထန်းရှန်းဂိုဏ်း၏ အချုပ်ခန်းတည်ဆောက်မှုပညာကို ကျိတ်ပြီး ချီးကျူးလိုက်မိသည်။

အတွင်းသို့ ဝင်လိုက်သောအခါ ကျောက်လှေကားထစ်များကိုတွေ့ရသည်။



ခရမ်းရောင် အကျီဝတ်သည် မထူးတော့သည့် အခြေအနေ ဖြစ်သည်မို့ ကျောက်လှေကားအတိုင်း အေးအေးဆေးဆေးဆင်းသွားသည်။

လှေကားထစ်များ ဆုံးသွားသောအခါ ကြောက်ခွဲဖွယ်ကောင်းသော မြင်ကွင်းကို မြင်ရတော့သည်။

လက်သီးဆုပ်ခန့်ရှိသော သံတိုင်များပတ်လည် စိုက်ထူထားသည့် အချုပ်ခန်းထဲတွင် ပိန်လှီလှီဖြစ်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။

အချုပ်ခန်းသည် စွတ်စိုထိုင်းမှိုင်းပြီး အနံ့အသက်မကောင်းပေ။ အဘိုးအို၏ဘေးတွင် မြေအင်တုံတစ်လုံး ရှိနေသည်။

အချုပ်ခန်းထဲတွင် ခင်းထားသောအရာကား မြက်ခြောက်များဖြစ်သည်။

အဘိုးအို၏ကိုယ်ပေါ်မှ အကျီအဝတ်အစားများသည် ညစ်ပတ်ပေကျံပြီး စုတ်ပြတ်နေလေသည်။

ဆံပင်များသည် မညှပ်ရသည်မှာ မည်မျှကြာပြီမသိ။ ရှာရှာကြဲပြီး မျက်နှာကိုပင် ဖုံးအုပ်နေသည်။

တစ်ကိုယ်လုံးသည် ကမ္ဘောဇန်းရုပ်တမျှ ပိန်လှီခြောက်ကပ်နေသည်။

ဤမျှ အင်အားကုန်ခမ်းနေသော အဘိုးအို၏ ခြေထောက်နှစ်ဘက်တွင် သံခြေကျင်းများ ခတ်ထားသေးသည်။

အခန်းထဲမှ အနံ့အသက်များကလည်း အသက်ရှူကျပ်လှ

www.burmeseclassic.com



သည်။

ခရမ်းရောင်အင်္ကျီဝတ်သည် အချုပ်ခန်းတံခါးကို ဖွင့်ပေး ပြီးပြီဖြစ်သော်လည်း အင်္ကျီဖြူသည် ငြိမ်ပြီးငေးနေဆဲ ရှိသည်။

သူ့ရင်ထဲတွင် အလွန်ထိခိုက်ကြေကွဲသော ဝေဒနာတစ်ရပ်ကို ခံစားနေပြီထင်သည်။

'တောက်. . . . ဒါလားဗျ၊ ထန်းရှန်းဂိုဏ်းရဲ့ ဂုဏ်ပုဒ်တွေ ရက်စက်ယုတ်မာလိုက်တာလွန်ရော'

အင်္ကျီဖြူ၏အသံသည် မိုးချုန်းသံလို မြည်ဟိန်းသွားသည်။

ခရမ်းရောင်အင်္ကျီဝတ်သည် ကြောက်ရွံ့တုန်လှုပ်နေသဖြင့် ခေါင်းငုံ့ပြီး ငြိမ်နေသည်။

အင်္ကျီဖြူသည် တစ်စုံတစ်ရာကို သတိရလာသဖြင့် ခရမ်းရောင်အင်္ကျီဝတ်၏ ပခုံးကို လှမ်းကိုင်လိုက်သည်။

ခရမ်းရောင်အင်္ကျီဝတ်သည် မည်သို့မျှ ရုန်းကန်ခြင်းမပြုနိုင်ဘဲ ဒူးညွှတ်ကာ ခွေလဲသွားတော့သည်။

အင်္ကျီဖြူသည် ထိုအခါကျမှ အချုပ်ခန်းထဲ လှမ်းဝင်လာသည်။

'အဘိုး'

အင်္ကျီဖြူက ကရုဏာသံနှင့်ခေါ်သည်။ အဘိုးအိုက ပြန်မထူးပါ။

'အဘိုး၊ အဘိုး'

'အင်္ကျီဖြူက ထပ်ဆင့်ခေါ်သည်။ အဘိုးအိုထံမှ စိတ်မရှည်



သံပေါ်လာသည်။

'ဘာလဲကွ၊ သိုင်းကျမ်းကိစ္စပဲလား'

'မဟုတ်ပါဘူး အဘိုး၊ ကျွန်တော် ထန်းရှန်းဂိုဏ်းကလူ မဟုတ်ပါဘူး'

'ဘာပြောတယ်၊ ထန်းရှန်းဂိုဏ်းကလူ မဟုတ်ဘူး၊ ဟုတ်လား'

'မဟုတ်ပါဘူး၊ ကျွန်တော့်ကိုကြည့်ရင် အဘိုး သိမြင်ပါလိမ့်မယ်'

'ဟားဟား. . . မယုံနိုင်စရာ စကားပဲကွ၊ ထန်းရှန်းဂိုဏ်းသားတွေဟာ ဉာဏ်များသလောက် ကောက်ကျစ်စဉ်းလဲတဲ့လူတွေချည်းပဲကွ'

'ကျွန်တော်က အဲဒီလူစားမျိုး မဟုတ်ပါဘူး အဘိုးရဲ့၊ အဘိုး မယုံတာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး၊ ကျွန်တော်က အဘိုးကို အသက်စွန့်ပြီး အခက်အခဲကြားက လာတွေ့သူပါ'

'ဒါ မင်းအပြောပဲ၊ ဒီလိုဆိုရင် ငါတွေ့ချင်တဲ့လူကိုသာ ခေါ်လာခဲ့'

'သူတို့က အဘိုးတွေ့လိုသူကို ခေါ်ခဲ့ပါပြီ အဘိုးရဲ့'

အဘိုးအိုသည် မမျှော်လင့်သော စကားကြောင့် ဆတ်ခနဲခေါင်းမော့လာသည်။

ထိုအခါကျမှ အဘိုးအို၏ မျက်တွင်းဟောက်ပက် မျက်နှာကြီးကို မြင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ကြောက်စရာကောင်းအောင် ရုပ်ပျက်နေလေပြီ။

သို့သော် အသား မရှိတော့သော်လည်း ပေါ်လွင်သော နှာတံနှင့် မျက်လုံးအိမ် အနေအထား၊ ပါးစပ် အနေအထားများကြောင့် နုပျိုစဉ်ကမူ လူချောလူလှတစ်ယောက် ဖြစ်မှာ သေချာနေသည်။

အကျီဖြူ ငိုင်နေစဉ် အဘိုးအို၏အသံ ပေါ်လာသည်။

'ငါတွေ့ချင်တဲ့လူကို ခေါ်ခဲ့ကြပြီလား'

'ဟုတ်ကဲ့ခင်ဗျ၊ အဘိုးတွေ့ချင်တဲ့လူကို ခေါ်ခဲ့ကြပါပြီ'

'ဒါဖြင့် ဘယ်မှာလဲ'

'ထန်းချန်စန်းတောင်ပေါ်မှာ ရှိနေပါတယ်'

'ငါက သူနဲ့တွေ့မှ သိုင်းကျမ်းအကြောင်း ပြောမှာကွ'

'အဘိုးက အဲဒီလူငယ်နဲ့ ဘယ်လိုပတ်သက်လို့ မဖြစ်မနေ တွေ့ချင်နေတာလဲ'

'ဒါ ငါ့ကိစ္စ၊ မင်း ဘာမှ ဝင်မစွက်နဲ့၊ မင်းတို့တွေဟာ ယုံရတာမဟုတ်ဘူး'

'အဘိုးရယ်၊ ကျွန်တော်က သူတို့လူ မဟုတ်ပါဘူး၊ ဒါကြောင့် မင်းတို့လို့ မပြောပါနဲ့'

'ဟားဟား. . . နောက်တစ်ယောက် လာပြန်ပြီလား'

'အဘိုး အထင်မလွဲပါနဲ့ခင်ဗျာ၊ ကျွန်တော်က အဘိုးတွေ့ချင်နေတဲ့ လူနဲ့ ဒီတောင်ပေါ်ကိုတက်ပြီး အဘိုးဆီကို ရောက်လာ



တာပါ၊ လေ့လာစရာ သိချင်စရာလေးတွေ ရှိနေလို့ပါ'

'မင်းက ဘာလေ့လာတာလဲ၊ သိုင်းကျမ်းကို လိုချင်လို့ မဟုတ်လား'

'မဟုတ်ပါဘူး၊ အဘိုးပေးလည်း ကျွန်တော် မယူပါဘူး'

'မင်းစကားက တော်တော်ရယ်စရာကောင်းတဲ့စကားပဲ၊ ဒီမယ် ငါ ရှင်းရှင်းပြောမယ်၊ ငါဟာ အသက်ကြီးပြီ၊ အတွင်းအားပညာတွေလည်း ဆုတ်ယုတ်ကုန်ခန်းနေပြီ၊ အနှိပ်စက်၊ အညှဉ်းပန်းခံရလွန်းလို့လည်း ရန်ဖြစ်ချင်စိတ်တောင် မရှိတော့ဘူး၊ ဒါကြောင့် ငါ့ကို စကားရည်လုသလို လာပြောမနေနဲ့၊ အဲဒီလူကို ငါ့မျက်စိနဲ့ သေသေချာချာမြင်ရမှ အဲဒီလူ့လက်ထဲကို ထည့်ပေးမယ်၊ ဒါပဲ'

'အဘိုးကလည်း တစ်ဘက်သတ်ကျလိုက်တာဗျာ၊ ဘာဖြစ်လို့ လူတိုင်းကို အယုံအကြည် နည်းနေရတာလဲဗျာ'

'ခံရပေါင်း များလို့ပေါ့ကွ၊ ခံရပေါင်းများလို့ပေါ့'

'ကျွန်တော့်စကားကို နားထောင်ကြည့်ရင် သိုင်းကျမ်းစာအုပ် လိုချင်လို့ ရောက်လာသူ ဟုတ်၊မဟုတ် သိသာပါတယ် အဘိုးရယ်'

'အင်း. . . မင်းစကားက ယုတ္တိတော့ရှိပါတယ်၊ ဒီလိုဆိုရင် ငါမေးတာကို ဖြေကြည့်စမ်း'

'ဖြေပါ့မယ် အဘိုး'

'ငါဟာ သိုင်းကျမ်းစာအုပ်ကို ဘာဖြစ်လို့ ထန်းရှန်းဂိုဏ်းလက်ထဲ မထည့်ဘဲ ဒုက္ခခံနေတာလဲ၊ ကဲ. . . ဖြေ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်းပါတယ် အဘိုး၊ သိုင်းလောကကြီးတစ်ခုလုံး ဘေးဆိုးအန္တရာယ် ကျရောက်သွားမှာ စိုးရိမ်လို့ပါ'

'အိမ်း. . . မင်းအဖြေမဆိုးပါဘူး၊ ဒါပေမယ့် ငါဟာ လူများစွာရဲ့ အလိမ်အညာကို ခံခဲ့ရပေမယ့် ငါကတော့ ငါ့တစ်သက်မှာ ဘယ်သူကိုမှ မညာခဲ့ဖူးဘူး၊ ဒါကြောင့် မင်းစကားကို မယုံသေးဘူး'

'ကိစ္စမရှိပါဘူး အဘိုး၊ ကျွန်တော် ပြောချင်တာကတော့ အဘိုးဟာ သိုင်းကျမ်းစာအုပ်ကိစ္စလေးအတွက်နဲ့တော့ တွေ့ချင်နေတဲ့လူကို မတွေ့ဆုံသင့်ပါဘူး'

အဘိုးအိုမျက်နှာ ကွက်ခနဲ ပျက်သွားသည်၊

ဤလူငယ်၏ စကားသည် ထူးခြားသော စကားပေတကား။

အတန်ကြာ ငိုင်နေပြီးမှ ခေါင်းယမ်းပြီး. . .

'ငါက သူ့အတွက် အသက်ရှင်နေတာကွ'

'ကျွန်တော် အကြံပေးချင်တာက အဘိုးဟာ ကိုယ်နေ့ကိုယ်တာကိစ္စကို အလေးပေးနေတာပါ၊ လုပ်သင့်တာက သိုင်းလောကကြီးတစ်ခုလုံးအတွက် ဘက်ပေါင်းစုံ စဉ်းစားသင့်ပါတယ်'

'မင်းဉာဏ်ကောင်းသားပဲ၊ ထန်းရှန်းဂိုဏ်းသားတွေထက် သာလွန်တာတွေကိုလည်း ငါတွေ့နေပါတယ်၊ ပြောစမ်းပါကွာ. . . မင်းနာမည်'

'မင်ရင်ကြယ်ပါ အဘိုး'



'ငါ တစ်ခါမှ မကြားဖူးဘူး၊ ငါ့ခေတ် ငါ့အခါတုန်းကတော့ ငါဟာ သိုင်းလောကကို ထုံးလိုချေ၊ ရေလိုနှောက်ခဲ့သူပဲ၊ ဒီတုန်းက ခင်း မမွေးသေးပါဘူး၊ မွေးလည်း ပုခက်ထဲမှာပဲ ရှိဦးမှာ'

'ဒါဖြင့် အဘိုးအသက် ဘယ်လောက်ရှိပါပြီလဲ'

'မသိတော့ပါဘူးကွာ၊ ငါ ဒီလို အချုပ်ခံထားရတာ ကြာလှပြီ ဒီနေရာက နေ့လား ညလား ခွဲလို့ရတဲ့ နေရာမဟုတ်ဘူး၊ ဒီတော့ ငါ့အသက် ဘယ်လောက်ရှိပြီ ဆိုတာလည်း မတွက်တတ်တော့ဘူး'

မင်ရင်ကြယ်သည် ရင်ထဲနင့်ပြီး မျက်ရည်ဝဲသွားတော့သည်။

ဤအဘိုးကြီးသည် ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားနေသူပါတကား။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃၉

## အတိတ်ကဗျ

အဘိုးအိုက မေးပြန်သည်။

'မင်း အသက်ကကော..'

'နှစ်ဆယ့်ခြောက်နှစ် ရှိပါပြီ အဘိုး'

'ဟဲဟဲ... ငါလည်း မင်းအသက်အရွယ်တုန်းကဆို
အို... မပြောတာပဲ ကောင်းပါတယ်ကွာ၊ အတိတ်ကို အတိတ်
ပဲ ထားတာကောင်းပါတယ်၊ အတိတ်ကို ပစ္စုပ္ပန်ဆီ ဆွဲယူလာ
ကြေကွဲဝမ်းနည်းနေရရုံပဲကွ၊ သူ့ရဲ့ကောင်းဆိုတာ အတိတ်က ရှေ
ဆောင်းခဲ့ရတာတွေကို ပြန်ပြီး ကြွားဝါမနေဘူးကွ၊ အရင်
ဘာကောင်ပဲဖြစ်ဖြစ် ခုတော့ အကျဉ်းကျ ဒုက္ခသည်ပဲ၊...



ဟား၊ ရယ်စရာကောင်းတဲ့လောက'

အဘိုးအိုက လောကကြီးကို အပြစ်တင်သည်။

ရှုတ်ချသည်။

အမှန်က သူ ပြစ်တင်ရှုတ်ချရမည်မှာ ထန်းရှန်းဂိုဏ်း၏ ဂိုဏ်းချုပ်နှင့်အပေါင်းပါ၊ ခေါင်းတော်ညိတ်များသာတည်း။

အကျိုးဖြူ မင်ရင်ကြယ်က...

'အဘိုးအိုဟာ တစ်ခေတ်တစ်ခါက လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ အဆင့်မြင့်သိုင်းပညာရှင်ကြီး ဖြစ်မှာ သေချာပါတယ် ဗျာ'

'တကယ်တမ်းကျတော့ ကျော်ကြားမှုဆိုတာ အလကားပါ ကွာ၊ ကျဆုံးသွားပြီဆိုရင် အဲဒီကျော်ကြားမှုဟာ အသုံးမဝင်တော့ ပါဘူး၊ ဘယ်လောက် ကျော်ကြားအောင်မြင်တဲ့လူ ဖြစ်ဖြစ် သေပြီး ရင် သူလိုကိုယ်လို အရိုးစုတစ်စုံပဲ ဖြစ်ကြရတာပဲ'

'အောင်မြင်ကျော်ကြားမှုဟာ ကောင်းမြတ်တဲ့ ကျော်ကြား မှုဆိုရင် လူသေပေမယ့် နာမည်မသေပါဘူး အဘိုးရယ်၊ ကောင်း မြတ်တဲ့ ကျော်ကြားအောင်မြင်မှုဟာ လူသားမျိုးဆက်တွေအတွက် အမြဲထာဝရ စံထားစရာဖြစ်နေပြီး မွေးပျံ့နေမှာပါ အဘိုး'

'မင်းက ဒီလို မြင်တယ်လား'

'ဟုတ်ပါတယ် ဒီအတိုင်းပဲ မြင်ပါတယ်'

'တစ်ခုတော့ ရှိတယ်ကွဲ့၊ အင်မတန် အောင်မြင်ကျော် ကြားတဲ့လူဟာ လောကဓံရဲ့ ရိုက်ပုတ်မှုကြောင့် သားကွဲ မယားကွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ကြေကွဲစရာ ဝေဒနာကိုလည်း ခံစားကြရတယ်ကွယ်၊ ဒါကို တော့ သတိပြုဖို့လိုတယ်'

'မှန်ပါတယ် အဘိုး၊ ခုလို ဆုံးမဩဝါဒ ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်လှပါတယ်'

'အိမ်း. . . မင်းလိုလူငယ်မျိုးကတော့ ရှာမှရှားပါပဲကွာ၊ ခု အတိုင်းဆိုရင်တော့ ငါတွေ့ချင်နေတဲ့လူကို မင်းရှာပေးနိုင်လိမ့် မယ်ထင်ပါတယ်၊ အဲဒီလူဟာ မင်းလိုပဲ အရည်အချင်း ရှိပါလိမ့်မယ်'

'အဘိုးဆိုလိုတာက. . .'

'တော်ပြီကွာ၊ ငါ ဆက်မပြောချင်တော့ဘူး'

'ဘာဖြစ်လို့လဲ အဘိုးရယ်'

'ပြောရင် နောက်ကြောင်းတွေ ပြန်လှန်ရမယ်ကွ၊ အဲဒီ အခါကျရင် ငါ့သားမယားအကြောင်းပါ ပါလာမယ်၊ ဒီအကြောင်း ကိုပြောရင် ငါ စိတ်ထိခိုက်ရဦးမယ်'

'အဘိုးရဲ့ဇနီးဟာ အဘိုးကို မိုးအဆုံး မြေအဆုံး ရှာနေဦး မှာပါဗျာ'

'အေး၊. . . မင်းပြောသလိုဆို ငါကလည်း သူ့ကို မိုးအဆုံး မြေအဆုံး ရှာခဲ့တာပဲကွ၊ ဒါပေမယ့် သူတို့သားအမိကို ဘယ်ရောက် နေမှန်းကို မသိဘူး'

အဘိုးအိုသည် ခေါင်းတယမ်းယမ်းနှင့် မျက်ရည်ဝဲလာ သည်။

'ကောင်လေး၊ ငါစိတ်မကောင်းအောင် ဆွမေးမနေစမ်း ပါနဲ့ကွာ'

'ဘဝဆိုတာ အမြဲထာဝရ ဒုက္ခဘုံကြီး ဖြစ်မနေပါဘူး အဘိုးရယ်'

'မင်းပြောတာ မှန်ပါတယ်ကွာ'

'တကယ်တော့ အဘိုးဟာ အဘိုးတွေ့ချင်တဲ့လူအတွက် မဖြစ်သင့်ဘဲ အဘိုးရဲ့ ဇနီးနဲ့သားတွေ သမီးတွေအတွက်ပဲ ဖြစ်သင့် ပါတယ်ဗျာ'

'မင်းရဲ့စေတနာကို ကျေးဇူးတင်ပါတယ်ကွာ'

သူတို့နှစ်ယောက်သည် အတန်ကြာအောင် နှုတ်ဆိတ်ပြီး စဉ်းစားနေကြပြန်၏။

မင်းရင်ကြွယ်သည် အဘိုးအို၏ သတ္တိကို ကျိတ်ပြီး ချီးကျူး နေမိပြန်၏။

ဤအဘိုးကြီးသည် သူ့ရည်မှန်းချက်အတွက် ဇွဲနပဲကြီးလှ ပေတကား။

မင်းရင်ကြွယ်သည် တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး စကားစလာ ပြန်၏။

'ပြောပါရစေ အဘိုး၊ ကျွန်တော်ဟာ သိုင်းကျမ်းစာအုပ် အတွက် ထန်းရှန်းဂိုဏ်းရဲ့ အရေးတကြီး လိုအပ်တဲ့လူဆိုရင် ယုံမှာ လား အဘိုး'

'ယုံသင့်ပေမယ့်လည်း မယုံသေးဘူးကွာ'

'ဒီလိုဆိုရင် အဘိုးနာမည်ကို ပြောပြစေချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . မင်းကိုတော့ ငါပြောပြချင်ပါတယ်၊ ဒါပေမယ့် အရင်တုန်းက ငါဟာ သေသွားပြီ၊ အခု ငါက အသက်ရှင်နေတာ မှန်ပေမယ့် နာမည် မရှိဘူး'

မင်းရှင်ကြယ်ပြုံးမိသည်။

'အရင်က နာမည်ကိုပဲ သိပါရစေ အဘိုး'

'မင်း ငါ့စိတ်ကို ပြောင်းလဲအောင် လုပ်နိုင်သားပဲ၊ ငါကလည်း မင်းကို ခင်မင်မှု ရှိပါတယ်ကွာ၊ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်နိုင်တယ်လို့လည်း တွက်ထားပါတယ်၊ ဒီတော့ သေသေချာချာနားထောင်ပါ၊ ငါ့နာမည် ယွင့်လို့ ခေါ်တယ်၊ မျိုးရိုးကတော့ ကျူးကော့'

'ယွင့်တဲ့လား အဘိုး၊ ဒီနာမည်ကို ပုခက်ထဲမှာ ကြားဖူးသလားပဲ၊ နေပါဦး၊ အဘိုးဟာ မေချိုလီဝူတို့ရဲ့ မိတ်ဆွေဟောင်းကြီးလား'

'အဲဒါ ငါ မသိဘူးကွ'

'အဘိုးက တစ်သက်လုံး မညာပဲ ခုမှ ညာတော့မှာလားဗျာ'

'ငါ့ရာဇဝင်ကို ငါမဖျက်ပါဘူးကွ၊ မိတ်ဆွေဟောင်းဆိုတာ မှန်ပါတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ခုလိုမေးမိတာဟာ ယန်စင်းတဲ့ဂေဟာထဲက ရုပ်တုကြီးသုံးခုကို တွေ့ခဲ့လို့ပါ အဘိုး'

'ဘယ်သူ့ရုပ်တုတွေလဲကွဲ့'

―――▶▶―――



'ရှေးတုန်းက နာမည်ကျော်ကြားခဲ့တဲ့ ရှမ်းဟိုင်း သုံးဦးရဲ့ ရုပ်တုတွေပါ'

'ဪ. . . ဪ၊ လီဝူဟို့၊ ချာမင်နဲ့ ကူဝေ့တို့ မဟုတ်လား'

'ဟုတ်ပါတယ် အဘိုး'

'လီဝူဟို့ဟာ ကွယ်လွန်သွားသူဆိုတော့ ရုပ်တုထုထားတာ မှန်တယ်၊ ဒါပေမယ့် ချာမင်နဲ့ ကူဝေ့တို့ရဲ့ ရုပ်တုတွေက'

'ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာပါ အဘိုး၊ ခုထိတော့ အဖြေရှာမရသေးပါဘူး'

'ဆက်ပြောစမ်းပါကွာ'

'ဟုတ်ကဲ့၊ ဆရာမကြီး လီဝူဟို့ရဲ့ ရုပ်တုရှေ့မှာ သစ်သားဘူးလေးတစ်ဘူး ရှိနေတယ် အဘိုးရဲ့၊ ကျွန်တော်ယူပြီး ဖွင့်ကြည့်တော့ ကဗျာစာရွက်လေးတွေ တွေ့ရတယ်၊ ပထမဆုံးတွေတဲ့ စာရွက်ပေါ်မှာ လီဝူဟို့ ဆိုတဲ့ စာကြောင်းကို တွေ့ရတယ်၊ အဲဒီနောက်မှာ ကဗျာရှည်တစ်ပုဒ်၊ ကဗျာဆုံးတော့ ယွင့်ဆိုပြီး လက်မှတ်ထိုးထားတယ်. . .'

'မင်း သေသေချာချာ ဖတ်ကြည့်ခဲ့သလား'

'ဟုတ်ကဲ့၊ ဖတ်ကြည့်ခဲ့ပါတယ်'

'လက်မှတ်ရေးထိုးထားတဲ့ ယွင့်စာလုံးဟာ ငါ့နာမည် ယွင့်စာလုံးနဲ့ တူသလား'

'တူပါတယ် အဘိုး'

'ကျူးကော့ ဆိုတဲ့ စာလုံးကော ပါသလား'

―――▶▶―――

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ် မဖြေမိတော့။

ကဗျာစာကြောင်း အောက်မှ ယွင့်သည် ဤအဘိုးကြီးသာ
ကောန်ဖြစ်ပေလိမ့်မည်။

▲ ▲ ▲



## အခန်း (၁၄၀)

## အချစ်ကမ္ဘာ ခြားခဲ့သူ

အဘိုးကြီးကား ဘာစကားမျှ မပြောတော့ဘဲ အဝေးကို ငေးသလို ငေးနေလေပြီ။ သူ၏ နှလုံးသားလှုပ်ခတ်သံကို မင်းရင်ကြွယ် ကောင်းကောင်း ကြားနေရလေပြီ။

အတန်ကြာမှ အဘိုးကြီးအသံ ထွက်လာသည်။

'ငါတော့ ဒီလောက်ကြာကြာ သိမ်းဆည်းထားမယ် မထင်ခဲ့ပါဘူးကွာ'

'ဘာပဲဖြစ်ဖြစ် ဒီအထောက်အထားတွေဟာ သူတို့ရဲ့ သားသမီးတွေအတွက်တော့ အင်မတန် တန်ဖိုးရှိပါလိမ့်မယ်အဘိုး'

'အိမ်း... မင်းထင်သလို ဖြစ်နိုင်ပါတယ်၊ အဲဒီ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးကတော့ ဒီကဗျာစာရွက်လေးကြောင့် ထာဝရ ရင်နာ
ကြေကွဲနေပါလိမ့်မယ်ကွာ'

'ဘယ်လိုပြောလိုက်တာလဲ အဘိုးရယ်'

'ကျူးကော့ယွင် ဆိုတဲ့လူဟာ အဲဒီအမျိုးသမီးအပေါ်
မေတ္တာကြွေးတွေ ပေးစရာ ရှိနေလို့ပါကွာ'

'ကျွန်တော် သဘောပေါက်လာပါပြီ အဘိုး၊ ဒါပေမယ့်'

'မပြည့်စုံသေးဘူးလို့ ပြောချင်တယ် မဟုတ်လားကွ၊ မင်း
ဟာ တော်တော်သိချင်စိတ်ရှိတဲ့ သူငယ်ပဲ'

'ကျွန်တော် အဓမ္မ မတောင်းဆိုပါဘူး အဘိုးရယ်'

'ဟား ဟား. . . မင်းတော်တော် အပြောကောင်းတဲ့
ကောင်ပဲ၊ အရင်တုန်းက ငါနဲ့ အခု မင်းဟာ သိပ်မကွာလှဘူး၊
ဟားဟား. . . ကဲကဲ. . . မင်း ခုလိုလာတွေ့ရကျိုး နပ်သွားအောင်
နည်းနည်းတော့ ပြောပြဦးမယ်ကွ'

'ကျေးဇူးတင်ပါတယ် အဘိုး'

'ဒီလိုကွ၊ တစ်ချိန်တုန်းက ကျူးကော့ယွင့်ဆိုတဲ့ လူဟာ
သိုင်းလောကမှာ ထိပ်တန်းရောက် နံပါတ်တစ် သိုင်းသမား၊ အဲဒီ
ကျူးကော့ယွင့်နဲ့ နာမည်ကြီး မိန်းမချောတစ်ယောက်ဟာ တွေ့ဆုံ
ရင်းနှီးခဲ့ကြတယ်ကွ'

'ဟုတ်ကဲ့၊ အဲဒီမိန်းမချောဟာ မေချိုလီဝူတို့ မဟုတ်လား
အဘိုး'

'ဟုတ်တယ်၊ အဲဒီခေတ်အခါတုန်းကတော့ သူ့ကို ရှန်ဟိုင်





အိနီလို့ခေါ်ကြတယ်'

'ဟုတ်ကဲ့'

'အဲဒီ မိန်းမချောဟာ သိုင်းလောကတစ်ခုလုံးမှာ ရှိနေတဲ့
ယောက်ျားတွေကို ယောက်ျားလို့ မထင်မှတ်တဲ့ အမျိုးသမီးပဲကွ'

'ဒီနေရာမှာ အဘိုး အထင်မှားနေပြီဗျ'

'ဘာဖြစ်လို့လဲ'

'တစ်လောကလုံးမှာရှိတဲ့ ယောက်ျားတွေကို ယောက်ျားလို့
ထင်မှတ်တာဟာ သူ့နှလုံးသားထဲမှာ ကိန်းဝပ်နေတဲ့ ယောက်ျား
တစ်ယောက်ယောက် ရှိနေလို့ပါဗျာ'

'မင်း တော်တော်လာတဲ့ကောင်ပဲ၊ မှန်တယ်၊ မှန်တယ်၊
အဲဒီ မိန်းမချောဟာ ကျူးကော့ယွင့်ဆိုတဲ့ ငါ့ကို တဘက်သတ်
ချစ်ခင်နေခဲ့တာပဲကွ'

'ကဗျာစာအရတော့ အဘိုးကလည်း သူ့ကို ကြီးမားတဲ့
မေတ္တာ ထားခဲ့တာပါပဲဗျာ'

'ဟုတ်တယ် ကောင်လေးရဲ့ ငါ့မေတ္တာဟာ စာဖွဲ့မကုန်နိုင်
တဲ့မေတ္တာပဲ'

'အလေးအနက် ပြောရရင်တော့ အဘိုးရဲ့မေတ္တာဟာ အဲဒီ
တုန်းက လေးနက်သင့်သလောက် မလေးနက်ခဲ့ပါဘူးဗျာ၊ နှောင်
သာ. . .'

'မင်းရဲ့မေတ္တာ အယူအဆက တိကျသားပဲကွ ဟား
ဟား. . .'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ. . . ဒါပေမယ့် ကျွန်တော်ဟာ မေတ္တာကဲ ခေနေတဲ့ သူပါဗျာ'

'အိုး. . . မင်းစကားကို ငါမယုံပါဘူး၊ မင်းလိုလူကို မိန်းမချောလေးတွေက ရှောင်ကွင်းပြင်းပယ်နေပါ့မလားကွ'

'ကျွန်တော့်မျက်နှာကြောင့်လားအဘိုး'

'ငါသိပါတယ်ကွာ၊ မင်းမျက်နှာက ပကတိမျက်နှာ မဟုတ်ပါဘူး၊ အဆင့်မြင့်ရုပ်ပြောင်းပညာကို သုံးထားတဲ့ မျက်နှာပါကွ'

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားသည်။

အတန်ကြာမှ. . . .

'အဘိုးရဲ့ မျက်လုံးတွေဟာ အံ့ဩရလောက်အောင် စူးရှထက်မြက်နေတုန်းပါပဲလားဗျာ'

'မင်း ဝန်ခံမလား'

'ဝန်ခံပါတယ်၊ ကျွန်တော်ရုပ်ဖျက်ထားတာ အမှန်ပါ'

'မင်းလူကောင်းလေးပဲ၊ တော်တော်ချစ်ဖို့ကောင်းတဲ့ကောင်၊ အစက မင်းနဲ့ငါ ခုလို စကားလက်ဆုံ ကျလိမ့်မယ်လို့ မထင်ခဲ့ဘူးကွ၊ ခုတော့. . . ဟား ဟား'

အဘိုးကြီးသည် စောစောကနှင့် မတူတော့ဘဲ ကြည်လင်ရွှင်ပျလာသည်။

'ငါ မင်းအရွယ်လောက်တုန်းက ငါ့ချစ်သူနဲ့ ကတိသစ္စာပဝ ...များကြီး တိုင်တည်ခဲ့ကြတယ်ကွ၊ ဟင်္သာငှက်မောင်နှံလိုလည်း ကြည်နူးရွှင်မြူးခဲ့ကြတယ်ကွ၊ ဒါပေမယ့် ကိုယ့်နှစ်ဦးရဲ့ ပျော်ရွှင်



ကြည်နူးရမှုတွေဟာ ကြာကြာမခံခဲ့ပါဘူးကွာ'

အဘိုးအိုရဲ့ မျက်နှာသည် သိသိသာသာကြီး ညှိုးနွမ်းလာသည်။မင်ရင်ကြွယ်က ဘာမျှ ဝင်မစွက်ဘဲ ငြိမ်ပြီး နားထောင်နေသည်။

'ကံဆိုးချင်တော့ တစ်နေ့မှာ စာတစ်စောင် ရောက်လာခဲ့တယ်ကွ၊ အဲဒီစာဟာ ငါ့အပေါ် တော်တော်ဩဇာကြီးခဲ့တဲ့စာပဲ၊ အဲဒီစာ ဘယ်သူ့စာလဲ မင်း သိ... ...လားကွ'

'ဘယ်သိမလဲ အဘိုးရယ်'

'ငါ့အဖေ ရေးလိုက်ကဲ့စာပဲ'

'ကျွန်တော် သဘောပေါက်ပါပြီ၊ သိုင်းလောကမှာ ကျင်လည်နေတဲ့ အဘိုးကို အဘိုးအဖေက အိမ်ပြန်လာဖို့ ခေါ်လိုက်တဲ့စာမဟုတ်လား'

'မှန်တာပေါ့ကွာ၊ ငါ့အဖေ... စာရရချင်း အမြန်ပြန်လာဖို့ ခေါ်လိုက်တာပဲ'

'အဘိုးအဖေက အဘိုးကိုလွမ်းလို့ ခေါ်တာတော့ ဟုတ်ယ်မထင်ပါဘူးဗျာ'

'မင်း တော်တော်တွေးတတ်သားပဲ၊ အဖေခေါ်တာ ငါ့ကို လွမ်းလို့ မဟုတ်ဘူးကွ၊ မိန်းမပေးစားမလို့၊ ငါ အိမ်ကထွက်ခွာနေတုန်း သူ့မိတ်ဆွေရဲ့သမီးနဲ့ စေ့စပ်ခဲ့တာပဲ'

'စဉ်းစားရခက်တဲ့ ပြဿနာပဲ'

'အိမ်း. . . အဲဒီတုန်းက ငါဟာ ငါ့အဖေရဲ့ ...မှုကို

www.burmeseclassic.com

www.burmeseclassic.com



မနာခံလို့ မဖြစ်တဲ့ အခြေအနေပဲကွ'

'ဒါနဲ့ အဲဒီအမျိုးသမီးနဲ့ လက်ထပ်လိုက်ရရော မဟုတ်လား ဗျာ'

'အေး. . . ကလေးတစ်ယောက်တောင် ရခဲ့တယ် ဆိုပါ တော့ကွာ'

'ဖြစ်မှဖြစ်ရလေ အဘိုးရယ်'

မင်ရင်ကြွယ်သည် နှလုံးသားကြေကွဲမှုဒဏ်ကို ခံစားလိုက် ရဟန်နှင့် အသံတိမ်သွားသည်။

အဘိုးအိုက ရင်လှိုင်းသံနှင့် ဆက်ပြောသည်။

'အဲဒီတုန်းက ငါ့ရင်ထဲမှာ ဘယ်လိုခံစားနေရသလဲဆိုတာ ငါကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူးကွာ၊ အဖေပေးစားလို့ ယူခဲ့ရ ပေမယ့် ငါ လှိုက်လှိုက်လှဲလှဲ မချစ်ခဲ့ဘူး၊ စိတ်က သူ့ဆီပဲ ရောက် နေခဲ့တယ်၊ ဒါနဲ့ သားလေး တစ်လပြည့်တဲ့နေ့မှာ ငါ အိမ်က ထွက် ခဲ့တော့တာမဲ'

'အဘိုးက လီဝူတို့ကို လိုက်ရှာတာလား'

'အေး. . . ဒါပေမယ့် ငါ လီဝူဟို့ကို ရှာမတွေ့တော့ဘူး လီဝူဟို့ဟာ ငါ့ကို သစ္စာမဲ့သူဆိုပြီး သူ့အမြဲနေနေတဲ့ နေရာက ထွက်သွားခဲ့ပြီ၊ ဒါပေမယ့် ငါ ဇွဲမလျှော့ပါဘူး၊ မိုးအဆုံး မြေအဆုံး လိုက်ရှာခဲ့ပါတယ်၊ ဒီလိုနဲ့ ငါ့ရှာပုံတော်ခရီးဟာ နှစ်ပေါင်း ဆယ့် လေးငါးနှစ် ကြာခဲ့တယ်'

မင်ရင်ကြွယ်က ဝင်ထောက်သည်။



'အဘိုး အဲဒီလိုရှာဖွေနေရင်း နန်ဝှမ်းမှာ ချာမင်ဆိုတဲ့လူ နဲ့ ကူဇေ့ဆိုတဲ့လူကို တွေ့ခဲ့ရတယ်လား'

'ဟုတ်တယ်၊ နန်ဝှမ်း တောင်ပိုင်းဒေသမှာရှိတဲ့ တောလည် ကောင်မှာပဲ၊ အဲဒီတုန်းက ငါဟာ အဆိပ်သင့်ပြီး ဒုက္ခရောက်နေပြီ၊ ဘယ်လို ပြန်ကုကု ကောင်းတယ်လို့ကို မရှိဘူး၊ ချာမင်နဲ့ ကူဇေ့တို့ကို သာ မတွေ့ခဲ့ရင် ငါ့အသက် ခုထိ ရှင်နေမှာ မဟုတ်ဘူး'

'ဒါနဲ့ သူတို့က အဘိုးကို ထန်ချန်စန်းတောင်ပေါ်ကို ခေါ်ခဲ့ တယ်ပေါ့'

'ဟုတ်တယ်၊ အဲဒီတုန်းက ချာမင်နဲ့ ကူဇေ့ဟာ ငါ့အိမ်က ထွက်သွားတဲ့အခါမှာ အိမ်မှာကျန်ရစ်ခဲ့တဲ့ ဇနီးသည်ဟာ ငါ့ကို သိပ်စိတ်နာသွားသတဲ့၊ ဒါကြောင့် သူပါ အိမ်ကထွက်သွားသတဲ့၊ ငါ့ရည်းစား၊ ငါ့ချစ်သူဟောင်းကလည်း ငါ့ကိုရှောင်တိမ်းသွားရင်း က ငါ့အတွက် ငါ့ရင်သွေးလေးတစ်ယောက်မွေးခဲ့သတဲ့၊ သူလည်း သမီးလေးမွေးပြီးကတည်းက အတော့်ကို မကျန်းမာဖြစ်နေခဲ့တယ် လို့ ပြောပြခဲ့ကြတယ်၊ ငါ့အဖြစ်ဟာ ဘယ်လောက်ကြေကွဲစရာ ကောင်းသလဲ လူကလေး၊ တကယ်တော့ ဘယ်သူမပြု မိမိမှုပေပဲပေါ့ ကွာ'

မင်ရင်ကြွယ်သည် ခေါင်းတညိတ်ညိတ် လုပ်နေရင်းက အလွန်အံ့အားသင့်သွားသည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄၁)

## ရင်ထဲက ဝမ်းသာမျက်ရည်

'ဒီလိုဆိုရင် ထန်းရှန်းဂိုဏ်းချုပ် အမျိုးသမီးကြီးက အဘိုးရဲ့ သမီး ဖြစ်နေပြီပေါ့'

ဟုတ်တယ် ငါ့သမီးပဲ၊ သူက ငါ့ရောဂါကို ကုပေးခဲ့တယ် သူ့အပေါ် သစ္စာမဲ့သူဆိုပြီး မပစ်ပယ်ခဲ့ဘူး၊ ငါ့ရောဂါကို ဂရုတစိုက် နဲ့ ပျောက်ကင်းအောင် ကြိုးစားကုပေးတယ်၊ ငါသဘောပေါက်လာ တာကတော့ သူ့အမေ လိဝှုယ်ဟာ ငါ့ကို ခါးခါးသီးသီး မမုန်းဘူး ဆိုတာပဲ၊ ဒါမှမဟုတ် ဒီအကြောင်းတွေကို သူ့သမီးကို မပြောဘဲ ဖုံးကွယ်ထားခဲ့တာလဲ ဖြစ်နိုင်တယ်၊ အဲဒါနဲ့ ငါ့ရောဂါသက်သာလို့ သက်ရှိထင်ရှား ရှိနေသေးတဲ့ ဇနီးသည်နဲ့ သားလေးကို ပြန်ရှာဖို့

▸▸



ဆုံးဖြတ်ပြီး ထွက်ခွာမယ်လည်း ကြံရော သူလည်း စိတ်ပြောင်းသွား ပါလေရောကွာ'

'ထန်းရှန်းဂိုဏ်းချုပ်က အဘိုးကို ဒီမှာ ချုပ်နှောင်ထားပြီး သိုင်းကျမ်း တောင်းလာတာ မဟုတ်လား'

'ဟုတ်တယ်၊ ဒါလည်း ငါ့အပြစ်ပါပဲကွာ၊ ငါက သိုင်းကျမ်း အကြောင်း ပြောပြခဲ့မိတာကိုး၊ ငါက အဲဒီသိုင်းကျမ်းကို နှပ်ဂုမ်းဂ ရခဲ့တာကွ'

'ဒီလိုဆိုရင် သမီးတစ်ယောက်ရဲ့ ယုယပြုစုမှုဟာ ညှိုး ပန်းနိုပ်စက်ပြီး ချုပ်နှောင်ထားတာလားဗျာ'

'ဟားဟား. . . ဒီလိုလုပ်လို့ သူ့ကို ငါအပြစ်မတင်ပါဘူး ကွာ၊ ငါ ခံစားထိုက်တဲ့ဒုက္ခကို ခံစားနေရတာလို့ပဲ သဘောထား ပါတယ်၊ ငါ့ကြောင့် သူ့အမေ လိဝှုယ် ခံစားရတဲ့ဒုက္ခဟာ ငါ ခုခံစားရတဲ့ ဒုက္ခထက်ပိုပြီး နက်ရှိုင်းကြီးမားရှာပါတယ်ကွာ'

အဘိုးအို၏အသံက ရင်နင့်သံပါလာသည်။

မင်ရင်ကြယ်ကား အဘိုးအို၏အမြင်ကို လက်မခံနိုင်ပေ။

'ဘာပဲဖြစ်ဖြစ် အဘိုးကို အခုလို အနိုင်ကျင့်နေတာဟာ သမီးတစ်ယောက်ရဲ့အလုပ်လားဗျာ၊ သမီးတစ်ယောက်အနေ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လား အဘိုးရယ်'

'ငါက သူတို့သားအမိအပေါ် သစ္စာမဲ့ခဲ့မိပြီကိုးကွ'

'လိဝှုယ်က အဘိုးကို မုန်းသွားတာမှ မဟုတ်ဘဲ'

'အေး. . . သူမမုန်းပေမယ့် သူ့သမီးကတော့ မုန်းမှာပေါ့

▸▸

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ သူ့အမေရဲ့ ဒုက္ခဝေဒနာအတွက် တုံ့ပြန်တာ ဖြစ်မှာပေါ့ဟားဟား'

အဘိုးအိုသည် ရယ်စရာ မဟုတ်ပါပဲ၊ ရယ်မောနေပြန်တော့သည်။

မင်းရင်ကြွယ်ကား ကျေနပ်ခြင်း မရှိချေ။

'အဘိုးက သူ ဒီလိုလုပ်ထားတာကို မှန်တယ်လို့ ထင်သလား သူ မကျေနပ်ရင် အဘိုးကို အဖေလို့ အသိအမှတ်မပြုဘဲ နေရုံပဲရှိပါတယ်၊ ခုလိုတော့ အကြာကြီးချုပ်နှောင်ပြီး ညှဉ်းပန်းနှိပ်စက်ဖို့ မကောင်းပါဘူး'

'ဒီလိုလုပ်လို့ သူ့ကို အပြစ်မမြင်ပါဘူးကွာ'

'ဒီလိုဆိုရင် အဘိုးက သိုင်းကျမ်းကို ဘာဖြစ်လို့ ထုတ်မပေးလဲ'

'အိမ်း. . . ဒါ မေးသင့်မေးထိုက်တဲ့မေးခွန်းပဲ၊ သူကိုယ်တိုင် ငါ့ဆီကို နှစ်ကြိမ်တိုင်တိုင်လာပြီး သိုင်းကျမ်းပေးဖို့ တောင်းကယ်ကွ၊ ပထမတုန်းကတော့ ပေးဖို့ စဉ်းစားခဲ့ပါသေးတယ်၊ ဒါပေမယ့်. . .'

'ဒါပေမယ့် ဘာဖြစ်သလဲ အဘိုး'

'သူ့ရဲ့ လုပ်ပုံကိုင်ပုံတွေက မထင်မှတ်ဘဲ ဆိုးရွားလာတယ်ကွ၊ ဒါကြောင့် ထုတ်မပေးခဲ့တာ၊ နောင်လည်း ဘယ်တော့မှ ပေးမှာမဟုတ်ဘူး၊ သူ့လုပ်ပုံတွေက ငါ့သမီး ဟုတ်ချင်မှ ဟုတ်မှာပါကွာ'

အဘိုးအို၏အသံသည် နာကျည်းရွံမုန်းသံ ပါလာပြန်



သည်။

မင်းရင်ကြွယ်က. . .

'ချာမင်နဲ့ ကူဝေ့တို့က ဒီကိစ္စကို မစွက်ဖက်ကြဘူးလား'

'သူတို့ တူမလေးပဲကွာ'

'ဒီလိုဆိုရင် သူတို့နှစ်ယောက်ရဲ့ အမှန်တရား မြတ်နိုးမှုနဲ့ တရားမျှတမှုဆိုတာ'

'ကောင်လေးကလည်းကွာ၊ ဘယ်သူဖြစ်ဖြစ် သူတို့နှစ်ယောက်ကို အပြစ်မတင်သင့်ဘူးကွ'

'ကျွန်တော်တော့ ဘဝင်မကျဘူးဗျာ၊ မတရားဘူး မမှန်ဘူးဆိုရင် ဝင်စွက်ဖက်ရမှ ကျေနပ်တယ်'

'ဒါက ငါ့ကိုယ်ရေးကိုယ်တာပါကွ'

'ကျွန်တော်ကတော့ မတရားမှုလို့ပဲမြင်တယ် အဘိုး'

'မင်း ဝင်မစွက်ဖက်ချင်စမ်းပါနဲ့ကွာ'

'ကျွန်တော် အမှန်တွေ ပြောနေတာပါ အဘိုး၊ တရားဘက်တော်သားဆိုတာ. . .'

'မိုက်ရူးရဲကို သတ္တိရှင်လို့ မခေါ်ဘူးကွ၊ သူတို့နဲ့ မင်းနဲ့ လက်ရည်တူတာမှ မဟုတ်ဘဲ'

'သူတို့ကို တိုက်ကွက်ပေါင်း ငါးဆယ်ကျော်အောင် မတိုက်ရပါဘူး အဘိုးရယ်၊ ကျွန်တော့်စွမ်းရည်ကို ကျွန်တော် ယုံပါတယ်'

'ဘာပြောဘယ်ကွ'

အဘိုးအိုက မျက်လုံးပြူးပြီး တအံ့တဩ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်က. . .

'အဘိုး မယုံဘူးလား'

'ငါတောင် ခုထိ သိုင်းအားကောင်းနေသေးရင် သိုင်းကွက်တစ်ရာကျော်အောင် တိုက်ရမှာကွ၊ မင်းအသက်က ခုမှ ဘယ်လောက်ရှိသေးလို့လဲ၊ ချာမင်နဲ့ ကူဇွေ့ဆိုရင် ဝါရင့်ပညာရှင်တွေက၊ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်းတွေလို့တောင် ဆိုနိုင်လောက်ပြီ'

'ကျွန်တော် မငြင်းချင်ပါဘူး အဘိုး၊ ဒါပေမယ့် အဘိုးကြားဖူးလိမ့်မယ် ထင်ပါတယ်'

'ဘာကိုလဲ. . .'

'ချိုးအော်စိန်ကြွ-နတ်ဘောက်ငါး၊ ဖေးလုံပါစို့-နဂါးလက်ရှင်ဘက်၊ နော်က်ပြီး ကျင့်ထန်ကြည်-လက်ညှိုးတိုက်ကွက်'

'ကြားဖူးတယ်၊ နှစ်ပေါင်းတစ်ရာအတွင်းမှာ ပြိုင်ဘက်ကင်းတဲ့ မဟာတိုက်ကွက်ကြီးသုံးမျိုးပဲ၊ ဘာလဲ မင်း အဲဒါတွေ တတ်နေသလား'

'ကျွန်တော် မကြွားပါဘူး အဘိုး၊ ဆယ်ပုံအားလိုင်းအပြည့် အထိ ကျွန်တော် တတ်ကျွမ်းထားပါတယ်'

'ဒီလိုဆိုရင် လက်တွေ့လုပ်ပြစမ်းကွာ'

'ရပါတယ် အဘိုး၊ အဘိုးသာ သတိထားပြီး နေပါ'

မင်ရင်ကြွယ်သည် မြေကြီးပေါ် ဒူးထောက် ထိုင်လိုက်ပြီး အဘိုးအို၏ခြေထောက်ကို ချည်နှောင်ထားသည့် သံကြိုးအား





ဓားသွားနှင့် ခုတ်ချလိုက်သည်။

သံချင်းထိသည့် အသံကြီး မြည်ဟိန်းသွားပြီး သံကြိုးကြီး ထက်ပိုင်းပြတ်သွားသည်။

အဘိုးအိုသည် အံ့အားသင့်သွားပြီး မျက်လုံးပြူးနေတော့သည်။

'နှစ်မျိုးကျန်သေးတယ် အဘိုး၊ စမ်းပြရဦးမလား'

'တော်ပြီ၊ မင်း ဆရာက. . .'

'ချန်ဟိုစန့်'

အဘိုးအို ထိုင်ရာမှ ထခုန်တော့သည်။

'မင်း မင်း ချန်ဟိုစန့်ရဲ့ တပည့်ရင်း'

'ဟုတ်ပါတယ်'

'ဒီလိုဆိုရင် ဖန်ချိုကိုလည်း သိကယ်ပေါ့'

'အဘိုးလည်း ဝန် ဆိုတာကို သိမှာပေါ့'

'အေး. . .'

'သူကျေးဇူးရှင်ဟာ အဘိုး မဟုတ်လား'

'နေဦး၊ မင်းရဲ့ နာမည်ရှေ့မှာ မိသားစုမျိုးရိုးအမည် မင် ပါနေတယ်'

'ကျွန်တော့်နာမည်က ဝန်ရင်မော်၊ ဒါကို စာလုံးတူ အသံတူအောင် ပြောင်းပြီး ကိုယ့်ဘာသာကိုယ် မင်ရင်ကြွယ်လို့ မှည့်လိုက်တာပါ'

အဘိုးအို၏မျက်နှာသည် ဝင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအရောင် ပိုတောက်လာသည်။

'ဒီလိုဆိုရင် မင်းရဲ့ မွေးဇာတာဟာ. . .'

အဘိုးအိုက မွေးရက်၊ မွေးလနှင့် မွေးချိန်ကို ရေရွတ်
သည်။

မင်ရင်ကြွယ်က ခေါင်းညိတ်ပြပြီး. . . . .

'အဲဒီ နှစ် ရက် မွေးလတွေဟာ ကျွန်တော့်မွေးလနှစ်ရ
တွေပါ'

'ဟော. . .'

အဘိုးအိုသည် မင်ရင်ကြွယ်ကို ငေးပြီး စိုက်ကြည့်နေ
သည်။

အတန်ကြာမှ. . .

'မင်း ရင်ဘတ်ကို ဖွင့်ပြဦး'

'မလိုတော့ပါဘူးခင်ဗျာ၊ ရင်ဘတ်ပေါ်မှာ မှဲ့နီကြီးတစ်လုံ
ရှိနေပါတယ်'

မင်ရင်ကြွယ်သည် ရင်ထဲ တလှိုက်လှိုက်ဖြစ်နေ
မျက်ရည်များ ဝဲနေတော့သည်။

ထို့နောက် အဘိုးကို ရှိုသေစွာ ရှိခိုးကန်တော့ တော့သည်

'နေပါဦး အဲဒီမှဲ့ကို ပြစမ်းပါဦး'

မင်ရင်ကြွယ်က မှဲ့ကိုကော မျက်နှာဖုံးစွပ်ကိုပါ ခွာ
သည်။ ထို့နောက် မျက်နှာဖုံးစွပ်ကို အသေအချာ ပြန်တပ်သည်။

အဘိုးအိုသည် မင်ရင်ကြွယ်ကို စိုက်ကြည့်နေရင်း



ျက်ရည်ဝဲနေပြီ။

သူ၏ မျက်ရည်သည် ဝမ်းသာကြည်နူးမှု၏ မျက်ရည်များ
တကား။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄၂)

## နောက်ဆုံးတွေ့ဆုံခြင်း

'သား သား၊ ငါ့သား လူလေး'

'အဖေ. . .'

သူတို့နှစ်ယောက်သည် အတန်ကြာအောင် ငြိမ်သွားကြပြန်သည်။

စိတ်လှုပ်ရှားနေမှုများကို ထိန်းသိမ်းပြီးသောအခါမှ. . .

'သား လူလေး၊ ငါဟာ မင်းအပေါ်မှာရော၊ မင်းအမေအပေါ်မှာပါ တာဝန်မကျေခဲ့ပါဘူးကွာ၊ ခုပို ပြောနိုင်တာကိုပဲ ငါ့ ကျေနပ်ပါပြီ၊ ငါ မသေခင် မင်းကို သိုင်းကျမ်း ပေးခဲ့ပါမယ်၊ ဒီသိုင်းကျမ်းဟာ မင်းအတွက် ရည်စူးထားတဲ့ သိုင်းကျမ်းပါ'



'ပြောပါ အဖေ၊ ပြောပါ'

'အေးအေး၊ ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာလိုက်တာ၊ ကဲ. . . သေသေချာချာ နားထောင်၊ နန်ဝှမ်းဒေသမှာ ယင်းချိုကျန်း သိုင်းဂုဏ်မိုင် ရေတံခွန်ကြီးရှိတယ်၊ အဲဒီရေတံခွန်ကြီးနဲ့ လိုဏ်ဂူကြီး သုံးခုရဲ့ တတိယမြောက်လိုဏ်ဂူထဲမှာ ကျောက်ဖျာခုတင်ကြီးရှိတယ်၊ အဲဒီ ကျောက်ဖျာခုတင်ကြီးရဲ့အောက်မှာ သိုင်းကျမ်းရှိတယ်၊ မှတ်မိပြီလား. . .'

'မှတ်မိပါတယ် အဖေ၊ လောလောဆယ် အရေးကြီးတာက အဖေ့ကို ဒီလိုဏ်ဂူထဲက ကယ်ထုတ်ဖို့ပါ'

'အဲဒါကို အသာထားဦး၊ ငါဟာ လူပြည်မှာ ကြာကြာနေရတော့မှာ မဟုတ်ဘူး၊ ဒါကို ငါ သိနေတယ်၊ ခုတောင် စိတ်တင်းထားလို့ ခုထိခံနေတာ လူလေးရဲ့၊ ခုတော့ ငါတွေ့ချင်တဲ့ ငါ့သားကို တွေ့ရပြီ၊ ချန်ဟိုစန့်ရဲ့ တပည့်မှန်းလည်း သိရပြီ၊ ဒါကြောင့် ငါပြုံးပြုံးလေး သေရပါပြီကွယ်'

မင်ရှင်ကြယ်သည် စကားပြောချင်လွန်း၍ နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်နေ၏။

သို့သော် သူ့အဖေ အဘိုးအိုဟာ သူ့ကို ပြောခွင့်မပြုဘဲ သူပြောလိုရာကိုသာ ဆက်ပြောသည်။

'နေဦးလူလေး၊ ငါ့မှာ အရေးတကြီး ပြောစရာတွေ ရှိနေသေးတယ်၊ ထန်းရှန်းဂိုဏ်းချုပ် လီအောင်ရွှဲဟာ မင်းရဲ့အစ်မပဲ၊ ဒါကြောင့် ငါ့ကိုချုပ်နှောင်ညှဉ်းပန်းတဲ့ကိစ္စနဲ့ သူ့ကို အငြိုးရာယ်

www.burmeseclassic.com

www.burmeseclassic.com



မပြုရဘူး၊ တစ်ခုတော့ရှိတယ်၊ အများအကျိုးနဲ့ယှဉ်တဲ့ သိုင်းလောကကြီးတစ်ခုလုံးနဲ့ ပတ်သက်ရင်တော့ မင်းသဘောအတိုင်း လုပ်နိုင်တယ်'

မင်းရင်ကြွယ်က ခေါင်းညိတ်ခေါင်းခါ မပြုချေ။ သူ့အလောတကြီး ပြောလာသည်ကား. . .

'အဖေ. . . ခု ထန်းရှန်းဂိုဏ်းက ဆရာကြီးချာမင်နဲ့ ကူဝေ့တို့ ပျောက်နေတယ်၊ ဂိုဏ်းချုပ်ကလေးလည်း မရှိဘူး၊ သူတို့လည်း အဖေ့လို အချုပ်ခံနေကြရပြီလား မသိဘူး. . .'

'ဟင်. . . တကယ်လား လူလေး. . .'

'သား. . . ညာမပြောပါဘူး အဖေ'

'သူ့စိတ်ဓာတ်တွေ ဘာဖြစ်လို့ ဒီအထိတောင် ပြောင်းလဲနေတာလဲ'

'အဖေရင်းကိုတောင် ညှဉ်းပန်းချုပ်နှောင်ထားရဲသေးတာပဲ အဖေရယ်၊ တစ်ခြားလူတွေတော့ ဘယ်ပြောဖွယ်ရှိတော့မလဲ'

'ဒီလိုဆိုရင် မင်း ဘယ်လိုလုပ်ချင်သလဲ'

'အရေးကြီးတာက သိုင်းလောကရဲ့ အဖြစ်အပျက်တွေကို အဖေသိဖို့ လိုပါတယ်၊ အဲဒါတွေ သိပြီးမှ အဖေဆုံးဖြတ်ပါ'

မင်းရင်ကြွယ်သည် ဝန်ရင်မော် အဆိပ်ခတ်ခံရသည့် ပြဿနာမှစပြီး အဖြစ်အပျက် အလုံးစုံကို ပြည့်စုံအောင် ပြောပြတော့သည်။

အလွန်ရှည်လျားသော အဖြစ်အပျက်များကို နားထောင်



နေသည့် အဘိုးအိုသည် မင်းရင်ကြွယ် စကားဆုံးသွားသည်နှင့် သက်ပြင်း တဟင်းဟင်း ချမိတော့သည်။

'လူလေး. . . ဒီလိုဆိုရင် ကျိုကုံးချွင်ရဲ့အိမ် မီးရှို့ခံရတာကို ထန်းရှန်းဂိုဏ်းချုပ် လီအောင်ရွှဲ့ရဲ့ လက်ချက်လို့ ထင်သလား'

'အဆုံးအဖြတ် မပေးနိုင်သေးပါဘူး အဖေ၊ ထင်ရုံပဲရှိပါသေးတယ်'

'ဘုရား၊ ဘုရား တော်တော်မိုက်ရိုင်းတဲ့ မိန်းကလေးပေကိုး၊ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်းရင် လက်မဆိုတဲ့ စကားလည်း ရှိသားပဲကွ၊ ငါ အဆုံးအဖြတ် မပေးတော့ပါဘူး၊ လူလေး ဆောင်ရွက်သင့်သလို ဆောင်ရွက်ပါ'

'ကျွန်တော့်သဘောကတော့ အဖေ့အပေါ် ထားနေတဲ့ စိတ်တွေ ပြောင်းလဲသွားမယ်၊ သိုင်းလောကကြီး တစ်ခုလုံးကိုလည်း ဒုက္ခမပေးတော့ဘူး၊ အမှားကိုမြင်ပြီး အမှန်ကို ပြင်မယ်ဆိုရင်တော့ ကျွန်တော့်အစ်မပါလို့ မသိအမှတ်ပြုမှာပါ အဖေ'

'အဲဒီအတိုင်း ဖြစ်ပါစေလို့ အဖေလည်း ဆုတောင်းပါတယ် သားရယ်၊ အဖေ ဆုတောင်းပါတယ်'

မင်းရင်ကြွယ်သည် ခုမှ ဝမ်းနည်းကြေကွဲမှုများ၊ နက်ရှိုင်းလာသဖြင့် ချုံးပွဲချပြီး ငိုကြွေးတော့သည်။

မင်းရင်ကြွယ်သည် 'ကျုံးကောဟွင့်ကို အားရပါးရ ဖက်ထားရာမှ၊ ဦးချပြီး တန်တော့လိုက်သည်။

'ကျွန်တော် ပြန်လာတာကို အားတင်းပြီး စောင့်ပါအဖေ၊

www.burmeseclassic.com

www.burmeseclassic.com



သားဆောင်ရွက်ပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့ပါမယ်'

'အပင်ပန်းခံမနေပါနဲ့တော့ သားရယ်၊ ဖေဖေဟာ ကြာကြာမနေရ. . . ရ. . . တော့'

ကျုံးကော့ယွင့်သည် စကားတိုပင် ဆုံးအောင် မပြောနိုင်ခဲ့ပေ။

မင်ရင်ကြယ်ကို ငေးကြောင်ကြောင် စိုက်ကြည့်နေရာမှ ခွေခနဲ လဲကျသွားတော့သည်။

သားကို အားတင်းမာန်ခဲပြီး စောင့်နေသော ကျုံးကော့ယွင့်သည် စိတ်အား လျှော့ချလိုက်သည်နှင့် မျှော့ခွေကာ ကွယ်လွန်သွားခဲ့လေပြီ။

စိတ်ဇောအဟုန်သည် အံ့ဩစရာကောင်းအောင် ကြီးမားဆန်းကြယ်လှသည်တကား။

မင်ရင်ကြယ်သည် ကျုံးကော့ယွင့်ကို ပွေ့ဖက်ပြီး အားရပါးရ ငိုချလိုက်မိတော့သည်။

'အဖြစ်ဆိုးလှချည်လား အဖေရယ်၊ ဖေဖေဟာ သားတို့ စောင့်နေခဲ့တာကို၊ သား ရင်ကွဲပါပြီဗျာ၊ ရင်ကွဲပါပြီ'

မင်ရင်ကြယ်သည် အရူးကြီးလို ငိုကြွေးနေတော့သည်။

အတန်ကြာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး တဟုန်ထိုးပြေးထွက်ခဲ့တော့သည်။

လိုက်ဂူအပြင်သို့ ရောက်ရှိသောအခါ ညာသံပေးပြီး စိုင်းလာသည့် ခရမ်းရောင် အကျီဝတ်များကို တွေ့ရတော့သည်။

──▸▸──



သို့သော်. . .

မင်ရင်ကြယ် နောက်တွန့်မသွားပါ။

ဘဝ၏ ပြင်းထန်သော ဝေဒနာ ခံစားမှုကြောင့် ဒေါသဆိပ် ယ်ထိပ်တက်နေပြီ။

ထို့ကြောင့်

ရှီးအော်စိန်ကြဲ နတ်လက်ဝါးတိုက်ကွက်ကို အသုံးပြုပြီး ကြိမ်း ထိုးဖောက်ထွက်တော့သည်။

ကြောက်လန့်တကြား အော်ဟစ်သံများ၊ ခြေပြတ်လက်တ်များ၊ သွေးကွက်များ စသည်တို့ကိုသာ မြင်လိုက်ရသည်။

ဘယ်သူတွေ ဘယ်လိုဖြစ်သွားကြသည်ပင် မသိတော့။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄

## မကျေပွဲသို့ ခြေတစ်လှ

မင်းရင်ကြွယ်သည် နောက်ကြောင်းကို လုံးလုံးလျ
မကြည့်တော့ချေ။

ရှေ့ကိုသာတိုးပြီး ပြေးနေသည်။

မကြာမီ ကျူးဟိုဖုန်းတောင်ပေါ်မှ နီကျင့်ကျင့် မီးရေ
ကို မြင်ရသည်။

ထိုမှ ဆီးပန်းချောင်စခန်းအတွင်းသို့ ပြေးလာခဲ့ပြန်သ
အစောင့်အကြပ်များကို ရှောင်တိမ်းရင်း ပညာကုန် သုံးနေရသ

သို့နှင့် ယီလူရှိရာ အဆောင်ခန်းသို့ရောက်လာသည်

တံခါးပေါက်ရှိရာ မသွားဘဲ ပြတင်းပေါက်ရှိရာ
သည်။

▶▶



ပြတင်းပေါက်နား ရပ်မိသည်နှင့် 'ဝှမ်ယီလူ ဝှမ်ယီလူ'
ု ခေါ်လိုက်သည်။

'ဘယ်သူလဲ'

ဝှမ်ယီလူ၏ ထိတ်ထိတ်လန့်လန့် မေးသံပေါ်လာသည်။

'ကျုပ်ပါ ဝှမ်ယီလူ၊ မင်းရင်ကြွယ်၊ မင်းရင်ကြွယ်'

သိပ်မကြာပါ၊ ပြတင်းတံခါး ပွင့်လာသည်။

မတ်တပ်ရပ်ပြီး ငေးကြောင်နေသော ဝှမ်ယီလူကို တွေ့ရ
သည်။

မင်းရင်ကြွယ်သည် ပြတင်းပေါက်ဝမှ ကျော်ဝင်ပြီး တံခါး
ို ပြန်ပိတ်လိုက်သည်။

လှည့်ကြည့်လိုက်သောအခါ ထိတ်လန့် တုန်လှုပ်နေသော
မ်ယီလူကို မျက်ရည်ဝိုင်းလျက် တွေ့ရသည်။

ဝှမ်ယီလူသည် ထိတ်လန့်ချောက်ချားနေရာမှ ဝမ်း
ြောက်ဝမ်းသာ ဖြစ်လာသည်။

'သူရဲကောင်းကြီးမင်'

'ဟုတ်ပါတယ်၊ ကျုပ် မင်းရင်ကြွယ်ပါ'

'ကျွန်မ သိပ်ဝမ်းသာသွားပြီ၊ ကဲ. . အထဲဝင်ပါ၊ အေးအေး
ဆေး ပြောကြတာပေါ့'

'မထိုင်တော့ဘူး ဝှမ်ယီလူ၊ နှင်းအဆောင်ကို သွားချင်
ယ်'

'လူ လာနေပြီ'

▶▶

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်က အခန်းထောင့်တစ်နေရာသို့ ကပ်သွားသည်။ မကြာမီ ခြေသံကြားရသည်။

အခန်းဝင်ပေါက်နားတွင် ရပ်သွားသည်။

'ဘယ်သူလဲ'

ဝှမ်ယိလူက ထိတ်ထိတ်လန့်လန့် လှမ်းမေးသည်။

'စွန်းပုရှောက်'

ဝှမ်ယိလူအား မင်းရင်ကြွယ်က 'ဖွင့်ပေးလိုက်' ဟူသည့်သဘောနှင့် မေးငေါ့ပြီး ခေါင်းညိတ်ပြသည်။

ဝှမ်ယိလူသည် တံခါးရှိရာ ပြေးသွားပြီး ပိတ်ထားသောမင်းတုပ်ကို ဆွဲဖွင့်လိုက်သည်။

တံခါးပွင့်သည်နှင့် စွန်းပုရှောက်ကို တွေ့ရသည်။

စွန်းပုရှောက်သည် ဝှမ်ယိလူကို စိုက်ကြည့်ပြီး အခန်းထဲလှမ်းဝင်သွားသည်။

ဝှမ်ယိလူက တံခါးကို ချက်ချင်း ပြန်ပိတ်လိုက်သည်။

ထိုအချိန်၌ စွန်းပုရှောက်နှင့် မင်းရင်ကြွယ်တို့ မျက်နှာချင်းဆိုင်မိကြလေပြီ။

စွန်းပုရှောက်သည် မင်းရင်ကြွယ်ကို တွေ့သည်နှင့် အံ့ဩထိတ်လန့်သွားသည်။

'ခင်ဗျား မသေသေးဘဲကိုး'

'ဟုတ်တယ်၊ ခင်ဗျားအမြင်ပဲ'

'နေပါဦး၊ ခင်ဗျား ချောက်ထဲကျသွားတာ မဟုတ်လား'



'ချောက်ထဲကျခဲ့ရင် အရိုးအသားတောင် ရှာလို့တွေ့ပါ့မလား။ ကျုပ်က ခြေရာဖျောက်ပြီး ဖူတိန့်ဆန်းကို သွားခဲ့တာဗျ'

'ဒီလိုဆိုရင်. . .'

'အဲဒီတောင်ထိပ် လိုဏ်ဂူထဲက အဘိုးအိုကိုတွေ့ပြီးပြီလေဗျာ'

ဟေးစီးစွန်းပုရှောက်သည် အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။

ထို့ကြောင့် နောက်ဆုတ်ပြီး ပြေးရန် မြင်သည်။

သို့သော် သူ့အကြံ မအောင်ပါ။

မင်းရင်ကြွယ်က ဖျတ်ခနဲ လှုပ်ရှားပြီး သူ့နောက်ကြောမှ ပခုံးသွေးကြောကို ဆုပ်ကိုင်ထားပြီးလေပြီ။

ဟေးစီး စွန်းပုရှောက်သည် ရှူးမဲ့သွားရာမှ လက်ဝါးစောင်းရိုက်ချက်ကို ထုတ်ပြီး တိုက်ခိုက်လာသည်။

သို့သော်. . . .

ထိုအကြံလည်း မအောင်မြင်ပါ။

မင်းရင်ကြွယ်က သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားပြီးပြန်လေပြီ။

ဟေးစီး စွန်းပုရှောက်သည် မင်းရင်ကြွယ်ကို မနိုင်သည်နှင့် ဝှမ်ယိလူကို မဲတော့သည်။

'ကောင်စုတ်မ၊ အတွင်းထရဲ အပြင်ကာပြီး သစ္စာဖောက်တယ်ပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် ဘာမျှ မပြောမနေတော့ဘဲ သူ့လက်ကိုသာ ညှပ်အားဖိပေးလိုက်သည်။

ဟေးစီး စွန်းပုရှောက်သည် တအင်းအင်းဖြစ်လာပြီး နဖူးတွင်ချွေးများ သီးထလာတော့သည်။

'ကျုပ်မေးတာဖြေ၊ ဆရာကြီးနှစ်ယောက်၊ စီးမင်ရှန်းနဲ့ မော်လင်တို့ကို ထိန်းသိမ်းထားသလား ပြော'

ဟေးစီး စွန်းပုရှောက်က မဖြေ၊ အံကြိတ်ပြီး တင်းခံနေသည်။

'ခင်ဗျား ခေါင်းမာသလား၊ မာ မှာ ခင်ဗျားရဲ့သွေးတွေ ပြောင်းပြန်စီးသွားစေရမယ်'

'မ. . . မလုပ်ပါနဲ့၊ ကျုပ် ပြော. . . ပြောပါ့မယ်'

'ပြောပါ'

'ဂိုဏ်းချုပ်ကြီးကို မေးကြည့်ပါ'

'ခင်ဗျား မသိလို့လား၊ ခင်ဗျားသိပြီးသားဆိုတာ ကျုပ်သိတယ်၊ ပြော'

'ကျုပ်ပြောလည်း အပိုပါပဲဗျာ'

'ဘာဖြစ်လို့လဲ'

'ဖြေဆေးက ဂိုဏ်းချုပ်ကြီး လက်ထဲမှာပါ'

'ဘာဖြစ်လို့ ဒီလိုထုပ်ထားရတာလဲ'

'သူ့ဆန္ဒကို ဆန့်ကျင်လို့'

'ဒါဖြင့် ဂိုဏ်းချုပ်ကြီးက သိုင်းလောကကို စိုးမိုးဖို့ ကြံနေ





ခဲ့ပဲပေါ့'

'ဟုတ်. . . ဟုတ်ပါတယ်'

'ယန်ကျိုးက ကျို့အိမ်တော်ကို မီးရှို့တာ သူ့ပဲ မဟုတ်လား'

'မဟုတ်ပါဘူး၊ ဝန်ရင့်မော်ဇနီး ရှို့ခဲ့တာပါ'

'ညာတုန်းပဲလားဗျ'

'အမှန်အတိုင်း ပြောနေတာပါ၊ မယုံတာတော့ ကျုပ်တတ်နိုင်ဘူး'

'ကဲ. . . ကြာတယ်၊ ကျုပ်ကို နှင်းအံဆောင်ကို လိုက်ပို့'

'ဘာလုပ်မလို့လဲ'

'ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့ စကားပြောမလို့'

'သူ့ရဲကောင်းကြီး မင်'

ဝှမ်ယိလူ အထိတ်တလန့် လှမ်းခေါ်သည်။ မင်းရင်ကြွယ် သဘောပေါက်ပါသည်။

'စိုးရိမ်မနေပါနဲ့ ဝှမ်ယိလူ၊ ကျုပ်က သူ့ခေါင်းထဲက သိုင်းလောကကို ဗိုလ်ကျစိုးမိုးချင်တဲ့ အကြံအစည်ကို ပြောင်းလဲခိုင်းမလို့ပါ၊ နောက်တစ်ခုက အချုပ်အနှောင်ခံထားရတဲ့လူတွေကိုပါ ပြန်လွှတ်ခိုင်းမလို့'

ဝှမ်ယိလူ စောဒက မတက်တော့ပါ။

မင်းရင်ကြွယ်သည် ဟေးစီး စွန်းပုရှောက်ကို ထပ်ပြောပြန်သည်။

'စွန်းပုရှောက် နှင်းအဆောင်ကို သွားနေချိန်မှာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သွေးကြောတွေကို ချုပ်ကိုင်ထားတယ်ဆိုတာ မမေ့ပါနဲ့၊ မေ့ရင် သေရပြီဆိုတာ သဘောပေါက်ပါ'

'ကောင်း. . . ကောင်းပါပြီ'

မင်းရင်ကြွယ်က ချုပ်ကိုင်ထားသောလက်ကို အသာဖြေ လွှတ်လိုက်သည်။

မကြာမီမှာပင် သုံးယောက်စလုံး အဆောင်ခန်းထဲမှ မင် သေသေ ထွက်လာခဲ့ကြသည်။

ဟေးစီး စွန်းပုရှောက်သည် ရှေ့ဆုံးမှ ဦးဆောင်သွားနေ ရင်း မကျေမနပ် ပြောနေသည်။

'လက်ဦးတုန်းတော့ နိုင်ထားဦးပေါ့ဗျာ'

'ဟဲဟဲ. . . ခင်ဗျားက တုံ့ပြန်ချင်သေးတာကိုး၊ အသက် ရှည်ချင်သလား၊ အသက်တိုချင်သလားဆိုတာ ကိုယ့်ဘာသာကိုယ် မေးနေစမ်းပါဗျာ'

ဟေးစီး စွန်းပုရှောက်သည် လွတ်လမ်းမမြင်သဖြင့် ခေါင်းငုံ့လျှောက်နေတော့သည်။

▲ ▲ ▲



## အခန်း (၁၄၄)

## သစ္စာမဲ့သူ

ဟေးစီး စွန်းပုရှောက်သည် ရှေ့ဆုံးမှသွားနေပြီး မင်းရင် ကြွယ်သည် သူ့နောက်မှ ကပ်လိုက်နေသည်။ ယိလူသည် မင်းရင် ကြွယ်နောက်မှ ဖြစ်သည်။

ဆီးပန်းချောင်ကို လွန်သောအခါ အရှေ့ဘက်မှ မီးလင်း နေသော အဆောက်အအုံတစ်ခုကို လှမ်းမြင်ရတော့သည်။

ထိုအဆောက်အအုံသည် ဖြူဖွေးနေသော ကျောက်သား များနှင့် ဆောက်ထားသဖြင့် အေးချမ်းပြီး လှပခန့်ညားနေ၏။

ပြောင်လက်နေသော အရောင်သည် လရောင်ထိုး အောက်မှရသည်။ ထိုအဆောက်အအုံသည် ရွှဲကုံးနှင့် အဆောင်

www.burmeseclassic.com



ပင်ဖြစ်တော့သည်။

လမ်းတစ်လျှောက်လုံးတွင် အစောင့်အကြပ် များစွာကို တွေ့နေရသော်လည်း ပြဿနာ မပေါ်ခဲ့ပါ။

အစောင့်အရှောက်များသည် ဟေးစီး စွန်းပုရှောက် ဦးဆောင်လာသဖြင့် တစ်ခွန်းတစ်ပါဒမျှ မေးမြန်းစုံစမ်းခြင်း မပြုကြပါ။

သို့နှင့် ခန်းညားထည်ဝါပြီး လှပလွန်းသည့် ကျောက်ဖြူဂေဟာကြီးထဲသို့ ဝင်မိခဲ့ကြသည်။

ဂေဟာကြီးအတွင်းရှိ ကျောက်လုံး၊ ကျောက်တိုင်ကြီးများသည် ဖော်းကြွရုပ်လုံးပန်းပုများ ထုလုပ်ထားသဖြင့် ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။

သူနေရာနှင့်သူ ရောင်စုံခြယ်မှမ်းမံထားသည့် ပန်းချီကားချပ်များနှင့် အခင်းအကျင်းများသည် နတ်နန်းဆောင်တစ်ခုလေလား အောက်မေ့ရသည်။

အတွင်းသို့ ဝင်မိပြီဖြစ်သော်လည်း လူဟူ၍ တစ်စုံတစ်ယောက်မျှ မတွေ့ရသေးချေ။

မင်းရင်ကြွယ်သည် စွန်းပုရှောက် အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်နေဆဲရှိသည်။ ဟေးစီး စွန်းပုရှောက်သည် ဧည့်ခန်းဆောင် အတွင်းပိုင်းသို့ လှမ်းကြည့်ပြီး-

'ခင်ဗျား ဒီမှာ ခဏစောင့်ပါ၊ ကျုပ် ဂိုဏ်းချုပ်ကြီးကို အကြောင်းသွားကြားဦးမယ်'





'ဟဲ ဟဲ. . . ဉာဏ်မများနဲ့ စွန်းပုရှောက် ဒီလို ကလိန်ကျလို့ ရမယ် ထင်နေသလား၊ တစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်'

ဟေးစီး စွန်းပုရှောက်သည် မငြင်းသာတော့ပေ။ မကျေမနပ်နှင့် အံကြိတ်ပြီး လှမ်းအော်ရတော့သည်။

'အစောင့်တစ်ယောက် လာခဲ့စမ်း'

အတွင်းပိုင်းမှ 'ဘယ်သူလဲ' ဟု အသံထွက်လာသည်။

မရှေးမနှောင်းမှာပင် ခန်းမဆောင် ထောင့်ချိုး တစ်နေရာမှ အကျီဖြူဝတ် မိန်းမပျိုတစ်ယောက် ပြေးထွက်လာသည်။

သူမသည် ဟေးစီး စွန်းပုရှောက်တို မြင်သည်နှင့် အံ့အားသင့်သွားဟန်ပြပြီး ပျာပျာသလဲ ဂါရဝပြုသည်။

'ဆရာကြီး ဟေးကို'

'ဟုတ်တယ် ဂိုဏ်းချုပ်ကြီးကို သတင်းသွားပို့'

ထိုစဉ် မင်းရင်ကြွယ်က ဝင်ပြောသည်။

'မိန်းကလေး၊ ဝန်ရင်မော်ရဲ့ အလောင်းကို ဆရာကြီးဟေး လာပို့နေကြောင်း အမြန်သွားပြောပါ'

ဟေးစီး စွန်းပုရှောက်က

'သွား၊ သွား၊ မြန်မြန်သွား' ဟု ဝင်ဝေါက်သည်။

အကျီဖြူ မိန်းမပျိုသည် ပျာပျာသလဲ အမှုအရာနှင့် လာရာလမ်းအတိုင်း ပြန်ပြေးသည်။

xxx

မင်းရင်ကြွယ်သည် ဟေးစီး စွန်းပုရှောက်၏ပခုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထိုင်ထားရင်း ဧည့်ခန်းဆောင်ကြီး၏ အခြေအနေကို အကဲခတ်နေသည်။

ဧည့်ခန်းဆောင် ခေါင်းရင်းတွင် ငွေသား ကုလားထိုင်ကြီးတစ်လုံးနှင့် ကျောက်သား ကုလားထိုင်များ ရှိနေသည်

ငွေသားကုလားထိုင်ကြီးသည် အလည်မှာ ရှိနေပြီး ကျောက်သားကုလားထိုင်များသည် ဝဲယာဘက် တစ်ဘက်တစ်ချက်အတိုင်း သူနေရာနှင့်သူ နှစ်လုံးစီ သုံးလုံးစီတွဲပြီး အစီအရီချထားသည်။

ခန်းလုံးပြည့် ခင်းထားသောအခန်းသည် အနီရောင် ကတ္တီပါ ဖြစ်သည်။

မျက်နှာကျက်မှ ဖန်မီးအိမ်များနှင့် ဖန်ပန်းဆိုင်များသည် ဧည့်ခန်းဆောင်၏ အလှကို ဆထက်ထမ်းပိုး တိုးနေစေသည်။

မကြာပါ။ ဧည့်ခန်းမကြီး ခေါင်းရင်းဘက်မှ ငွေတံခါးကြီး ပွင့်လာသည်။

ခရမ်းရောင် အင်္ကျီဝတ် လေးယောက်သည် ပထမဆုံးထွက်လာပြီး နေရာယူသည်။ ထို့နောက် ပိုးသားအင်္ကျီဖြူဝတ် မိန်းမချောကြီး ထွက်လာသည်။

မျက်နှာကို ပါးလွှာသော ဇာပုဝါအုပ်ထားသည်။ သူမဘေးတွင် ပိုင်းစီး ရွှေချန်ရိုး တပ်ပါလာသည်။

သူတို့နှစ်ယောက် ဘေးတွင်မူ ဓားလွတ်ကိုင် မိန်းကလေးဆယ်နှစ်ယောက်ကို ခြောက်ယောက်စီ ခွဲရပြီး လိုက်လာကြောင်း





တွေ့ရသည်။

ဂိုဏ်းချုပ်အမျိုးသမီးကြီး၏ နောက်မှ ပါလာသူများကား အင်္ကျီဝါဝတ် စည်းကမ်းထိန်းကြီး ဆယ့်ခြောက်ယောက်ဖြစ်သည်။

ဂိုဏ်းချုပ်အမျိုးသမီးကြီးသည် ကုလားထိုင်တွင် ဝင်မထိုင်ဘဲ မင်ရင်ကြယ်နှင့် မလှမ်းမကမ်းအထိ လျှောက်လာသည်။

တစ်ယောက်နှင့်တစ်ယောက် ငါးကိုက်အကွာလောက်တွင် ရပ်သွားသည်။

ထို့နောက် နောက်ပြန်ဆုတ်ပြီး ကုလားထိုင်တွင် ပြန်ထိုင်သည်။

သူမထိုင်သည်နှင့် အစောင့်အရှောက်များက ကိုယ့်နေရာကိုယ်ယူကြသည်။

ဤတွင် မင်ရင်ကြယ်က ဟေးစီး စွန်းပုရှောက်ကို ရှေ့ကို အသာတွန်းလိုက်သည်။

ခန်းမဆောင်ကြီးသည် ထူးခြားသော အခြေအနေကြောင့် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်နေသည်။

ဟေးစီး စွန်းပုရှောက်သည် စိတ်မော လူမော ဖြစ်နေရာမှ တောင် အစီရင်ခံသည်။

'ဂိုဏ်းချုပ်ကြီး ဟိုမှာရပ်နေတာ မင်ရင်ကြယ်ပါ'

ဟေးစီး စွန်းပုရှောက်၏အသံသည် တုန်ရင်နေသည်။

'ဒီလို ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားပြီးပါပြီ၊ ရှင်သူ့ကို ခေါ်တာလာက'



www.burmeseclassic.com

www.burmeseclassic.com



'သူ ဖုတိန့်ဖုန်း တောင်ထိပ်ကို သွားခဲ့လို့ပါ'

'ဘာ'

ဂိုဏ်းချုပ်ကြီး၏အသံ မာနေသည်။

'ဘေးဖယ်နေပါ'

ဟေးစီး စွန်းပုရှောက်သည် ကြောက်ကြောက်ရွံ့ရွံ့ဟန် နောက်ဆုတ်ပြီး ဘေးသို့ ကပ်သွားသည်။

ဂိုဏ်းချုပ်ကြီး၏ မျက်လုံးရောင်သည် တဖျပ်ဖျပ်တော နေသည်။ ဒေါသရောင်ပင် ဖြစ်လိမ့်မည်။

'ယိလူ ရှေ့ကို တိုးခဲ့'

ယိလူသည် အသံမပြုဘဲ ရှေ့ကိုထွက်သည်။ သို့ေ မင်ရင်ကြွယ်က တားထားသည်။

'ငြိမ်ငြိမ်နေပါ ဝှမ်ယိလူ၊ ကျုပ်စကားပြောပြီးမှ သွားလ ရပါတယ်'

ဂိုဏ်းချုပ်ကြီးက မင်ရင်ကြွယ်ကို စိန်းစိန်းကြည့်လေ

'အဲဒါ၊ ကျွန်မ လက်အောက်ကလူ၊ ရှင်ဘာဖြစ်လို့ ထ ထားရတာလဲ'

'အထူးမေးဖို့ မလိုအပ်ပါဘူး ဂိုဏ်းချုပ်ကြီး'

'ဟင်းဟင်း၊ ကျွန်မ သဘောပါက်ပါပြီရှင်၊ ဝှမ်ယိလူ ရှင့်လူပဲ၊ ရှင့်လူလို့လည်း ကျွန်မက ပြောခဲ့ဖူးပါတယ်၊ ဟင်းဟ . . . နေပါ၊ နေပါ၊ ရှင့်နားမှာပဲ တစ်ဖဝါးမှမကွာ နေပါစေ

ဝှမ်ယိလူသည် ရင်တထိတ်ထိတ်ခုန်ပြီး မျက်နှာတစ်

▶▶



လုံး နီရဲနေတော့သည်။

သူမ ခေါင်းမဖော်ရဲတော့ပါ။ ကြမ်းခင်းကိုသာ ငုံ့ပြီး ကြည့်နေမိတော့သည်။

ထိုစဉ် ဟေးစီး စွန်းပုရှောက်က ဒေါသသံနှင့် ကြမ်းကြမ်းတမ်းတမ်း လှမ်းပြောသည်။

'ဂိုဏ်းချုပ်ကြီး၊ ယိလူဟာ သစ္စာမဲ့မိန်းမယုတ်ပါ'

ဂိုဏ်းချုပ်ကြီးက ဟေးစီး စွန်းပုရှောက်ကို မျက်စောင်းလှမ်းထိုးသည်။

'ရှင့်ပါးစပ် ပိတ်ထားပါ၊ ရှင်မဟုတ်တာ လုပ်တာတွေကို မြန်ပြီး သတိရစမ်းပါ'

ဟေးစီး စွန်းပုရှောက် ခေါင်းမဖော်ရဲတော့ပါ။ ဤပြဿနာသည် မိမိကြောင့် ဖြစ်ပေါ်လာသော ပြဿနာပင်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄၅)

## ထန်းရှန်းဂိုဏ်းချုပ်

ထန်းရှန်းဂိုဏ်းချုပ်ကြီး လီအောင့်ရွှဲသည် မင်ရင်ကြယ်ကို စိန်းစိန်းကြီး စိုက်ကြည့်နေပြန်သည်။ အတန်ကြာမှ. . .

'သူရဲကောင်းမင်း၊ ရှင်က ကျွန်မကို တွေ့ချင်တယ်လား'

'ဟုတ်ပါတယ်'

မင်ရင်ကြယ်က လေးစားဟန်နှင့် တည်တည်ကြည်ကြည် ပြောသည်။

'ဘာကိစ္စကြောင့်လဲ'

'ဆွေးနွေးချင်တာနဲ့ မေတ္တာရပ်ချင်တာတွေ ရှိနေလို့ပါ'

'ပြောပါ၊ ဆန္ဒရှိသလို ပြောနိုင်ပါတယ်'

———▸▸———



'ဂိုဏ်းချုပ်ကြီးရဲ့ စေခိုင်းချက်နဲ့ပဲဖြစ်ဖြစ်၊ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်ပဲဖြစ်ဖြစ် ကျို့အိမ်တော်ကို မီးရှို့ခဲ့ပါသလား၊ အမှန် အတိုင်း ဖြေစေချင်ပါတယ်'

'ဟေးစီး စွန်းပုရှောက်က ပြောမပြခဲ့ဘူးလား'

'သူက ဝန်ရှင်မော့ဇနီး ရှို့တာလို့ ပြောပါတယ်'

'ဒါဖြင့် ကျွန်မကို ဘာဖြစ်လို့ ထပ်မေးနေတာလဲ'

'ဂိုဏ်းချုပ်ကြီးဟာ နာမည်ကျော် ရှန်းဟိုင်သုံးဦးထဲက မေချီလီဝူရဲ့သမီးတစ်ယောက်ပါ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီး နှုတ်ဖျားက အဖြေကိုသာ ကြားချင်ပါတယ်'

'ဒီလိုဆိုရင် ကျွန်မဖြေမယ်၊ ဝန်ရင့်မော်ဇနီးကိုယ်တိုင် ရှို့ခဲ့တာပါ၊ အဲဒါ အမှန်ပဲ'

'ဂိုဏ်းချုပ်ကြီးရဲ့စကားဖြစ်လို့ ကျုပ်ယုံလိုက်ပါပြီ'

'ဝမ်းသာပါတယ်၊ သူရဲကောင်းမင်း၊ ကဲ. . . နောက်ထပ် ဘာပြောချင်သေးသလဲ၊ ပြောပါ'

'ဂိုဏ်းချုပ်ကြီး ခေါင်းထဲက သိုင်းလောကကြီးကို လက်ဝါး ကြီးအုပ် စိုးမိုးအုပ်ချုပ်ချင်တဲ့စိတ်ဓာတ်ကို ဖျောက်ပစ်ပါလို့ မေတ္တာ ရပ်ခံပါတယ်'

'အဲဒီကိစ္စတွေကို ဘယ်သူပြောခဲ့ပါသလဲ သူရဲကောင်းမင်း'

'ဂိုဏ်းချုပ်ကြီးရဲ့ဆရာ၊ ဆရာကြီးနှစ်ယောက်နဲ့ စီးမင်း မင်းတို့ရဲ့ လှုပ်ရှားခဲ့မှုတွေဟာ ခိုင်လုံတဲ့သာဓက ဖြစ်ပါတယ်'

'ဒီကိစ္စကို ဘယ်သူက ထုတ်ဖော်ပြောခဲ့သလဲ'

———▸▸———

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်က ဟေးစီး စွန်းပုရှောက်ကို လက်ညှိုးထိုးပြသည်။

'သူကိုသာ မေးကြည့်ပါ ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီးသည် ဟေးစီး စွန်းပုရှောက်ကို စောင်းကြည့်လိုက်သည်။

'ဟေးစီး၊ ရှင် တော်တော် တာဝန်ကျေနေပါလား'

ဟေးစီး စွန်းပုရှောက်မျက်နှာသည် အိုစာသွားသည်။

'ကျုပ်ကို သေဒဏ်သာ ပေးလိုက်ပါ ဂိုဏ်းချုပ်ကြီး'

'ရှင့်ကို အပြစ် မယူသေးပါဘူးရှင်၊ ဒီလောက်လည်း ကြောက်မနေပါနဲ့'

'ကျေး. . . ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီးသည် မင်ရင်ကြွယ်ကို လှမ်းကြည့်ပြီး ဝန်ခံစကား ဆိုတော့သည်။

'သူရဲကောင်းမင် သိထားတာ မှန်ပါတယ်'

'ကျွန်တော့်သဘောကတော့ ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒကို ပြောင်းလဲ ပစ်လိုက်စေချင်ပါတယ်၊ ပြောင်းလဲပစ်ပါလို့လည်း မေတ္တာရပ်ခံပါတယ်'

'သူရဲကောင်းမင်က ကျွန်မတစ်ယောက်တည်း သိုင်းလောကကြီးကို စိုးမိုးအုပ်ချုပ်မှာကို သဘောမကျဘူးလား၊ မကျေနပ်ဘူးလား'

'လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စမဟုတ်လို့ ဘယ်သူကမှလည်း



ကျေနပ်မှာ မဟုတ်ပါဘူး'

'ကောင်းပြီ သူရဲကောင်းမင်၊ ကျွန်မအနေနဲ့ သိုင်းလောကကို စိုးမိုးအုပ်ချုပ်ချင်တဲ့ စိတ်ဆန္ဒကို မဖျောက်ဖျက်ဘဲ ဆက်လက်ဆုပ်ဆောင်မြဲ လုပ်ဆောင်မယ် ဆိုရင်ကောရှင်'

'ရှင်းပါတယ် ဂိုဏ်းချုပ်ကြီး၊ ကျုပ်ဟာ သိုင်းလောကကြီးတစ်ခုလုံးရဲ့ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ရပ်တည်နေတဲ့ တရားသက်တော်သား တစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်အသက်နဲ့ဆက်ပြီး ဆတ်ဖက်ရပါလိမ့်မယ်'

'ဟင်း. . . ဟင်း၊ ကျွန်မရဲ့ ကြံစည်ဆောင်ရွက်မှုတွေဟာ ရှင့်အတွက် ရန်သူလို့ အဓိပ္ပာယ်ထွက်နေပါသလား'

'ကျုပ်အမြင်ကတော့ အဓိက ရန်သူဟာ ဂိုဏ်းချုပ်ကြီးပဲ၊ ဂိုဏ်းသားတွေဟာ အဓိက မဟုတ်ဘူး၊ ရှင်းပါသလား ဂိုဏ်းချုပ်ကြီး'

'ဟင်း. . . ဟင်း၊ ထန်းရှန်းဂိုဏ်းနဲ့ ထန်းရှန်းဂိုဏ်းချုပ်ဟာ တစ်သွေးတည်း တစ်သားတည်းပါ သူရဲကောင်းမင်၊ ခြားနားမှု မရှိပါဘူး'

'ဒါက ဂိုဏ်းချုပ်ကြီးရဲ့ စိတ်အထင်ပါ၊ လက်တွေ့က ဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းသားတွေအကြားမှာ ခြားနားမှု ရှိနေပါတယ်၊ စကားအနုန်ပြောရရင် ဂိုဏ်းချုပ်ကြီးဟာ ထန်းရှန်းဂိုဏ်ကို အုပ်ချုပ်ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိသူ မဟုတ်ပါဘူး'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲ့သည် အတ္တကို ထိခိုက်သော

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တုန်ခါသွားသည်။

သို့သော် လှုပ်ရှားသောစိတ်ကို ချက်ချင်း ထိန်းသိမ်းလိုက်နိုင်သည်။

'ဘယ်လိုလူမျိုးကိုမှ အရည်အချင်းရှိသူလို့ ခေါ်ဆိုပါသလဲ သူရဲကောင်းမင်း'

'ဖြူစင်သန့်ရှင်းတဲ့ စိတ်နှလုံးရှိသူ၊ မြင့်မြတ်တဲ့ ဂုဏ်သိက္ခာရှိသူ၊ အဲဒီအချက်တွေနဲ့ ပြည့်စုံမှ အရည်အချင်းရှိသူလို့ ခေါ်နိုင်ပါတယ်'

'ဒီလိုဆို ကျွန်မကို ဩဇာအာဏာမဲ့သူ၊ ဂုဏ်သိက္ခာမရှိသူ မသန့်ရှင်းသူလို့ ဆိုလိုပါသလား'

'ဂိုဏ်းချုပ်ကြီးဟာ ဩဇာအာဏာ ရှိနေပေမယ့် ဂုဏ်သိက္ခာ မရှိပါဘူး၊ သန့်ရှင်းတဲ့စိတ်နှလုံး ရှိသူ မဟုတ်ပါဘူး'

ဂိုဏ်းချုပ်ကြီးက ဣန္ဒြေဆည်ပြီး ပြုံးသည်။

'ကျွန်မရဲ့ ဘဝတစ်သက်တာမှာ ခုလို စွပ်စွဲရှုတ်ချခံရတာဟာ ခုအကြိမ်ဟာ ပထမဆုံးအကြိမ်ပဲ သူရဲကောင်းမင်း၊ ဒါကြောင့် ဘယ်လို အကြောင်းအချက်တွေပေါ် မူတည်ပြီး စွပ်စွဲရှုတ်ချတယ်ဆိုတာကို ရှင်းပြစမ်းပါရှင်'

မင်ရင်ကြယ်က မထီတရီပြုံးပြီး တစ်လုံးချင်း ပြောလာသည်။

'ထန်းရှန်းဂိုဏ်းရဲ့ ဝါရင့်ဆရာကြီးနှစ်ယောက်ဖြစ်တဲ့ ဆရာကြီးချာမင်နဲ့ ဆရာကြီး ကူပေ့တို့ဟာ ဘယ်လိုပုဂ္ဂိုလ်တွေ



လည်း ဂိုဏ်းချုပ်ကြီး'

'ကျွန်မရဲ့ ဦးလေးတော် ဆရာကြီးတွေပဲ'

'သူတို့ကို ခင်ဗျား လေးစားပါသလား'

'သိပ် လေးစားရိုသေပါတယ်ရှင်'

'ဒါဖြင့် ခု သူတို့ ဘယ်မှာရှိနေပါသလဲ၊ သိပါရစေ'

'ဟင်းဟင်း. . . သူရဲကောင်းမင်းက သူတို့ကို ထိန်းသိမ်းထားတယ်ဆိုပြီး အပြစ်မြင်ပါသလား'

'ဒီလုပ်ရပ်ဟာ သိက္ခာမဲ့တဲ့၊ စိတ်နှလုံးညစ်ထေးတဲ့ လုပ်ရပ်ပါ ဂိုဏ်းချုပ်ကြီး'

'ဒီအချက်ကိုကြည့်ပြီး သိက္ခာမဲ့သူလို့ စွပ်စွဲရှုတ်ချတာဟာ မှန်ကန်တဲ့လုပ်ရပ် မဟုတ်ပါဘူး၊ စည်းကမ်းချိုးဖောက်သူ၊ ဂိုဏ်းအကျိုးစီးပွားကို ဆန့်ကျင်သူ၊ အဲဒီလိုလူတွေဟာ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် အရေးယူရမှာချည်းပဲ သူရဲကောင်းမင်း၊ ဂိုဏ်းရဲ့ နာယကဆရာကြီးတွေဆိုပြီး လက်ပိုက်ကြည့်နေလို့ မဖြစ်ပါဘူး၊ ခေါင်မိုးမလုံရင် တစ်အိမ်လုံး ရွှဲတတ်ပါတယ်၊ စည်းကမ်းဆိုတာ နိမ့်တယ်၊ မြင့်တယ် မခွဲခြားကောင်းပါဘူး'

'ဟားဟား. . . နားထောင်လို့တော့ ကောင်းသားပဲ ဂိုဏ်းချုပ်ကြီးရယ်၊ ဒါပေမယ့် ဒီတိုစ္စဟာ တစ်ဦးတစ်ယောက်ရဲ့ အတ္တကြီးမှု ကိုယ်ရေးကိစ္စပါ၊ ကိုယ်ရေးကိုယ်တာကို ဂိုဏ်းတစ်ခုလုံးရဲ့ စည်းကမ်းနဲ့ ရောထွေးပစ်လို့ မရပါဘူး'

'တကယ် ဖြစ်ရပ်ကတော့ တစ်ဂိုဏ်းလုံးဆိုင်ရာ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ပါမင်. . .'

'ဒါဖြင့် အဲဒီပြဿနာကို ရှင်းပြပါ ဂိုဏ်းချုပ်ကြီး'

'မရှင်းနိုင်ဘူး မင်. . . . ၊ ဒီပြဿနာဟာ ကျွန်မတို့ ဂိုဏ်းရဲ့ အတွင်းရေးကိစ္စပါ'

'ဂိုဏ်းချုပ်ကြီး မပြောရင် ကျုပ်ပြောမယ် ဂိုဏ်းချုပ်ကြီး ဂိုဏ်းချုပ်ကြီးဟာ အတ္တလွန်ကဲစိတ်နဲ့ ဆရာကြီးနှစ်ယောက်ရဲ့ သိုင်းပညာစွမ်းကို အသုံးချပြီး သိုင်းလောကက စခန်းတွေ၊ ဂိုဏ်းတွေ၊ ရဲတိုက်တွေကို အနိုင်ကျင့် ဖိအားပေးပြီး သိမ်းသွင်းခိုင်းခဲ့တဲ့ ပြဿနာ မဟုတ်လား'

'ဒါဟာ ဂိုဏ်းရဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ် မင်၊ ကျွန်မ တစ်ယောက်တည်းရဲ့ဆန္ဒကို ဇဟိုပြုပြီး တစ်ဩဇာ၊ တစ်အာဏာ လုပ်ခဲ့တာ မဟုတ်ပါဘူး'

'ကြိုက်သလို ငြင်းခွင့်ရှိပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒီအတိုင်း ဆိုရင် ဂိုဏ်းချုပ်ကြီးရဲ့ စိတ်ဆန္ဒကို မပြုပြင်နိုင်တော့ဘူး ဆိုပါ တော့. . .'

'ကျွန်မဟာ ဆုံးဖြတ်ပြီးတဲ့ကိစ္စတစ်ခုကို ပြန်ပြင်ရိုးထုံးစံ မရှိခဲ့ပါဘူးရှင်'

'ကောင်းပါပြီဗျာ. . . ကောင်းပါပြီ၊ ဒီတော့လည်း ကျုပ် အနေနဲ့ မလွဲမရှောင်သာ စွက်ဖက်ရမယ့်အကြောင်း အသိပေးပါ တယ်'

'ဟင်းဟင်း. . . ခုလို ပွင့်လင်းတဲ့အတွက် ကျေးဇူးတင်ပါ

——— ▶▶ ———



တယ်ရှင်၊ ကျွန်မအနေနဲ့ကလည်း သိုင်းလောကကြီးတစ်ခုလုံး စိုးမိုး အုပ်ချုပ်ချင်ရင် သွေးချောင်းစီးလိမ့်မယ်ဆိုတာ တွက်ပြီးသားပါ၊ ရှန်သူဟာ ရှင်တစ်ယောက်တည်း မဟုတ်ပါဘူးရှင်၊ ကဲ. . . နောက် ဆပ် ပြောစရာရှိတာကို ပြောစမ်းပါဦး'

'ကျုပ် နောက်ဆုံး တောင်းဆိုချင်တာကတော့ အချုပ် အနှောင်ခံထားရတဲ့ ဆရာကြီးနှစ်ယောက်နဲ့ အခြားလူအားလုံးကို အမြန်ဆုံး လွှတ်ပေးဖို့ တောင်းဆိုပါတယ်'

'ဒီကိစ္စတွေဟာ ဂိုဏ်းရဲ့ ပုဂ္ဂလိက ကိစ္စပါ မင်၊ မင်နဲ့ သက်ဆိုင်ပါဘူး'

'ဂိုဏ်းချုပ်ကြီးက ကျုပ်ရဲ့ တောင်းဆိုမှုကို မလိုက်လျော ဘူးပေါ့'

'သူတို့ကို လွှတ်ပေးလည်း ရှင့်အတွက် ဘာမှအကျိုးထူးမှာ မဟုတ်ပါဘူးရှင်၊ သူတို့က ကျွန်မရဲ့ ဆန္ဒသဘောထားကို လိုက် လျောကြမှာချည်းပါ၊ ဘယ်သူကမှ ဆန့်ကျင်ကန့်ကွက်ကြမှာ မဟုတ် ပါဘူး'

'တကယ်ပြောနေတာလား'

'တကယ်ပေါ့ရှင်၊ ကျွန်မ မဟုတ်တာ ပြောပါ့မလား၊ သူတို့ က သူတို့အမြင် မှားကြောင်း ဝန်ခံခဲ့ပြီးပါပြီရှင်'

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားတော့ သည်၊

အတန်ကြာမှ. . .

——— ▶▶ ———

www.burmeseclassic.com



'ဒီလိုဆိုရင် သူတို့ကို ခေါ်ထုတ်ပေးပါ ဂိုဏ်းချုပ်ကြီး'

'သူတို့က ကျွန်မဆန္ဒကို သဘောတူကြတယ်ဆိုရင် ရှင် ဝင်မစွက်ဖက်တော့ဘူးလား'

'ခင်ဗျားဆန္ဒကို အားလုံးက သဘောတူတယ်ဆိုရင် သူတို့ ကိစ္စကို ကျုပ် ဘာမှဝင်မစွက်ဘူး၊ ဒါပေမယ့် သိုင်းလောကကြီး သွေးချောင်းစီးမယ့်ကိစ္စကြီး ဖြစ်ပေါ်လာရင်တော့ လက်ပိုက်နေမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ ဂိုဏ်းသားတွေရဲ့ ကိစ္စဟာ သိုင်းလောကကြီး တစ်ခုလုံးရဲ့ကိစ္စနဲ့ ဘာမှ မသက်ဆိုင်ဘူး'

'ရှင် စိတ်ကူးယဉ်နေသလား မင်း၊ ရက်စက်မှုမရှိရင် နာခံ ကျိုးနွံမှု ရှိပါ့မလား'

'ခင်ဗျား ဘယ်လိုဆောင်ရွက်တယ်ဆိုတာကိုတော့ စောင့် ကြည့်ရမှာပေါ့ဗျာ'

'ကျွန်မက ဂုဏ်ရှိရှိ သိက္ခာရှိရှိ ဆောင်ရွက်မှာပါရှင်'

'အင်း. . . ခင်ဗျားပြောသလို တကယ်ပဲ ဂုဏ်သိက္ခာ ရှိတယ်ဆိုရင်တော့ ကျုပ်ကိုယ်တိုင် ခင်ဗျားနောက်လိုက် လုပ်ပါ့ မယ်ဗျာ'

'ဒါ သူရဲကောင်းမင်းကိုယ်တိုင်ပြောလိုက်တဲ့ စကားနော်'

'ကျုပ် ယောက်ျားပါ ဂိုဏ်းချုပ်ကြီး'

'ကောင်းပြီ၊ ကျွန်မ ရှင့်ဆန္ဒအတိုင်း သူတို့ကို ထုတ်ပြမယ် ဒါပေမယ့် လောလောဆယ်မှာ ပြဿနာတစ်ခုကို အဆုံးအဖြတ် ပေးပါဦး မင်း'

▶▶



'ဘာပြဿနာလဲ'

'ခုပဲ သိရမှာပါ မင်း'

ဂိုဏ်းချုပ်ကြီးသည် စကားဖြတ်ပြီး အစောင့်တစ်ယောက် အား ကျို့ကုံးချင်ကို အခေါ်ခိုင်းလိုက်သည်။

မင်းရင်ကြယ်က မျက်မှောင်ကြုတ်ပြီး လှမ်းမေးသည်၊

'ဂိုဏ်းချုပ်ကြီးက ကျို့ကုံးချင်ကို ဘာဖြစ်လို့ ခေါ်ခိုင်းလိုက် တာလဲ'

'ကျို့ကုံးချင် ဘယ်သူဆိုတာ သိပြီးလို့ပေါ့ရှင့်၊ ရှင်ကလည်း ကျို့ကုံးချင်ကို တောင်းတော့မှာ မဟုတ်လား'

မင်းရင်ကြယ်၏ မျက်ခုံးနှစ်ဘက်သည် နဖူးပေါ် မြင့်တက် သွားသည်။

ဂိုဏ်းချုပ်ကြီးလီအောင်ရွှေသည် အမြင်ကြီးသူ၊ အကင်းပါး သူပေတကား။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄၆)

## သေပွဲဝင်သူ

မင်းရင်ကြွယ်သည် ပခုံးနှစ်ဘက်တွန့်ပြီး သရော်သလို ပြော ပြန်သည်။

'ဂိုဏ်းချုပ်ကြီးအနေနဲ့ အရာအားလုံးကို ရှာဖွေနိုင်ပေမယ့် ဝန်ရင်မော်အစစ်ကို မရှာနိုင်သေးတာကတော့ တော်တော်ခံပြင်း ဖို့ကောင်းတယ်ဗျာ. . . ဟဲ ဟဲ'

'မခန့်ပါနဲ့ သူရဲကောင်းမင်း၊ ပျောက်ဆုံးသော ရှာရင်တွေ့ ဆိုတဲ့စကားဟာ လောကရဲ့ အမှန်တရားပါ၊ တစ်နေ့မတွေ့ တစ်နေ့ တွေ့မှာပေါ့ရှင်၊ သူနဲ့ ပတ်သက်သူတွေကိုတောင် ဆီးပန်းချောင်ကို ခေါ်ယူထားနိုင်ခဲ့ပြီပဲ'



ထိုအချိန်မှာပင် ဧည့်ခန်းဆောင်အတွင်းသို့ ဝန်ရင်မော် အတု ကျို့ကုံးချွင် ရောက်လာသည်။ အကျီဝါ စည်းကမ်းထိန်းကြီး နှစ်ယောက်က သူ့ကိုညှပ်ပြီး ခေါ်လာကြသည်။

ဝန်ရင်မော်အတု ကျို့ကုံးချွင်သည် ဝန်ရင်မော်အတု မင် ရင်ကြွယ်ကို မြင်သည်နှင့် ခြေလှမ်း တုံ့သွားသည်။

အခြေအနေကို မျက်ခြည်မပြတ်ကြည့်နေသော ဂိုဏ်းချုပ် ကြီး၏အသံ ပေါ်လာသည်။

'သူရဲကောင်းမင်း၊ ကျို့ကုံးချွင် ရောက်လာပါပြီ'

ကြားရသော်အသံကြောင့် ကျို့ကုံးချွင် မျက်လုံးပြူးသွား သည်။

'ခင်ဗျား၊ ခင်ဗျား မင်းရင်ကြွယ် ဟုတ်လား'

မင်းရင်ကြွယ်က အဖြေမပေးပါ။ ကျို့ကုံးချွင်ဒေါသထွက် လာတော့သည်။

'ကျုပ်ကို ကျို့ကုံးချွင်လို့ ဘယ်သူပြောသလဲ'

'ကျွန်မ ပြောတာ၊ ရှင်ဟာ ဝန်ရင်မော်ဟန်ဆောင်ပြီး ထန်းရှန်းဂိုဏ်းထဲ လျှိုဝင်လာတဲ့ ကျို့ကုံးချွင်ပဲ၊ ခု ရှင့်ရှေ့မှာ မင်းရင် ကြွယ်ရှိနေပြီ၊ မင်းရင်ကြွယ်ဟာ ကျွန်မတို့တိုက်တဲ့ အဆိပ်ဆေးလုံး မသောက်ခဲ့ဘူး၊ ရှင်လည်း မသောက်ခဲ့ဘူး မဟုတ်လား. . . ဟင်း ဟင်း၊ ကဲ. . . ရှင်းစရာရှိတာ ရှင်းကြရအောင်'

ဂိုဏ်းချုပ်ကြီးသည် မတ်တပ်ထပြီး ရှေ့ကို တစ်လှမ်းတိုး လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုံးချွင်သည် ဘာကိုမှ ဂရုမစိုက်သည့်ဟန်နှင့် ဟားတိုက်ရယ်တော့သည်။ ရယ်သံသည် မိုးချုန်းသံလို မြည်ဟိန်းနေသည်။

'ကျုပ် ရစရာရှိတဲ့အကြွေးကို ကျုပ်ကိုယ်တိုင် ပြန်ယူမယ် ကျို့ကုံးချွင်တဲ့ တစ်ချွင်တည်း ရှိတယ်၊ သေပေရော့ ကဝေမ'

ကျို့ကုံးချွင်သည် ဖျတ်ခနဲ ခုန်ပျံပြီး သိုင်းကွက်နင်းတော့သည်။ ပိုင်စီး ရွှေချန်ရှိုးနှင့် ဟေးစီး စွန်းပုရှောက်တို့သည် မျက်စိပျက်၊ မျက်နှာပျက်ဖြစ်ပြီး ခုခံရန် ပြင်ဆင်ကြတော့သည်။ ထိုစဉ် ဂိုဏ်းချုပ်ကြီး၏အသံ ထွက်လာသည်။

'ပိုင်စီးနဲ့ ဟေးစီး၊ ဘေးမှာရပ်နေ၊ ရှင်တို့ သူ့ကို ဘယ်တော့မှ အနိုင်မတိုက်နိုင်ဘူး'

ထိုအချိန်မှာပင် ကျို့ကုံးချွင်က ဂိုဏ်းချုပ်ကြီးကို ခုန်အုပ်တိုက်ခိုက်တော့သည်။ သူ၏ ခုန်အုပ်ချက်နှင့် ရိုက်ချက်သည် မုန်တိုင်းလို ပြင်းထန်ပြီး ကြောက်စရာကောင်းသည်။

ဂိုဏ်းချုပ်ကြီးသည် ပေါ့ဆခြင်း မပြုရဲ။ ရန်သူ၏ တိုက်အားကို ထိပ်တိုက်ရင်ဆိုင်ပြီး ခုခံသည်။

'ဝုန်း' ဟူသော အသံကြီး မြည်ဟည်းသွားသည်။

ကျို့ကုံးချွင်သည် နောက်သို့ ခြေနှစ်လှမ်းစာမျှ ပြန်လွင့်လာသည်။

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲလည်း ငွေကုလားထိုင်ကြီးပေါ်သို့ ပက်လက်လန်ပြီး ထိုင်ကျသွားသည်။

———▶▶———



ကျောက်သားနှင့် ဆက်ထားသော ထုထည်ကြီးမားသည့် ငွေကုလားထိုင်ကြီးသည် ကြောက်မက်ဖွယ် ခါယမ်းသွားသည်။

မင်ရင်ကြယ်၏မျက်လုံးများ နဖူးပေါ် မြင့်တက်သွားသည်။

'ဂိုဏ်းချုပ်ကြီးရဲ့ ခုခံတိုက်ကွက်ဟာ တော်တော်ကောင်းတဲ့ ခုခံတိုက်ကွက်ပဲ'

ကျို့ကုံးချွင်က အားတင်းပြီး ပြောသည်။

တစ်ဆက်တည်းတွင်. . . .

'ကြာတယ်၊ တကွက်လောက် ထပ်စမ်းကြရအောင်လား' ဟု တောင်းဆိုသည်။

မင်ရင်ကြယ် ကြားဝင်ရတော့သည်။

'နေပါဦး သတ္တမသူရဲကောင်း၊ ကျုပ် စကားနည်းနည်း ပြောချင်ပါတယ်'

'အချိန်မရှိဘူး မင်၊ မင်ရဲ့ကြွေးကို ကျုပ် ဆပ်ပေးပါ့မယ်'

'မလိုသေးပါဘူး သတ္တမသူရဲကောင်း၊ ကျုပ်က စကားပဲ ပြောချင်တာပါ'

'ပြောပါ မင်၊ ပြောပါ၊ ကျုပ်နားထောင်နေပါတယ်'

'ခင်ဗျားနဲ့ ကျုပ် စာရင်းရှင်းဖို့ အချိန် မရောက်သေးပါဘူး၊ ဒါပေမယ့် မေးစရာတော့ ရှိနေပါတယ်'

'မေးပါ၊ မေးပါ'

'သတ္တမသူရဲကောင်းဟာ ခင်ဗျားရဲ့ မိတ်ဆွေညီလေးကို

———▶▶———

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးပြီး သူ့ဇနီးကို ကြံစည်ခဲ့တဲ့အတွက် လိပ်ပြာသန့်သန့်
အိပ်ကောင်းစားကောင်း နေနိုင်ပါသလားဆိုတာပဲ'

'ကျုပ် မကြံသင့် မကြံရာ ကြံမိ လုပ်မိပါတယ် မင်း၊ ကျ
သေသွားရင်လည်း ဝန်ရင်မော်ကို. . .'

'ဝန်ရင်မော်ဟာ ခင်ဗျား ထင်သလို ရှုံးသွပ်မနေပါဘူ
သူရဲကောင်း ဝန်ရင်မော်ဟာ အကောင်းပကတိ ရှိနေပါတယ်'

သတ္တမသူရဲကောင်း ကျို့ကုံးချွင်ရင်ထဲ ထိတ်ခနဲ ဖြစ်ရသွာ
သည်။

'ဘာပြောတယ်'

'သခင်လေး ဝန်ရင်မော်ဟာ အတွင်းအားရော၊ စိတ်
အားရော အကောင်းပတိ ရှိနေပါတယ် သတ္တမသူရဲကောင်း၊ သူ
အခြေအနေအရ ဒုက္ခဒဏ်ကို ခံနေရတဲ့ လူတစ်ယောက်အဖြ
ရုပ်တည်နေရာက သူရဲ့ဉာဏ်ကို လွှာပြီးသုံးခဲ့ပါတယ် သတ္တမသူ
ကောင်း၊ သူ့ကို ဒုက္ခပေးသူ အစစ်အမှန်ကိုလည်း တိကျသေ
အောင် သူကိုယ်တိုင် လိုက်လံစုံစမ်းနေခဲ့ပါတယ်'

'ခင်ဗျား ရှူးနေသလား မင်း၊ ခင်ဗျားပြောတာတွေကို ကျု
မယုံဘူး'

'ဘာဖြစ်လို့ မယုံရတာလဲ သတ္တသူရဲကောင်း'

'စကားဆိုတာ လိုသလို လှုပ်ရှားလို့ရတဲ့ လျှာဖျားပေါ်
လာတာပါ၊ မင်းရင်ကြွယ်ဆိုတဲ့လူပြောတိုင်း ကျုပ်က ယုံရမှာလာ
ကျုပ် ကလေးမဟုတ်ဘူး မင်း၊ ကလေး မဟုတ်ဘူး'

——— ▸▸ ———



'ရပါတယ် သတ္တမသူရဲကောင်း၊ ဒါဖြင့် ဘယ်လို အခြေ
အနေမျိုးကျမှ သတ္တမသူရဲကောင်း ယုံနိုင်မလဲ၊ ယုံမှာလဲ'

'မျက်မြင်ကိုယ်တွေ့ဖြစ်မှ ယုံမယ်'

ကျို့ကုံးချွင်က မင်းရင်ကြွယ်ကို ကြည့်ပြီး လှောင်ပြုံးပြုံးပြ
သည်။

မင်းရင်ကြွယ်က ခေါင်းညိတ်ပြီး တစ်လုံးချင်း ပြောသည်။

'သခင်လေး ဝန်ရင်မော်၊ ဗျပ်စောင်းဓားရှည်စာဂေသမား
ဝန်ရင်မော်၊ အဲဒီ ဝန်ရင်မော်ဟာ ခင်ဗျားရှေ့မှာ ရပ်နေပါတယ်
သတ္တမသူရဲကောင်း'

'ဘာ'

ကျို့ကုံးချွင်၏ အာမေဋိတ်သံသည် ဧည့်ခန်းဆောင်တစ်ခု
လုံး ဟိန်းသွားသည်။

သူက ဆက်ပြီး ပြောသည်။

'ခင် ခင်ဗျားဟာ သခင်လေး ဝန်ရင်မော်၊ ကျုပ် မိတ်ဆွေ
သိုလေး ဝန်ရင်မော်၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားရှေ့မှာ ကျုပ်တစ်ယောက်တည်း
ရပ်နေပါတယ်'

'ဟားဟား. . . ခင်ဗျားလား ဝန်ရင်မော်၊ ခင်ဗျားလား
ဝန်ရင်မော်. . . ဟား ဟား ဟား'

'သတ္တမသူရဲကောင်း မယုံဘူးလား'

'မယုံဘူး'

——— ▸▸ ———

www.burmeseclassic.com

www.burmeseclassic.com



'လိန်ကူးချီဟာ ဝန်ရင်မော်ဟန်ဆောင်ပြီး ကျို့အိမ်ထော
ထဲ ဝင်ခဲ့တယ်၊ ကဲ. . . ကျုပ်မျက်နှာကို သေသေချာချာ ကြည့်
ပါ သတ္တမသူရဲကောင်း'

ကျို့ကုံးချွင်သည် မင်ရင်ကြယ်၏မျက်နှာကို မျက်တော
မခပ်ဘဲ စိုက်ကြည့်နေတော့သည်။

ကြည့်ရင်း ကြည့်ရင်းမှာ ကျို့ကုံးချွင် မျက်နှာပျက်သ
တော့သည်။

ဂိုဏ်းချုပ်ကြီးသည် မြင်ကွင်းကို စိတ်ဝင်စားနေ
စွန်းပုရှောက်နှင့် ရွှေချန်ရိုးတို့ကို မျက်စ ပစ်ပြလိုက်သည်။

သူတို့နှစ်ယောက် နောက်ဆုတ်သွားချိန်တွင် ကျို့ကုံးချွ
အော်သံ ပေါ်လာသည်။

'ခင်ဗျား. . . ခင်ဗျား. . . ခင်ဗျား'

'ယုံပြီလား သတ္တမသူရဲကောင်း၊ ကျွန်တော်ဟာ အစ်ကို
အပေါ် တကယ့်အစ်ကိုကြီးတစ်ယောက်လို ကောင်းမွန်ခဲ့ပါ
ဗျာ'

မင်ရင်ကြယ်၏အသံသည် နှလုံးသားထဲမှ ပေါ်ထွက်
သောအသံဖြစ်သဖြင့် တုန်ရင်လှိုက်လှဲနေပါ၏။

ရုတ်တရက်. . . .

ကျို့ကုံးချွင်၏ လက်နှစ်ဘက်ကို ဝှစ်ခနဲ မြှောက်
လိုက်ပြီး သူနားထင်နှစ်ဘက်ကို အားကုန် ညှပ်ရိုက်ပစ်လိုက်သည်

'ဘောင်း. . .'

▶▶



ကြောက်စရာကောင်းသော အသံကြီး မြည်ဟည်းသွားပြီး
နောက် ကျို့ကုံးချွင်သည် ခန်းမဆောင် ကြမ်းပြင်ပေါ်သို့ ဗိုင်းခနဲ
လဲကျသွားတော့သည်။

သတ္တမသူရဲကောင်း ကျို့ကုံးချွင်သည် ကိုယ့်တရား ကိုယ်စီ
ရင်ပြီး ဦးခေါင်းခွံများ ကြေကာ သေပွဲဝင်သွားလေပြီတည်း။

ခန်းမဆောင်သည် အပ်ကျသံပင် ကြားရလောက်အောင်
တိတ်ဆိတ်ငြိမ်သက်သွားသည်။

မင်ရင်ကြယ်သည် ကျို့ကုံးချွင်၏အလောင်းကို ငေးကြည့်
နေရင်း တုန်လှုပ်နေသည်။

ယိလူသည် မရှုမလှ အလောင်းကောင်ကို မကြည့်ရဲတော့
သဖြင့် ခေါင်းငုံ့နေလေပြီ။

'ကျို့အလောင်းကို ချက်ချင်း သဂြိုဟ်လိုက်ပါ'

အကျိုဝါ စည်းကမ်းထိန်းနှစ်ယောက်သည် ကျို့ကုံးချွင်၏
အလောင်းကို မ,ပြီး သယ်ထုတ်သွားကြလေပြီ။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## သံဝေဂပြုသူမှာ

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲသည် မင်ရင်ကြယ်ကို စိုက်ကြည့်နေသည်။

သူမ၏ မျက်လုံးအရောင်သည် စောစောကထက် ပို၍ တောက်ပြောင်နေသည်။

'ကျွန်မ ဒီလိုဖြစ်လာလိမ့်မယ်လို့ မတွေးမိပါဘူး ရှင်၊ သူရဲကောင်းသခင်လေး ဝန်ရင်မော်ကို နေရာပေးကြပါ'

ရွှေချန်ရိုးက နေရာပေးရန် ဟန်ပြင်သည်။

မင်ရင်ကြယ်က လက်ကာပြီး တားသည်။

ထို့နောက်. . .



'အေးအေးဆေးဆေး မထိုင်နိုင်သေးပါဘူး ဂိုဏ်းချုပ်ကြီး၊ ချုပ်ရဲ့တောင်းဆိုချက်ကိုသာ အကောင်အထည် ဖော်ပေးပါ'

'ဝန် ဒီလောက်တောင် တောင်းဆိုနေရင် ခေါ်ပေးပါ့မယ် ရှင်'

ဂိုဏ်းချုပ်ကြီးသည် ရွှေချန်ရိုးကို လှည့်ကြည့်ပြီး. . .

'ရွှေတံဆိပ်အမိန့်နဲ့ ဆရာကြီးတို့ကို ခေါ်ခဲ့ပါ'

'ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး'

ပိုင်စီးရွှေချန်ရိုးသည် အမိန့်ရသည်နှင့် ဧည့်ခန်းဆောင်ထဲ ထွက်ခွာသွားသည်။

ဝှမ်ယိလူသည် မင်ရင်ကြယ်ကိုသာ စိုက်ကြည့်နေသည်။

ဂိုဏ်းချုပ်ကြီးသည် ထိုအချက်ကို ကောင်းကောင်း သဘောပေါက်နေသည့်ဟန်နှင့် လှမ်းပြောသည်။

'ယိလူ ညည်း ကံကောင်းနေပါပြီ'

ဝှမ်ယိလူသည် ခေါင်းငုံ့ပြီး ကုန်ရင်နေသည်။

'ကျွန်မ မထင်ဝံ့ပါဘူး ဂိုဏ်းချုပ်ကြီး'

'ငါပြောတာကို ယုံလိုက်ပါ ယိလူ၊ ညည်းကို ဘယ်သူကမှ အပြစ်မတင်တော့ဘူး၊ သဘောပေါက်ပြီလား'

'ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး'

ဝှမ်ယိလူသည် အပြစ်မှ လွတ်ကင်းပြီဖြစ်သဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်လာသည်။

ထိုအချိန်မှာပင် ဧည့်ခန်းဆောင် ညာဘက်မှ ခြေသံများ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

ပိုင်စီး ရွှေချန်ရိုးသည် ဂိုဏ်းချုပ်ကြီးအနီးသို့ တိုးသွားပြီး အစီရင်ခံသည်။

'ဆရာကြီးတို့ ကြွရောက်လာပါပြီ'

'ကောင်းပြီ'

ရွှေချန်ရိုးသည် ချက်ချင်းနောက်သို့ ပြန်ဆုတ်သွားသည်။

ချာမင်၊ ကူဝေ့၊ မော်လင်နှင့် စီးမင်းရှန်းတို့သည် ဂိုဏ်းချုပ်ကြီးနှင့် မလှမ်းမကမ်း နေရာတွင် တန်းစီပြီး ရပ်နေကြလေပြီ။

သူတို့သည် မင်ရင်ကြယ်ကို တအံ့တသြ ငေးကြည့်နေကြသည်။

မင်ရင်ကြယ်က ဆရာကြီးနှစ်ယောက်ကို ရိုသေလေးစားစွာ ဂါရဝ လှမ်းပြုသည်။

'ဆရာကြီးတို့ ကျမ်းမာချမ်းသာကြပါတယ်နော်'

ဆရာကြီးနှစ်ယောက်က ခေါင်းညိတ်ပြသည်။

ထို့နောက်. . . .

ဆရာကြီး ချာမင်က. . .

'မိတ်ဆွေက. . .' ဟုဆိုပြီး ရပ်သွားသည်။

'ကျွန်တော် မင်ရင်ကြယ်ပါ ဆရာကြီး'

လေးယောက်စလုံး မျက်လုံးပြူးသွားသည်။

'မင်ရင်ကြယ်. . .'

ဂိုဏ်းချုပ်ကလေး မော်လင်က အာမေဍိတ်သံနှင့် ရှေ့ကို



းလာသည်။

စီးမင်ရှန်းသည် ပါးစပ်ဟပြီး အလွန်အံ့သြနေသည်။

'မင်ရင်ကြယ်၊ ခင်ဗျား မင်ရင်ကြယ် ဟုတ်တယ်နော်'

ချာမင်က မေးပြန်သည်။

မင်ရင်ကြယ်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ် ဆရာကြီးချာမင်'

ထိုစဉ် ဂိုဏ်းချုပ်ကြီးအသံ ထွက်လာသည်။

'မင်ရင်ကြယ်ဆိုလည်း မှန်ပါတယ်၊ တကယ်လုပ်ကြံခြင်းကိုကို မခံစားရတဲ့ ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော်ရင်လည်း မှန်ပါတယ်'

'ဟူး. . . မင်းကြောင့် တို့နှစ်ယောက် ဗျာများ ပင်ပန်းခဲ့ကြတယ်ကွာ'

အဘိုးပိန်ကြီး ကူဝေ့က ဝင်ပြောတော့သည်။

စီးမင်ရှန်းသည် ရင်တဒိတ်ဒိတ်ခုန်နေပြီ၊ ခေါင်းငုံ့နေလေ

ယိလူသည် စီးမင်ရှန်း၏ ခံစားမှုကို နားလည်နေသဖြင့် တ်ဥာနဲ ပြေးသွားပြီး ဖေးမတွဲကူထားလိုက်သည်။

'ဆရာကြီးတို့အတွက် နေရာခိုင်ခင်း ပေးလိုက်ပါ'

ဆရာကြီးတို့လူစုသည် ဂိုဏ်းချုပ်ကြီးကို အလေးအမြတ်ပြုသည်နှင့် အသင့်ခင်းကျင်းထားသောနေရာများတွင် ဝင်ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လင်သည် အဘိုးဝကြီး ချာမင်၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

အားလုံး နေရာတကျ ဖြစ်သည်နှင့် ဂိုဏ်းချုပ်ကြီးက လှမ်းမေးသည်။

'နာယကဆရာကြီးနှစ်ယောက်ကို ခုလို ပင့်ဖိတ်ခဲ့တာကို သိကြပါသလား'

ချာမင်က. . .

'မသိပါဘူး ဂိုဏ်းချုပ်ကြီး၊ ရှင်းပြပါ'

'သူ့ရဲကောင်းကြီးမင်၊ ပြောပြလိုက်ပါ'

မင်ရင်ကြယ်က ဂိုဏ်းချုပ်ကြီးကို ခေါင်းညိတ်ပြပြီးလျှင် တောင်းပန်သည်။

'ကျုပ်မေးတာကို ဖြေဖို့ ခွင့်ပြုပါ ဂိုဏ်းချုပ်ကြီး'

'မေးပါ မေးပါ၊ ခွင့်ပြုပါတယ်'

မင်ရင်ကြယ် ခေါ် ဝန်ရင်မော်သည် ဆရာကြီးနှစ်ယောက်ဘက် လှည့်လာသည်။

ထို့နောက် သိလိုသည်များကို တစ်ခွန်းချင်း မေးတော့သည်။

'ဆရာကြီးတို့ ဘယ်က လာခဲ့ကြပါသလဲ'

'သံဝေဂ လိုဏ်ဂူထဲကပါ'

ချာမင်က လှမ်းဖြေသည်။ ဝန်ရင်မော် အံ့သြသွားသည်။

'သံဝေဂလိုဏ်ဂူ. . . ဟုတ်ပါသလား'

▸▸



'မှန်ပါတယ်၊ ထန်းရှန်းဂိုဏ်းသားတွေတွက် အမှားပြင် သံဝေဂပြုတဲ့လိုဏ်ဂူထဲကပါ'

'ကျွန်တော်ကြားသိနေတာက၊ ဆရာကြီးတို့ကို ချုပ်နှောင် ထိန်းသိမ်းထားတယ်လို့ သိထားတာပါ'

'ဒီလိုပြောတာ ဘယ်သူလဲ'

'ဟေးစီး စွန်းပုရှောက် ပြောတာပါ'

ချာမင်သည် ဟေးစီး စွန်းပုရှောက်ကို ဒေါသမျက်လုံးနှင့် လှမ်းကြည့်သည်။

'သူပြောတာ တာဝန်မဲ့ ပြောတာပါ၊ တစ်နည်းအားဖြင့် တော့ ဂိုဏ်းချုပ်ကြီးကို သိက္ခာချတာပဲ'

ဂိုဏ်းချုပ်ကြီးက ပြုံးပြီး ဝင်ပြောသည်။

'ကျွန်မ သူ့ကို ပညာပေးပြီးပါပြီ ချာမင်'

'အေး. . . ကောင်းတယ်'

ဝန်ရင်မော်သည် အခြေအနေမှန်ကို အကဲခတ်နေဆဲ ရှိသည်။ အဘိုးကြီးနှစ်ယောက်သည် အဘယ်ကြောင့် ဂိုဏ်းချုပ်ကြီးကို ကာကွယ်နေကြလေသနည်း။

'အမှားသံဝေဂ ပြုလုပ်ထားတာ အဖမ်းခံနေရတာ မဟုတ်ဘူးလား၊ ဆရာကြီး ချာမင်'

'အဖမ်းခံနေရတယ်လို့ မဆိုသာပါဘူး၊ သံဝေဂပြုတာဟာ သံဝေဂပြုတာပဲ'

ဝန်ရင်မော် ပြုံးနေမိတော့သည်။

▸▸

www.burmeseclassic.com

www.burmeseclassic.com



'ထားပါ၊ ဆရာကြီးတို့ အမှားသံဝေဂပြုရတာဟာ ဘာကြောင့်ပါလဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ သိုင်းလောက စိုးမိုးရေး အကြံအစည်ကို မှားတယ်လို့ဆိုပြီး တားမြစ်ကန့်ကွက်ခဲ့လို့ပဲ၊ ဒါကြောင့် သံဝေဂပြုလုပ်ရတာ'

'စီးမင်ရှန်းနဲ့ ဂိုဏ်းချုပ်လေး မော်လင်တို့လည်း ဒီလိုပဲလား'

'ဟုတ်ပါတယ်၊ သူတို့လည်းပဲ သူတို့ရဲ့ အပြုအမူတွေကို မှားတယ်လို့ ပြန်မြင်ပြီး သံဝေဂ ပြုလုပ်ကြတာပဲ'

'ဒီလိုဆိုရင် ခုအချိန်မှာ ဂိုဏ်းချုပ်ကြီးက သိုင်းလောက စိုးမိုးချယ်လှယ်ရေး လုပ်နေတာတွေကို ဆက်လုပ်ရင်၊ ဆရာကြီးတို့ မကန့်ကွက်ကြတော့ဘူးလား'

'မကန့်ကွက်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကန့်ကွက်တာကို မှားတယ်လို့ ယူဆလို့ပဲ'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲသည် သူ၏ လုပ်ရပ် အောင်မြင်သွားသဖြင့်၊ တဟင်းဟင်း ရယ်နေတော့သည်။

'ကဲ... ကြားပြီမဟုတ်လား၊ သူရဲကောင်းကြီး ဝန်၊ ကျွန်မ ညာပြောတာ မဟုတ်ပါဘူးနော်'

ဝန်ရင်မော်သည် သက်ပြင်းတစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်တော့သည်။

'အင်း... ရှန်းဟိုင်ညီနောင်ဟာ အမြော်အမြင်ကြီးမား



တဲ့ပုဂ္ဂိုလ်တွေပါ၊ ဒါပေမယ့်...'

'ဒါပေမယ့် မနေနဲ့ မိတ်ဆွေလေး၊ သိုင်းလောကကြီးကို ိုးမိုးအုပ်ချုပ်ချင်တာဟာ မှားယွင်းတဲ့အယူအဆ မဟုတ်ပါဘူး'

'ဟဲ ဟဲ ဟဲ... ကောင်းပါပြီဗျာ၊ ကောင်းပါပြီ ဒီလိုဆို ည်း ခင်ဗျားတို့ရဲ့ကိစ္စတွေကို မစွက်ဖက်တော့ပါဘူး၊ ဒါပေမယ့် န်ရင်မော်ဟာ သူ့ယုံကြည်ချက်နဲ့သူ ရပ်တည်နေပါလိမ့်မယ်'

ထိုစဉ် ဂိုဏ်းချုပ်ကြီးက လှမ်းပြောလာသည်။

'သူရဲကောင်းဝန်၊ ကျွန်မနောက်ကလိုက်ပြီး ဆောင်ရွက် ယ်ဆိုရင်'

'ဟဲဟဲ... ဂိုဏ်းချုပ်ကြီး ဘယ်လို ဆောင်ရွက်မယ် ဆိုတာကို စောင့်ကြည့်ရဦးမှာပါဗျာ'

'ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်မယ်လို့ ပြောပြီးပြီကောရှင်'

'ဟားဟားဟား... ဂိုဏ်းချုပ်ကြီးမှာ ဘယ်လို ဂုဏ်သိက္ခာများ ရှိနေသေးလို့လဲဗျာ'

'ဟင်းဟင်း... ဒါဖြင့် ကျွန်မကို ဘယ်လို ဂုဏ်သိက္ခာ ိနေသလဲဆိုတာ ရှင်းပြစမ်းပါဦး၊ သူရဲကောင်း ဝန်'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး၊ ကျုပ်မေးတာကိုသာ ဖြေပါ၊ ိတိန့်စန်းတောင် လိုဏ်ဂူထဲက လူဟာ ဘယ်သူပါလဲ'

ဂိုဏ်းချုပ်ကြီးမျက်နှာ သိသိသာ ပျက်သွားသည်။

'သူရဲကောင်းဝန် အဲဒီလိုဏ်ဂူထဲကို ရောက်ပြီးပြီပေါ့'

'ဟုတ်ပါတယ်၊ အဘိုးအိုက အဖြစ်အပျက်တွေကို သုံးစေ

www.burmeseclassic.com



ပတ်ရေ ရှင်းပြခဲ့ပြီးပါပြီ'

'ဟင်းဟင်း. . . ရှင် သိပြီးပြီဆိုရင် သူ့ကို ခုလို ချုပ်နှောင်ထားတာကို မမှားဘူးလို့ သဘောပေါက်လိမ့်မယ်ထင်တယ်'

'ကျုပ် ခင်ဗျား ထင်သလို မယူဆပါဘူး၊ သူဟာ ခင်ဗျားရဲ့ ဖခင်၊ အဖေရင်းတစ်ယောက်ပါဗျ'

'ဟင်းဟင်း. . . မှန်ပါတယ် ရှင် မှန်ပါတယ်၊ ဒါပေမယ့် အဲဒီ အဘိုးအိုဟာ သူများအဖေတွေနဲ့ အင်မတန်ခြားနားတဲ့ အဖေတစ်ယောက်ပါ။ ဒါကြောင့် ကျွန်မ အဖေလို့ အသိအမှတ်မပြုနိုင်ဘူး'

'ဒါပေမယ့် ခုလိုတော့ ညှဉ်းပန်းနှိပ်စက်ပြီး ချုပ်နှောင်မထားသင့်ပါဘူးဗျာ'

'ဒီလိုလုပ်ရတဲ့ကိစ္စအတွက် ကျွန်မမှာ အကြောင်းပြချက်တွေ အများကြီး ရှိနေပါယတ်၊ သူ့ကို ဒီလို လုပ်မထားလို့ မဖြစ်ဘူး'

'ကျုပ် သဘောပေါက်ပါတယ်၊ ခင်ဗျားဟာ မဟာရတနာသိုင်းကျမ်းကို ငမ်းငမ်းတက် မက်မောနေတဲ့သူပဲ၊ ဒီသိုင်းကျမ်းကို ပိုင်ဆိုင်ရရုံနဲ့ သိုင်းလောကကြီးတစ်ခုလုံးကို ဗိုလ်ကျ စိုးမိုးနိုင်လိမ့်မယ်လို့ စိတ်ကူးယဉ်မနေပါနဲ့၊ အဖေရင်းတစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ထားတာ အတ္တလွန်စိတ် မွေးနေတာ၊ ဒါတွေဟာ ခင်ဗျားရဲ့ ဂုဏ်သိက္ခာတွေလား'

ဝန်ရင်မော့အသံသည် ညှော်ခန်းဆောင်ကြီးတစ်ခုလုံး မြည်ဟိန်းနေတော့သည်။

▸▸



ဂိုဏ်းချုပ်ကြီး လီအောင်ရွှေ၏ အတ္တမာနကား ကျိုးကျခြင်း၊ ယိုင်နဲ့ခြင်း မရှိသေးချေ။

'ဘယ်လိုလဲ သူရဲကောင်းဝန်၊ ရှင် ဝင်စွက်ဦးမှာလား'

'ဒီလိုလုပ်တာဟာ ခင်ဗျားရဲ့ တကိုယ်တော် ကိုယ်ရေးကိစ္စ မဟုတ်ပါဘူး'

'မှန်ပါတယ်၊ ဆက်ပြီးပြောရင် သူရဲကောင်းဝန်ရဲ့ကိစ္စလည်း မဟုတ်ပါဘူးရှင်'

'ဘာ'

သူရဲကောင်းဝန်၏အသံသည် မိုးချုန်းသံလို မြည်သွားသည်။

ထို့နောက်. . .

'အဲဒီ အဘိုးကြီးဟာ ခင်ဗျားရဲ့အဖေဖြစ်သလို ကျုပ်ရဲ့ အဖေလည်း ဖြစ်တယ်ဗျ၊ ကျူးကော့ယွင့်ဟာ ကျုပ်ရဲ့အဖေ၊ ကျုပ်ရဲ့ အဖေ၊ ခု ခင်ဗျားရဲ့ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေပြီ၊ ကျုပ် အဖေ သေပြီ'

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄၈)

## ပြောင်းလဲသူ

အဘိုးဝကြီး ချာမင်နှင့်အတူ အဘိုးပိန်ကြီး ကူဇေ့တို့သည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကြသည်။

အကင်းပါးသော ဂိုဏ်းချုပ်ကြီးက ဝဲစောင်းကြည့်ပြီး. . .

'ဘယ်လို ဖြစ်သွားကြတာလဲ ဆရာကြီးတို့ရဲ့၊ ထိုင်ပါ ထိုင်ပါ' ဟု လှမ်းပြောသည်။

ဂိုဏ်းချုပ်ကြီးသည် ခံစားချက်မဲ့နေသော မိန်းမတစ်ယောက်ပေလော။

အဘိုးကြီးနှစ်ယောက်သည် အညို့ခံထားရသူများကဲ့သို့ ပြန်ထိုင်သွားကြသည်။



ဝန်ရင်မော်က တဟဲဟဲရယ်ပြီး 'ရှန်ဟိုင်းသုံးဦးဆိုတာ ဒီလိုကိုး' ဟု ရေရွတ်လိုက်သည်။

ထို့နောက်. . .

ဝန်ရင်မော်သည် သူ၏ဘဝနှင့် သူ့အတွေ့အကြုံများကို ဇာတ်ကာပတ်ကုံး ပြောပြနေတော့သည်။

သူ့စကားကို နားထောင်နေကြသော လူများသည် ရင်ခုန်နေကြလေပြီ။

ဂိုဏ်းချုပ်ကြီး၏မျက်နှာသည် ဝင်းလာလိုက်၊ ညှိုးသွားလိုက်၊ မဲ့သွားလိုက် ဖြစ်နေသည်။

သူ၏စကား ဆုံးသွားသောအခါ ချာမင်၏ ရေရွတ်သံပေါ်လာသည်။

'လက်စသတ်တော့ ဝန်ရင်ချို့ရဲ့ သားကိုး'

ကူဇေ့က ဘုပြောသည်။

'အဲဒါ ဘာဖြစ်သလဲ'

ဂိုဏ်းချုပ်ကြီးသည် လှုပ်ရှားနေသောစိတ်ကို ထိန်းသိမ်းနေရင်းက တဟင်းဟင်း ရယ်သည်။

သူမ၏ရယ်သံသည် ငိုသံအနည်းငယ် ပါနေသည်။

'လက်စသတ်တော့ သိုင်းလောကမှာ ကျော်ကြားနေတဲ့ ဗျပ်စောင်းဓားရှည် စာပေသမား ဝန်ရင်မော်ဟာ ကျွန်မရဲ့ မောင်လေးကိုး'

ထိုအသံသည် နှလုံးသားထဲမှ လှုပ်ခါပြီး ထွက်လာသော

www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးပင်။

ဝန်ရင်မော်သည် ခုမှ မချိပြုံး ပြုံးလာသည်။

'ခင်ဗျားက ကျုပ်ကို မောင်လေးတစ်ယောက်ရယ်လို့ အသိအမှတ်ပြုနေပြီလား'

ဤမေးခွန်းသည် ဂိုဏ်းချုပ်ကြီး၏နှလုံးသားကို လှုပ်ယမ်းလိုက်သောမေးခွန်းပင်။

'မောင်လေး. . . မောင်လေး၊ မင်းဟာ ငါ့မောင်လေး'

'ဟုတ်တယ်၊ ကျုပ်ဟာ ခင်ဗျားရဲ့မောင်လေးပဲ၊ ဒါပေမယ့်'

ဝန်ရင်မော်က စကားကို တစ်ပိုင်းတစ်စ ရပ်ပစ်လိုက်သည်။

ဂိုဏ်းချုပ်ကြီး၏ အသံက ငိုသံပါလာသည်။

"မမ နောင်တရပါပြီကွယ်၊ မမအတ္တကို မမ ဖျက်ဆီးပစ်နိုင်ပါပြီ၊ ခုချိန်ကစပြီး သိုင်းလောကကြီးကို လက်ဝါးကြီးအုပ် စိုးမိုးချင်တဲ့စိတ်ကို ဖျောက်ပစ်လိုက်ပါပြီ၊ ဖူတိန့်စန်းတောင်က လိုဏ်ဂူထဲကိုသွားပြီး အဖေအလောင်းကို ရှိခိုးကန်တော့ပါ့မယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း နောင်တ သံဝေဂပြုလုပ်ပါ့မယ်ကွယ်၊ ပြုလုပ်ပါ့မယ်'

မမျှော်လင့်သော အပြောင်းအလဲများကြောင့် ဝန်ရင်မော်အံ့သြသွားရတော့သည်။

'တကယ်လား တကယ်လား တကယ်လား'

ခေါင်းထဲတွင် အတွေးများ ဖြတ်ပြေးသွားသည်။

'အမြင်မှန်ရတာ မြန်လှချည်လားဗျာ'



'အတွေးအခေါ် ပြောင်းလဲမှုဟာ တစ်ခါတစ်ခါ မြန်ဆန်တတ်ပါတယ်ကွယ်၊ တို့မောင်နှမဟာ ဖခင်ကြီးရဲ့ စွန့်ပစ်မှုကို အတူတူ ခံစားခဲ့ကြရသူတွေပါ၊ ဒါတောင် မင်းက အဖေကို အဖေလို့ အသိအမှတ်ပြုနိုင်သေးရင် မမကကော ဘာဖြစ်လို့ အသိအမှတ်မပြုနိုင်ရတော့မှာလည်းကွယ်၊ ဒါကြောင့် အဖေ့အလောင်းကို ဂါရဝပြုချင်ပါတယ်၊ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ဖို့ စီစဉ်ပါမယ်၊ ပြီးရင် တို့မောင်နှမ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဆုံတွေ့ကြမယ်ကွယ်'

ဂိုဏ်းချုပ်ကြီးသည် ဝန်ရင်မော်ကို ပြောနေရာမှ ဘေးဘယ်သို့ လှမ်းကြည့်ပြီး အော်ဟစ်လိုက်သည်။

'ဟေးစီး စွန်းပုရှောက်၊ ပိုင်စီး ရွှေချန်ရိုး'

'အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

'ကျွန်မ ဖူတိန့်စန်းတောင်ပေါ် ကိုတက်မယ်၊ အစစအသင့်ပြင်လိုက်ပါ'

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး'

ညှိခန်းဆောင်ကြီးသည် ထူးထူးခြားခြား လှုပ်ရှားနေတော့သည်။

ဝန်ရင်မော်သည် ဂိုဏ်းချုပ်ကြီးကို ငေးကြည့်နေရင်းက ကျောက်ရုပ်လို ငြိမ်သက်နေတော့သည်။

xxx

ဝန်ရင်မော်သည် အဘိုးဝကြီးချာမင်၏ စိတ်အပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အလဲကို ဘဝင်မကျနိုင်ဘဲ ရှိနေသည်။

ဂိုဏ်းချုပ်ကလေး မော်လင်၏ အမူအရာကလည်း အလွန် ထူးခြားသည်။

သူ့မျက်နှာသည် တစ်စုံတစ်ရာ မကျေနပ်မှုကို ခံစားနေရ ကြောင်း ပေါ်လွင်လျက် ရှိနေသည်။

အဘိုးဝကြီး ချာမင်သည် အေးအေးဆေးဆေး ထိုင်နေ ဟန်နှင့် မော်လင့်လက်ကို ဆွဲကိုင်ထားသည်။

နေပုံထိုင်ပုံ ထူးခြားမှုမရှိသော်လည်း ဝန်ရင်မော့်စိတ်ထဲ တွင် မတင်မကျ ဖြစ်နေသည်။

တစ်စုံတစ်ရာ ထူးခြားနေသည်ဟု ထင်သည်။

ထို့ကြောင့် မော်လင့်အနားသို့ တိုးသွားပြီး. . .

'သူရဲကောင်းလေး မော်လင်၊ ကျုပ်တို့ အတူတူသွားကြ အောင်လား' ဟု ဖိတ်ခေါ်လိုက်သည်။

ချာမင် တုန်လှုပ်သွားသည်ကို တွေ့ရသည်။

'နေပါစေ သူရဲကောင်းဝန်၊ နေပါစေ၊ ဝန်သာ လွတ်လွတ် လပ်လပ် သွားပါ၊ သူ ကျုပ်နဲ့အတူလိုက်မှာပါ'

ဝန်ရင်မော် အားနာခြင်း မရှိတော့ချေ။

'ဘာဖြစ်လို့လည်း ဆရာကြီးချာမင်ရဲ့၊ မော်လင် ကျွန်တော့်ကို တစ်ခုခု ထုတ်ပြောမှာ စိုးရိမ်နေလို့လား'

အဘိုးဝကြီးချာမင်သည် မျက်နှာ ကွက်ခနဲ ပျက်သွား တော့သည်။

▶▶



ထိုအချိန်မှာပင် ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲက ဝန်ရင် မော့်အနား တိုးကပ်လာသည်။

'မောင်လေး ဝန်၊ မင်းက မော်လင့်အကြောင်း သိပ်မသိ သေးဘူးကွယ်၊ သူက မမကို မကျေမနပ် ဖြစ်နေတာ ကြာပြီ၊ အဲဒါ မမရဲ့ သိုင်းလောကာ စိုးမိုးရေးစိတ်ဓာတ်ကို မကျေမနပ် ဖြစ်နေ တာပဲ၊ သူ့ရင်ထဲမှာ ခုထိ မပြေနိုင်သေးဘူးကွယ့်. . . ဟင်း ဟင်း၊'

လီအောင်ရွှဲသည် အဘိုးဝကြီး ချာမင်ကို လှမ်းကြည့်ပြီး

'လွှတ်ပေးလိုက်ပါ ဆရာကြီးချာမင်၊ လွတ်လွတ်လပ်လပ် နေပါစေ'

အဘိုးဝကြီးချာမင် မကျေမနပ်ဖြစ်သွားပြန်သည်။

ထိုစဉ် မော်လင်က အဘိုးဝကြီး ချာမင်ကို မကျေနပ်သံနှင့် ပြောသည်။

'အဘိုးဝကြီးဟာ ပြောပြီးသား စကားကို ဘာဖြစ်လို့ ပြန် ပြင်လိုက်တာလဲ၊ အဘိုးဝကြီးလည်း တော်တော်အပြောင်းအလဲ မြန်တယ်'

'ဟားဟား. . . လူကလေးကလည်းကွာ၊ အရင်က အမြင်ကို မှားတယ်လို့ မြင်လာလို့ပေါ့ကွ၊ ဒါများ အဆန်းလုပ်လို့၊ လောကကြီးမှာ ဖြစ်ပေါ်နေတဲ့ အရာကိစ္စတွေဟာ အမြဲမပြတ် ပြောင်းလဲနေတာကွ. . . ဟားဟား၊ ကဲပါ. . . မင်းနဲ့ ငါ နောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့၊ ခု ဖူတိန့်စန်းတောင်ပေါ် သွားကြရမယ်'

▶▶

www.burmeseclassic.com



ချာမင်သည် မော်လင်ကို ပြောနေရင်းက ဂိုဏ်းချုပ်ကြီး
လှမ်းပြောပြန်သည်။

'ဂိုဏ်းချုပ်ကြီး . . . ကျုပ်နဲ့ မော်လင် အတူတူသွား
နေ'

'ဟင်းဟင်း. . . ဆရာကြီးချာက အဖြစ်သည်
လိုက်တာ၊ မော်လင် ဒီကို လာခဲ့'

ဂိုဏ်းချုပ်ကြီးက အပြုံးမပျက် လှမ်းခေါ်သည်။

အဘိုးဝကြီး ချာမင် မငြင်းသာတော့။

'သွားတော့ မော်လင် . . . သွားတော့' ဟု ပြောပြီး
ကိုင်ထားသော လက်ကို လွှတ်ပေးလိုက်ရတော့သည်။

▲ ▲ ▲



BURMESE CLASSIC

## အခန်း (၁၄၉)

### သံသယအစ

မော်လင်သည် ဝမ်းသာသွားဟန်နှင့် ဂိုဏ်းချုပ်ကြီးအနီး
ရောက်သွားသည်။

ထို့နောက် ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲ၏လက်ကို ဆွဲကိုင်
လျှောက်ထွက်ခဲ့တော့သည်။

မော်လင်သည် မျက်မှောင်ကြုတ်ပြီး ထိတ်ခနဲ ဖြစ်သွား
န်သည်။

'မေမေကြီး လက်ကလည်းဗျာ၊ အရင်နဲ့ကို မတူတော့ဘူး၊
ညံ့လိုက်တာ အရမ်းပဲ'

'အရှုးလေး ပေါက်ကရရေတွေ မပြောမနေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးသည် ရယ်ရယ်မောမောပြောရင်း မော်လင့်လက်ကို ဖြုတ်ချလိုက်သည်။

ရုတ်တရက် မောလင့်မျက်လုံးသည် ဂိုဏ်းချုပ်ကြီး၏ လက်မောင်းသားပေါ် ရောက်သွားသည်။

'ဟင်. .' မော်လင် မျက်လုံးပြူးသွားပြန်သည်။

'မမကြီး. . .'

'ဘာလဲ'

'ဩော်. . . ဟို ဟို မမကြီး လက်မောင်းက အမာရွတ်ကြီး ဘယ်ရောက်သွားတာလဲ'

'ဘာအမာရွတ်လဲ လူလေးရဲ့'

'မမကြီးကလည်း မေ့တတ်လိုက်တာ၊ စားပွဲပေါ်တင်ထားတဲ့ မီးပူကြီး ပြုတ်ကျလို့ မမကြီး ဒဏ်ရာရခဲ့တာလေ'

'ဒါများ အဆန်းလုပ်လို့ သားရယ်၊ မမမဲ့ဟာ ဆေးပညာ တတ်ကျွမ်းသူပါ၊ ဒါကြောင့်မို့ ပျောက်သွားတာပါ'

'မမကြီး အရင်ကပြောတာက အမာရွတ်ကို ကုလို့မရဘူးဆို'

'အရင်က ဆေးမတွေ့သေးလို့ သားရဲ့၊ ဆေးတွေ့တာတောင် သိပ်ကြာသေးတာ မဟုတ်ဘူး၊ ကဲ ကဲ. . . စကားများမနေစမ်းနဲ့၊ ဆရာကြီးနဲ့ ဦးလေးတော်တွေ စောင့်နေကြရတာကြာရောပေါ့. . . လာလာ'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှံ့သည် မော်လင့်စကားကို ဖြတ်

▶▶



း ရှေ့ကိုလျှောက်ထွက်သွားသည်။

သူတို့ပြောနေသည့် စကားများကို ကြားနေရသော ဝန်ရင်မော်သည် မျက်မှောင်ကြုတ်နေမိသည်။

ချာမင်နှင့် ကူဝေ့တို့လည်း တအံ့တဩ ဖြစ်နေကြသည်။

ထို့ကြောင့်. . .

'အမာရွတ်ပျောက်ဆေး ရှိလို့လားဗျာ' ဟု မေးမိတော့သည်။

ဂိုဏ်းချုပ်ကြီးက. . . .

'မောင်လေးဝန်ကလည်းကွယ်၊ ဘာဖြစ်လို့ ဒီလိုမေးနေရတာလဲ'

ဝန်ရှင်မော်က အဖြေဘဲ ဟက်ခနဲ ရယ်သည်။

'မမကလည်းဗျာ၊ ဒါများ အကြောင်းလုပ်လို့၊ နေပါဦး ဂိုဏ်းချုပ်ကြီးဟာ ကျုပ်မမဆိုတော့ ကျုပ်မမရဲ့ မျက်နှာကို ဘယ်လို နေသလဲဆိုတာ ကြည့်ပါရစေလား၊ ဇာပုဝါ မျက်နှာဖုံးစွပ် အမြဲ တပ်ထားတော့'

'မဖြစ်ဘူး မော်လေးဝန်၊ မမယောက်ျား ကွယ်လွန်ပြီး ကတည်းက မမမျက်နှာကို ဘယ်သူ့ကိုမှ ကြည့်မြင်ခွင့်မပေးခဲ့ဘူး လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် သားလေး မော်လင်တောင် ကြည့်မြင်ခွင့် မရခဲ့ဘူး'

'ကောင်းပါပြီဗျာ၊ ကောင်းပါပြီ'

ဝန်ရင်မော့်အသံ သရော်သံ ပါနေသည်။

▶▶

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ကဲ အချိန်မရှိဘူး သွားကြရအောင်'

ဂိုဏ်းချုပ်ကြီးက အားလုံးကို လောဆော်ပြီး ရှေ့ကိုတိုး သွားသည်။

ရုတ်တရက်. . .

'မသွားနဲ့၊ ခင်ဗျား ကျုပ်အမေ မဟုတ်ဘူး'

မော်လင့်အသံသည် မိုးချုန်းသံလို မြည်ဟိန်းသွားသည်။

ဝန်ရင်မော် ထိတ်ခနဲဖြစ်သွားသည်။ ချာမင်၏ ငေါက်သံ ပေါ်လာသည်။

'မော်လင် စကားကို အရမ်းမပြောနဲ့'

ဝန်ရင်မော်က ဝင်ပြောသည်။

'ပြောပါစေ ဆရာကြီး ပြောပါစေ၊ မော်လင်ပြောချင်သလို ပြောပါစေ၊ အစစ ကျုပ် တာဝန်ယူပါတယ်'

မော်လင်သည် ဝန်ရင်မော်၏အသံကို ကြားဟန်မရှိချေ။

'ခင်ဗျားဟာ ကျုပ်အမေမဟုတ်ဘူး၊ ကျုပ်အမေမဟုတ် ဘူး၊ ကျုပ်အမေဟန်ဆောင်နေတဲ့လူ၊ ခင်ဗျား ခင်ဗျား ဘယ်သူလဲ'

ရုတ်တရက်. . .

ဝန်ရင်မော်သည် ဂိုဏ်းချုပ်ကြီး၏ လက်တစ်ဘက်ကို ဖျတ်ကနဲ ချုပ်ကိုင်လိုက်လေပြီ။

'မောင်လေးဝန် ဘယ်လိုလုပ်တာလဲ'

ဂိုဏ်းချုပ်ကြီး အလွန်ထိတ်လန့်သွားသည်။

ဝန်ရင်မော်သည် ထိုအချိန်၌ မော်လင့်ကို သူဘေးသို့



ခေါ်ထားပြီးလေပြီ။

'သည်းခံပါ ဂိုဏ်းချုပ်ကြီး၊ မောလင့်ကို ကာကွယ် စောင့် ရှောက်ဖို့ ကျုပ်မှာ တာဝန်ရှိနေပါတယ်'

ထို့နောက် မော်လင့်ကို လှည့်ပြောသည်။

'မော်လင် ပြောစရာရှိတာ ဆက်ပြော'

'ကျွန်တော်မပြောတတ်ဘူး ဦး၊ ကျွန်တော့်မေမေကြီးနဲ့ တူတာတော့ အမှန်ပဲ'

ဂိုဏ်းချုပ်ကြီး၏ ဒေါသသံ ထွက်လာသည်။

'မော်လင် နင် ရူးနေသလား'

မော်လင် နှုတ်ဆိတ်သွားသည်။ ဘာမျှ မပြောရဲတော့ချေ။

'ခင်ဗျားတို့က ဘယ်လို ပြောချင်သလဲ ပြောပါ'

ချာမင်က စိတ်ထိန်းပြီး ကြွေ့ရရ ပြောလာသည်။

'သူဟာ ဂိုဏ်းချုပ်ကြီးပဲ၊ မော်လင် ပေါက်ကရတွေ ပြောနေတာပဲ၊ ရူးသွားသလားမှ မသိတာ'

'ဘာပြောတယ်. . . ဟားဟား ခင်ဗျားတို့ တော်တော် ယ်စရာကောင်းတယ်၊ မိခင်ရဲ့အကြောင်းကို သားသာ အသိဆုံး နားလည်လား'

'ကျုပ် အမြင်မှားနေလို့လား သူရဲကောင်းဝန်'

'ဆရာကြီး အမြင်မှားနေတယ်လို့ မစွပ်စွဲပါဘူး၊ ဆရာကြီး ချာမင်က တစ်ခုခုကို ထိန်ချန်ထားနေပြီလို့တော့ ယူဆမိပါတယ်'

'ဘာ ထိန်ချန်တာလဲ၊ စကားပြောရင် ကြည့်ပြောပါ ဝန်'

www.burmeseclassic.com

www.burmeseclassic.com



'ဝန်ရင်မော်သည် အဘိုးဝကြီး ချာမင်ကို လှည့်မကြည့်တော့ပေ။ ဂိုဏ်းချုပ်ကြီးကိုသာ စိုက်ကြည့်ပြီးပြောတော့သည်။

'ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားဟာ မော်လင့်အမေအရင်း ဖြစ်တယ်ဆိုရင် ဇာပုဝါ မျက်နှာဖုံးကို ချွတ်ပြပါ၊ ဘယ့်နှယ့်လဲ ကျုပ် တောင်းဆိုတာကို လိုက်လျောနိုင်ပါ့မလား'

ဂိုဏ်းချုပ်ကြီး မရယ်ချင့်ရယ်ချင် ရယ်သည်။

'မင်းတောင်းဆိုချက်ကို မလိုက်လျောနိုင်စရာ မရှိပါဘူး။ ငါ ဆုံးဖြတ်ချက်ကိုဖျက်ပြီး သက်သေပြပါ့မယ်'

ဝန်ရင်မော်သည် တစ်ချိန်လုံး ငြိမ်နေကြသည့် စီးမင်းရှန်းနှင့် ယိလူကိုပါ လှမ်းမေးလိုက်သည်။

'ခင်ဗျားတို့ကော၊ ဘာပြောချင်သေးသလဲ'

'ဘာမှ မပြောလိုပါဘူး သူ့ရဲကောင်းဝန်၊ ဒါပေမယ့် ဒီဂိုဏ်းချုပ်ကြီးဟာ ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကြီး အစစ်အမှန်ပါ'

အဘိုးပိန်ကြီး ကူငွေ့ကပါ၊ ဒေါသနှင့် ဝင်ပြောလာသည်။

'ဟုတ်တယ်၊ သူဟာ ကျုပ်တို့ ဂိုဏ်းချုပ် အစစ်အမှန်ပဲ'

'မော်လင်. . . ဘာပြောချင်သေးသလဲ'

ဝန်ရင်မော်က လှမ်းမေးသည်။

'ဂိုဏ်းချုပ်ကြီးဟာ ကျွန်တော့်အမေနဲ့ တူတာ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော့်အမေတော့ မဟုတ်ဘူး၊ ခက်နေတာက ဘာကြောင့် မတူတာလည်း ဆိုတာကို ခွဲခြား မပြတတ်တာပဲ၊ ကျွန်တော့်အမေ မဟုတ်တာတော့ အမှန်ပဲ'



ဝန်ရင်မော်ပြုံးနေပြီ၊ သူ့အပြုံးသည် အဓိပ္ပာယ်ကြီးမားသော အပြုံးပင်။

'ကျုပ် သဘောပေါက်ပါပြီ၊ စီးမင်ရှန်နဲ့ ယိလူဟာ အမှန်ကို မသိတာအမှန်ပဲ၊ ဆရာကြီးနှစ်ယောက်ကတော့ အမှန်ကို သိနေပါတယ်၊ ဒါပေမယ့် အမှန်ကို ထုတ်ဖော်မပြောရဲကြဘူး'

ချာမင်နှင့် ကူငွေ့သည် ကြွေဆည်မရအောင် တုန်လှုပ်ချောက်ချားနေကြလေပြီ။

ဝန်ရင်မော်သည် ဂိုဏ်းချုပ်ကြီးကို စူးစူးရဲရဲ စိုက်ကြည့်နေလေပြီ။

'ကဲ. . . ဘာပြောချင်သေးသလဲ ဂိုဏ်းချုပ်ကြီး'

'ဟင်းဟင်း. . . ကျွန်မခေါင်းထဲမှာ ရှင့်လို အမြင်မျိုး ရှိနေပါ တယ်ရှင်'

ဂိုဏ်းချုပ်ကြီး၏ ခေါ်ဝေါ်သုံးစွဲမှုသည် တမုဟုတ်ချင်း ပြောင်းလွှဲသွားလေ၏။

ချာမင်နှင့် ကူငွေ့သည် တုန်လှုပ်ခြင်း မရှိကြသော်လည်း စီးမင်ရှမ်းနှင့် ယိလူတို့သည်ကား သိသိသာသာကြီး တုန်လှုပ်ချောက်ချားသွားကြလေ၏။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅၀)

## နောက်ကြောင်း

'ဂိုဏ်းချုပ်ကြီး'

ယိလူသည် လန့်ဖျပ်ပြီး လှမ်းအော်လိုက်မိ၏။

သူမသည် အခြေအနေမှန်ကို နားမလည်သော မိန်းမပျိုလေးပေတကား။

ထိုအခါကျမှ အဘိုးပိန် ကူဝေ့က အေးစက်စက်ပြောလာသည်။

'မိန်းကလေး၊ ခုမြင်ရတဲ့ ဂိုဏ်းချုပ်ကြီးဟာ မိန်းကလေးတို့ရဲ့ ဂိုဏ်းချုပ်ကြီး မဟုတ်ဘူး၊ ထန်းရှန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ ခုမြင်နေရတဲ့ ဂိုဏ်းချုပ်ကြီးရဲ့လက်ထဲ ကျရောက်နေခဲ့ပြီကွယ့်'



'အဘိုးပိန် တတယ်ပြောနေတာလား၊ တကယ်ပြောနေတာလား'

ယိလူ၏အသံသည် ထိတ်လန့် တုန်ခါနေလေပြီ။

ဂိုဏ်းချုပ်ကြီးက အေးစက်စက် ဝင်ပြောလာ၏။

'ဆရာကြီးကူ ပြောတာ အမှန်ပဲ မိန်းကလေး'

ညှိခန်းဆောင်ထဲ၌ ရှိနေသူများသည် မင်သက်ငေးကြောင်ပြီး တုန်လှုပ်ချောက်ချား နေကြတော့သည်။

'ကျုပ်အမေကို ပြန်ခေါ်ပေး'

မော်လင်၏ ကလေးဆန်သော ဒေါသသံထွက်လာသည်၊ ထို့နောက် ဂိုဏ်းချုပ်ကြီးကို ခုန်အုပ်ပြီး တိုက်ခိုက်တော့သည်။

ဂိုဏ်းချုပ်ကြီး မော်လင်၏ တိုက်ခိုက်မှုကို ဖျတ်ခနဲရှောင်ပေးလိုက်ပြီး တဟင်းဟင်း ရယ်တော့သည်။

ဝန်ရှင်မော်သည် မော်လင့်ကို ဖမ်းဆွဲလိုက်ပြီး ဘေးသို့ တွန်းထုတ်ပစ်လိုက်သည်။

'စီးမင်ရှန်းနဲ့ ယိလူ၊ မော်လင့်ကို ကာကွယ်စောင့်ရှောက်ပါ'

ဝန်ရှင်မော်သည် အလောတကြီး လှမ်းပြောပြီးသည်နှင့် ဂိုဏ်းချုပ်ကြီးနှင့် မျက်နှာချင်းဆိုင်တော့သည်။

'ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပါ'

ဂိုဏ်းချုပ်ကြီးက ဝန်ရှင်မော်ကို စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘယ်သူဆိုတာ ရှင် တကယ်မသိသေးဘူးလား ဟင်းဟင်း၊ ကျွန်မဟာ ရှင်နဲ့အတူတူ တစ်အိပ်ရာ တစ်ခြင်ထောင်ထဲ အိပ်ခဲ့တဲ့လူလေ၊ သားသမီး မရခဲ့တာပဲ ရှိပါတယ်၊ ရှင် ကျွန်မကို ခုထိ မမှတ်မိသေးဘူးလား'

ဝန်ရှင်မော်သည် မိုးကြိုးပစ်ခံလိုက်ရသလား အောက်မေ့လိုက်မိသည်။

'မင်း. . . မင်း မေမုန့်ချူ'

ဝန်ရှင်မော့်အသံသည် အခန်းဆောင်တစ်ခုလုံး ဟိန်းသွားသည်။

သူ့မျက်စိကိုပင် မယုံနိုင်အောင် ခံစားလိုက်ရသည်။

'ဟုတ်ပါတယ်၊ ရှင့် ဇနီးမယား ဖြစ်ခဲ့ဖူးတဲ့ မေမုန့်ချူပါ'

'မင်း မင်း ဘာဖြစ်လို့ ဒီလို လုပ်နေခဲ့တာလဲ'

မေမုန့်ချူက ဝန်ရှင်မော်အမေးကို မဖြေ။ သူပြောလိုရာကိုသာ ပြောလာသည်။

'ကျိုအိမ်တော်ကို မီးရှို့ခဲ့သူဟာ ဝန်ရှင်မော့်ဇနီး ဖြစ်တယ်လို့ ကျွန်မ ပြောခဲ့ပြီးပါပြီ'

ဝန်ရှင်မော်သည် သက်ပြင်းကိုသာ ဟူးခနဲ မှုတ်ထုတ်လိုက်မိတော့သည်။

'ရှင် ဘာသိချင်သေးသလဲ၊ လောလောဆယ်ကိစ္စလား၊ ကျိုအိမ်ကိစ္စလား'

'နှစ်ခုစလုံး'



ဝန်ရှင်မော့်အသံသည် မာပြီး ပြတ်နေပြီ။

'ကျိုအိမ်တော်ကို မီးလောင်တိုက်သွင်းခဲ့တာဟာ ကျိုကုံးချွင်ရဲ့ အန္တရာယ်စက်ကွင်းထဲက လွတ်မြောက်ချင်လို့၊ ဒီကိစ္စကို စွန်းပုရှောက်ကို ရှင်းခိုင်းခဲ့ပြီးပါပြီ'

'ဆက်ပြော'

'ကျိုကုံးချွင်ကို တစ်ဦးချင်း တိုက်ခိုက်ပြီး ပညာစမ်းချင်လို့'

'ကျုပ်ကို ကျိုကုံးချွင် ဒုက္ခပေးခဲ့တာကို သိတယ်မဟုတ်လား'

'သိပါတယ်၊ ကြိုပြီး သိထားခဲ့တာပါ'

ဝန်ရှင်မော် ဒေါသ တထောင်းထောင်းထွက်လာတော့၏။

ဤမိန်းမသည် ဇနီးမယား မဖြစ်သင့်သော မိန်းမဆိုးပေတကား။

ဝန်ရှင်မော်၏ဇနီးအပေါ် ထားခဲ့သောမေတ္တာများသည် တမုဟုတ်ချင်း ပျက်သုန်းရလေပြီတကား။

'မင်းဟာ. . .'

ဝန်ရှင်မော်၏ စကားလုံးများသည် လည်ချောင်းထဲတွင်သာ ပျောက်ကွယ်သွားကြသည်။

'ကျွန်မဟာ ရှင့်ကို ပြောပြသင့်ပါတယ်၊ ဒါပေမယ့် ရှင်က ရူးနေပြီ၊ ကျွန်မ ဒီလိုပဲ ယုံခဲ့တယ်၊ တကယ်တော့ ကျွန်မ အနေနဲ့ ဒီကိစ္စတွေကို သိုင်းလောကကို စောစောစီးစီး တင်ပြခဲ့သင့်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်'

မေမုန့်ချိုသည် စကားကို တစ်ပိုင်းတစ်စနှင့် ဖြတ်ထ
လိုက်လေသည်။

အတန်ကြာမှ. . . .

'ဒါပေမယ့် ကျွန်မမှာ သိုင်းလောကကိုတင့်ပြနိုင်လော
တဲ့ခိုင်လုံတဲ့အထောက်အထားတွေ မရှိခဲ့ဘူး၊ နောက်တစ်ချက်
'တို့ဟာ သိုင်းလောကမှာ ရှင်ကလွဲရင် ထိပ်တန်းရော
နေတဲ့လူ၊ ဒီတော့ ကျွန်မရဲ့စကားကို ဘယ်သူကမှ လက်သင့်ခံ
ယုံကြည်ကြမှာ မဟုတ်ဘူး၊ တို့ကုံးချွင်ကို အများရှေ့မှာ လက်
ထိုးပြီး စွပ်စွဲရင်လည်း ကျွန်မအသက် ဆုံးရှုံးရုံကလွဲပြီး ဘာ
အကျိုးရှိမှာ မဟုတ်ဘူး'

'ဆက်ပြောပါ၊ မေမုန့်ချို'

'ဟုတ်ကဲ့၊ ပြောပါ့မယ် ၈န်၊ ရှင်ရှုးပြီး ပျောက်နေတဲ့အ
မှာ၊ ကျွန်မဟာ တစ်ယောက်တည်း ရပ်နေရတဲ့သူပါ၊ ကို့ကုံးချွ
လက်တုန့်ပြန်ဖို့ စိတ်ကူးနေခဲ့ပေမယ့်လည်း ကျွန်မခွန်အားနဲ့
နိုင်တဲ့အခါ မဟုတ်ပါဘူး၊ ဒါကြောင့် နောက်ဆုံးမှာ ထန်းရှန်းဝို
ကို အသုံးချခဲ့ရတာပါပဲ'

မေမုန့်ချို၏အသံသည် တုန်ရင်အက်ကွဲလာသည်။

သူမသည် စိတ်ထိခိုက်နေပြီဖြစ်သဖြင့် ခေါင်းငုံ
မျက်ရည်ဝိုင်းနေလေပြီ။

ဝန်ရင်မော်သည် စိတ်ထဲ ရှင်းလင်းလာသဖြင့် ခေါင်း



ိတ်ညိတ်လုပ်နေတော့သည်။

'ဒါကြောင့် မေမုန့်ချို ဒီလိုလုပ်ခဲ့မိတာကိုး'

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅၁)

## စိတ်ကူးယဉ်မိသူ

ဝန်ရင်မော်သည် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေရင်းက ရုတ်တရက် လှမ်းမေးပြန်သည်။

'မေမုန့်ချူး၊ ရွှေချန်ရိုးနဲ့ စွန်းပုရှောက်တို့က နဂိုမူလကတည်းက မင်းရဲ့လူတွေလား'

'မဟုတ်ပါဘူး ဝန်၊ ကျို့ရဲ့လူတွေပါ။ ဒါပေမယ့် ကျို့ရဲ့ယုတ်မာတဲ့အကြံအစည်ကို သိလို့ ကျွန်မဘက် ရောက်လာပြီး ကျွန်မကို ကူညီခဲ့ကြတာပါ'

'ဒါဖြင့်ရင် သူတို့နှစ်ယောက်ဟာ ဘာဖြစ်လို့ ပိုင်စီးနဲ့ ယောစီး ဖြစ်နေကြတာလဲ'

▸▸



'ကျွန်မကိုယ်တိုင် ထန်းရှန်းဂိုဏ်းချုပ်နေရာကို ရရှိနေမှ
တာ့ သူတို့နှစ်ယောက်ကို နေရာပေးဖို့ဆိုတာ ခက်ခဲတဲ့ကိစ္စ မဟုတ်
တာ့ပါဘူး'

မေမုန့်ချူးသည် သက်ပြင်းငယ်လေး ချလိုက်ပြီး မင်ယေ
သ ပြောလာပြန်သည်။

'ဝန့်ကို ခုနက ချက်ချင်းသန်မခံခဲ့တာဟာ ကျွန်မ စိတ်ကူး
ဉ်သွားခဲ့တာပါ'

'ဘယ်လိုစိတ်ကူးယဉ်တာလဲ'

ဝန်ရင်မော်၏အသံသည် မာနေဆဲဖြစ်သည်။

မေမုန့်ချူးက. . . .

'ဒီလိုပါဝန်၊ ကျွန်မစိတ်ကူးက ဘိုးဘိုးကို ဝန်ချတောင်းပန်
းတဲ့နောက်မှာ ရှင့်ကို အမှတ်မထင် 'ဝမ်းသာသွားစေချင်လို့ပါ'

ဝန်ရင်မော်သည် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ
ပေ။

မေမုန့်ချူးသည် အနေရအထိုင်ရ ခက်လာဟန်နှင့်
ခေါင်းငုံ့သွားတော့သည်။

'နေပါဦး၊ မင်းက စီးမင်ရှန်းနဲ့ ယိလူကို. . .'

'ဟင်းဟင်း. . . သူတို့နှစ်ယောက်ဟာ ကျွန်မရဲ့လုပ်ငန်း
အောင်မြင်ရေးကို အများဆုံး ကူညီခဲ့ကြသူတွေပါ ရှင်၊ ဒါကြောင့်
သူတို့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရှင့်လက်ထဲ အို. . . ရှင် မကြိုက်
င် ဒီအစီအစဉ်ကို ချက်ချင်း ပယ်ဖျက်လိုက်ပါ့မယ်ရှင်'

▸▸

www.burmeseclassic.com

www.burmeseclassic.com



ဝန်ရင်မော်သည် ချီသည် ခါးသည် မပြောဘဲ ငြိမ်ငြိမ်ငြိမ် နေပါ၏။ ရွှေချန်ရိုးလည်း မျက်နှာပျက်ခြင်း မရှိပါ။

စွန်းပုရှောက်ကား အမူအရာ ပြောင်းသွားသည်။

'ဒီအကြောင်းကိစ္စတွေကို စောစောကတည်းက ပြောကြားခဲ့ရင် ထန်းရှန်းပိုဏ်းကျ အစွမ်းကုန် ကူညီမှာပါဗျာ၊ ဝန့်ကိုလည်း အပင်ပန်းခံပြီး ဖမ်းခေါ်လာဖို့ မလိုပါဘူး၊ ခုတော့...'

ချာမင်က ဝင်ပြောသည်။

ရုတ်တရက် ဝန်ရင်မော်က လှမ်းမေးလာသည်။

'မေမုန့်ချူး...ဂိုဏ်းချုပ်ကြီး ဘယ်မှာ ရှိနေသလဲ'

မေမုန့်ချူးက ချက်ချင်းမဖြေ။ စဉ်းစားသလို လုပ်လိုက်ပြီးမှ...

'လိုဏ်ဂူထဲက ဘိုးဘိုးကိုသာ အမြန်ဆုံး ရှိခိုးကန်တော့ခွင့်ပြုပါဝန်၊ ပြီးရင် ကျွန်မကိုယ်တိုင် ခေါ်ဆောင်ပေးပါ့မယ်၊ နောက်ပြီး သူ့ဆီက ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ကျွန်မကိုယ်တိုင် တောင်းခံပါ့မယ်'

'ကောင်းပြီ၊ ပြောတဲ့အတိုင်း ဖြစ်ပါစေ၊ ကဲ... ဆရာကြီးနှစ်ယောက်က ဆရာကြီး လိန်ကူးချီကို အမြန်ဆုံး ထုတ်ပေးကြပါ'

ချာမင်က...

'ခင်ဗျားဇနီး...' ဟုဆိုပြီး ရပ်သွားသည်။

ဝန်ရင်မော်က...

'ကျုပ် ဇနီးက ကန့်ကွက်မှာ မဟုတ်တော့ပါဘူး၊ ဆရာကြီးတို့သာ လိုအပ်သလို ဆောင်ရွက်လိုက်ကြပါ'



'ကောင်းပါပြီ ဝန်၊ ကျုပ် ခုပဲ အမိန့်ထုတ်ပေးလိုက်ပါ့မယ်'

အကျီဝါ စည်းကမ်းထိန်းကြီး ငါးယောက်သည် အဘိုးဝကြီး ချာမင်ထံမှ အမိန့်ရသည်နှင့် ခန်းမဆောင်ထဲမှ ပြေးထွက်သွားကြတော့သည်။ ဝန်ရင်မော်သည် မေမုန့်ချူးကို သဲသဲယမျက်လုံးနှင့် ကြည့် နေတုန်းပင်။

'မုန့်ချူး၊ မင်းက လိန်ကူးချီကို ဘာဖြစ်လို့ ဖမ်းဆီး ချုပ်နှောင်ထားတာလဲ'

'ဟင်းဟင်း... ဝန်ရယ် ထိပ်တန်းရောက် သိုင်းပညာရှင်ကြီး ဖြစ်နေလျက်နဲ့ ဒီလောက်တောင် မစဉ်းစားတတ်တော့ဘူးလားရှင်၊ ကျွန်မဟာ လိန်ကူးချီလို လူမျိုးကို ဖမ်းဆီးချုပ်နှောင်ထားနိုင်ပါ့မလား၊ သိချင်ရင်တော့ သူရောက်လာမှ သေသေချာချာ မေးကြည့်ပါတော့ရှင် ...ဟင်းဟင်း'

ဝန်ရင်မော်သည် မေမုန့်ချူးကို စိုက်ကြည့်ပြီး လှမ်းပြောသည်။

'အကောင်းဆုံးက လိန်ကူးချီကို မပြစ်မှားမိဘူးဆိုရင် အကောင်းဆုံးပဲ၊ ကဲ... ပထမဆုံးလုပ်သင့်တာက ဂိုဏ်းချုပ်ကြီးလီကို ပင့်ခေါ် ထုတ်ယူနိုင်ဖို့ပဲ၊ ဂိုဏ်းချုပ်ကြီးဟာ ကျုပ်ရဲ့ အစ်မကြီးဖြစ်တယ်'

'ကောင်းပါပြီ ဝန်၊ လိန်ကူးချီ ရောက်လာမှ သွားကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မေမုန့်ချူးက မင်သေသေ ပြောသည်။

ဝန်ရင်မော်သည် အဘိုးဝကြီး ချာမင်နှင့် အဘိုးပိန်ပြ ကူဇော့ကို လှမ်းကြည့်ပြီး ရိုရိုသေသေ ဂါရဝပြုသည်။

'အမှားမှား အယွင်းယွင်း ဖြစ်ခဲ့တာတွေရှိရင် ခွင့်လွှတ် လို့ တောင်းပါတယ် ဆရာကြီး'

'ဟားဟား. . . ကိစ္စမရှိပါဘူး ဝန်၊ အချင်းချင်းပေ ဖြစ်နေပြီပဲဟာ၊ ခင်ဗျားရဲ့ဇနီး မေမုန့်ချူးက ကျုပ်တို့ကို မနိုပ်စက် ပါဘူးဗျ၊ သူ့လုပ်ကွက်က အင်မတန်ပိုင်တဲ့လုပ်ကွက်ပဲ၊ ကျူ ညီအစ်ကိုတောင် အမှန်ကို သိနေလျက်နဲ့ သက်ပြင်းလေးတော မချနိုင်ခဲ့ဘူး'

'နောက်ကြောင်း ပြန်မနေပါနဲ့တော့ရှင်၊ ကျွန်မ မနေတ တော့ဘူး'

မေမုန့်ချူးက ရှက်ရွံ့ဟန်ဖြင့် နှုတ်ခမ်းစူပြသည်။

ထိုအချိန်မှာပင် လိန်ကူးချီ ရောက်လာသည်။

ရောက်သည်ဆိုသည်နှင့် အူကြောင်ကြောင် ဖြစ်နေသေ ဝန်ရင်မော်ကိုကြည့်ပြီး တဟားဟား ရယ်တော့သည်။

'ဟုတ်တယ် ညီလေးဝန်၊ မိန်းကလေးဟာ မင်းရဲ့ဇ မေမုန့်ချူးပါကွ၊ ရှင်းပြီ မဟုတ်လား'

ဝန်ရင်မော် ခေါင်းမညိတ်နိုင်သေးပေ။လိန်ကူးချီသည် ဒုက္ခရောက်နေဟန်၊ ဒုက္ခရောက်ခဲ့သူဟန် မရှိချေတကား။

သို့သော်. . . .

▶▶



ဝန်ရင်မော် တောင်းပန်ဖြစ်အောင် တောင်းပန်လိုက်သေး သည်။

'အစ်ကိုကြီး လိန်ကူးချီကိုလည်း တောင်းပန်ပါတယ်ဗျာ'

"ကိစ္စမရှိပါဘူးကွာ၊ တောင်းပန်နေဖို့ မလိုတော့ပါဘူး၊ နေပါဦး ကျို့ကုံးချွင် ဘယ်ရောက်နေလဲ'

'သူ့ကိုသူ သတ်သေသွားပါပြီ အစ်ကိုကြီးလိန်'

ဝန်ရင်မော်က အဖြစ်အပျက်ကို အတိုချုံးပြီး ရှင်းပြလိုက် သည်။လိန်ကူးချီသည် တဟဲဟဲရယ်ပြီး ပြောတော့သည်။

'ကောင်းတယ်၊ ကိုယ့်မိတ်ဆွေရဲ့မယားကိုတောင် မရှောင် ဘဲ အကြံပက်စက်တဲ့ကောင် သေမှကောင်းတယ်၊ ဒီကောင် ဟာ မင်းတို့လင်မယားကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ကောင်၊ လောက မှာ အညံ့ဆုံး၊ အဖျင်းဆုံးလူပဲ၊ အဲ. . . သူဟာ ဆန့်ကျင်ဘက် အနေအထားအရ သနားစရာကောင်းတဲ့ လူတစ်ယောက်လည်း ဖြစ်ခဲ့တယ်ကွ. . . ဟား ဟား'

ဝန်ရင်မော် အံ့ဩသွားသည်။

လိန်ကူးချီ၏ စကားသည် မည်သို့သော စကားပေနည်း။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅…)

## သိုင်းကျမ်းနှင့်အသ…

'အစ်ကိုကြီး ဘယ်လို ပြောလိုက်တာလဲဗျာ'

ဝန်ရင်မော်က မျက်မှောင်ကြုတ်ပြီး မေးသည်။

လိန်ကူးချီက မျက်ခုံးချီပြီး ပြောသည်။

'မင်း မသိသေးလို့ပါကွ၊ ကျို့ကုံးချင်ဟာ အဆင့်မြင့် ထိ… တန်းသိုင်းသမားတစ်ယောက်ဖြစ်ပေမယ့် သူများ အသုံးချတာ… ခံခဲ့ရတဲ့လူကွ'

လိန်ကူးချီ၏စကားကြောင့် ရွှေချန်ရိုးကော စွန်းပုရှောင်… ပါ မျက်နှာပျက်သွားကြသည်။

မေမုန့်ချူးကား တည်ငြိမ်နေဆဲပင်။

▶▶



ဝန်ရင်မော်က. . . .

'သူက ဘယ်သူ့ အသုံးချတာကို ခံခဲ့ရတာလဲ'

'မင့် မိန်းမလေကွာ၊ မေမုန့်ချူးပေါ့'

လိန်ကူးချီက မေမုန့်ချူးကို လက်ညှိုးထိုးပြသည်။

ဝန်ရင်မော် ထိတ်လန့်တုန်လှုပ်သွားသည်။

မေမုန့်ချူးကို လှမ်းကြည့်ပြီး လိန်ကူးချီကို မေးသည်။

'ရှင်းပြစမ်းပါဦး အစ်ကိုကြီး'

'ငါက မင့်မိန်းမ မေမုန့်ချူး ပြောတဲ့စကားကို ကြားခဲ့လို့ ပါကွ'

'မယုံရင် မင်းကိုယ်တိုင် မေမုန့်ချူးကို မေး'

'မုန့်ချူး'

ဝန်ရင်မော်က လှမ်းခေါ်သည်။

မေမုန့်ချူးသည် အပြုံးမပျက်ပါ။

'လိန်ကူးချီပြောတာ မှန်ပါတယ်၊ ကျွန်မက သူ ကြားမိမယ် မထင်ခဲ့ဘူး၊ ဒီကိစ္စကို အသေသေချာချာ ပြန်ပြီးစဉ်းစား ကြည့်ရင် ကိုယ့်ကိုယ်ကို သတ်သေချင်မိပါတယ် ဝန်'

'နောက်ပြောင် ပြောမနေနဲ့ မုန့်ချူး'

'ကျွန်မ နောက်ပြောင်နေတာ မဟုတ်ပါဘူး၊ တကယ်ပြော နေတာပါ၊ ကျို့ဟာ တကယ်တမ်းကျတော့ အင်မတန်တုံးပြီး အင် မတန်အတဲ့လူပါ၊ ကျွန်မ တစ်ခွန်းထဲ ပြောလိုက်တာနဲ့ တကယ် လျှောက်လုပ်တော့တာပဲ'

▶▶

www.burmeseclassic.com

www.burmeseclassic.com



ဝန်ရင်မော်သည် အလွန်ထိတ်လန့်သွားသဖြင့် နောက်သို့ပင် ခြေနှစ်လှမ်းမျှ ဆုတ်သွားမိသည်။

'မုန့်ချူ မင်းကို ငါ မယုံကြည်နိုင်တော့ဘူး၊ မယုံကြည်နိုင်တော့ဘူး'

ဝန်ရင်မော်သည် အဖြေတစ်ခုကို ဖျတ်ခနဲ ရရှိလာသဖြင့် ခပ်ကျယ်ကျယ်အော်ပြောပြန်သည်။

'ကျုပ်ကို ဒုက္ခပေးခဲ့သူဟာ ကျိူ့ကုံးချွင် မဟုတ်ဘူးလား ကျိူ့ကုံးချွင် မဟုတ်ရင် ဘယ်သူလဲ၊ ပြော. . . ပြော'

ဝန်ရင်မော်သည် အလွန်စိတ်လှုပ်ရှားနေလေပြီ။

'ဟား ဟား ဟား. . . သိရမှာပေါ့ဗျာ၊ သိရမှာပေါ့'

စွန်းပုရှောက်သည် ခွက်ထိုးခွက်လန် ရယ်ရင်း ပြောလေသည်။ ဝန်ရင်မော်၏မျက်နှာသည် ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

လိန်ကူးချီက ဝင်ရှင်းသည်။

'မုန့်ချူဟာ အာဂမုန့်ချူပဲ ဝန်ရင်မော်၊ အဲ. . . သူ မင်းရဲ့ဇနီးမယားဖြစ်နေတော့ ပြောဖို့ခက်တယ်ကွ၊ ဒါပေမယ့် ပြောချင်ပါတယ်၊ ကျိူ့ကုံးချွင်ဟာ မေမုန့်ချူရဲ့ ရမ္မက်ကွန်ထဲ မိနေတဲ့လူဆိုတော့ မုန့်ချူ အသုံးချတာကို ခံခဲ့ရတာပဲ၊ အဓ ကျိူ့ကုံးချွင်ဟာ သိုင်းလောကမှာ ဗိုလ်ပဲ၊ ဒါပေမယ့် ဝန်ရင်မော် တဲ့လူ ပေါ်လာတော့ ကျိူ့ကုံးချွင်အတွက် ပြိုင်ဘက်ဖြစ်လာတယ် ဒီတော့ မုန့်ချူက သူရည်ရွယ်ချက်နဲ့သူ မင်းကို. . . .'



'ဟင်. . . ဒီလိုဆိုရင် စောစောကတည်းက ပြောပါလားဗျာ'

'ပြောချင်တာပေါ့ ငါ့ညီရယ်၊ ဒါပေမယ့် ငါ့ကိုယ်တိုင်ကလည်း ထန်းရှန်းဂိုဏ်းလက်ထဲမှာ ကျရောက်နေခဲ့သူဆိုတော့ မင်းရဲ့မယား မေမုန့်ချူသာ ခုလို ထွက်ပေါ်မလာရင် ဒီစကားကို ခုလို ဘယ်ပြောနိုင်တော့မှာလဲကွာ၊ ငါ့အခြေအနေက ငါကြားခဲ့တဲ့ စကားတွေကို ခုလို မပြောနိုင်ဘဲ ခေါင်းထဲထည့်ပြီး ယူသွားရမှာကွ'

ဝန်ရင်မော်သည် အံကိုတင်းခနဲ ကြိတ်လိုက်မိတော့သည်။ မေမုန့်ချူသည် တစ်စုံတစ်ရာသော အကြောင်းနှင့် မိမိကို အဆိပ်ခတ်ခဲ့သူ၊ အဓိကတရားခံပေတကား။ ကျိူ့ကုံးချွင်သည် သူမ၏ ပရိယာယ်ညွှတ်ကွင်းတွင် သက်ရှင်လှုပ်ရှား နေခဲ့ရသူပေတကား။

ဝန်ရင်မော်သည် လှုပ်ရှားနေသော စိတ်ကိုထိန်းပြီး လိန်ကူးချီကို မေးပြန်သည်။

'အစ်ကိုကြီး လိန်၊ ဘာဖြစ်လို့ ခုလိုပြောနေတာလဲ'

'ငါ့ညီဝန်ကို အမှန်အတိုင်း မြင်စေချင်လို့ပေါ့ကွာ'

'ခု မုန့်ချူမှ မသေသေးဘဲ အစ်ကိုကြီးရဲ့'

'ဟားဟား၊ သူသေမှ ပြောတာထက် ခုလို ပြောင်ပြောင်တင်းတင်း ပြောကြတာ ဘယ်ဟာက ကောင်းလဲ ဝန်ရဲ့၊ ငါပြောတာ မမှန်ရင် သူငြင်းလို့ ရတာပေါ့၊ အေး. . . သူအမှန်ကို ဝန်ခံဆိုင်ရဲ

www.burmeseclassic.com

www.burmeseclassic.com



သလား၊ မရဲဘူးလား ဆိုတာကတော့ သူ့အပေါ်မှာ မူတည်နေတာပဲ'

ဝန်ရင်မော်သည် မေမုန့်ချူးကို စူးစူးရဲရဲကြီး စိုက်ကြည့်နေတော့သည်။ မေမုန့်ချူးသည် တုန်လှုပ်မှု အလျဉ်းမရှိချေတကား။

'မုန့်ချူး. . . မင်းနဲ့ငါ ရန်ငြိုးရှိသူတွေလား'

'ဟင်း. . . ဟင်း၊ နောင်မှ ကျွန်မ ပြောပြပါမယ်ရှင်'

ဝန်ရင်မော်ရင်ထဲ ရှင်းလင်းသွားပေပြီ။ မေမုန့်ချူးသည် ရန်သူ ချစ်ဇနီး ဖြစ်နေလေပြီတကား။ ဝန်ရင်မော်က ထပ်မေးပြန်သည်။

'နောင်ဆိုတာ ရှိသေးလို့လား မုန့်ချူး'

'ရှိတာပေါ့ရှင်၊ သိပ်ရှိတာပေါ့၊ ဟောဒီမှာ ရှိနေကြတဲ့ လူတွေဟာ ကျွန်မကို သတ်နိုင်တဲ့လူတွေ မဟုတ်ပါဘူး'

'ကိုယ့်ကိုယ်ကို ဒီလောက် အထင်ကြီးမနေနဲ့ မုန့်ချူး လူတိုင်းမှာ သူ့အစွမ်းနဲ့သူ ရှိနေကြတယ်'

'ရှင်ပြောတာကို ကျွန်မ မငြင်းပါဘူး၊ ဒါပေမယ့် ရှင့်မ ဂိုဏ်းချုပ်ကြီးဟာ ကျွန်မလက်ထဲမှာ ရှိနေပါတယ်'

ထန်းရှန်းဂိုဏ်းသားများသည် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားကြသည်။ မေမုန့်ချူးက ရယ်ပြီး ဆက်ပြောသည်။

'ကျွန်မကိုယ်မှာ မှဲ့တစ်ပေါက် စွန်းသွားရင်တော့ အဲဒီ ဂိုဏ်းချုပ်ကြီးကို တစ်သက်လုံး မြင်ကြရတော့မှာ မဟုတ်ပါဘူးရှင်'

ကူဝေ့၏ ဒေါသသည် ငယ်ထိပ်သို့ တက်လာတော့သည်။

'နင် လုပ်ရဲသလား'



'ဟင်းဟင်း. . . လူတွေဟာ ကိုယ့်အသက်ကို တန်ဖိုးထားကြပါတယ်ရှင်'

ငြိမ်နေသော ချာမင်က ကူဝေ့ကို လှမ်းတားသည်။

'ဒေါသမကြီးနဲ့ ညီလေး၊ ဒေါသကြီးရင် မှားမယ်'

ကူဝေ့သည် စိတ်ကို မနည်းထိန်းချုပ်နေရတော့သည်။ သို့သော် သူ့မျက်နှာသည် နဂိုထက် အဆများစွာ ကြောက်စရာ ကောင်းလာသည်။

ဝန်ရင်မော် သက်ပြင်းချမိတော့သည်။

မေမုန့်ချူးက. . .

'ကျွန်မ တစ်ခု တောင်းဆိုချင်ပါတယ်'

'ပြောပါ၊ ဖြစ်နိုင်တာဆိုရင် မငြင်းပယ်ပါဘူး'

မေမုန့်ချူးသည် အပေါ်စီး ရနေသဖြင့် တစ်ခစ်ခစ် ရယ်နေသည်။

ထို့နောက်. . . .

'မူလအစီအစဉ်ကတော့ ရှင့်အဖေရဲ့ အလောင်းနဲ့ ခြိမ်းခြောက်အနိုင်ယူဖို့ပဲ၊ ခုတော့ အဲဒီလိုလုပ်ဖို့ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ရဲ့ အဖေတူ မအေကွဲအစ်မကို ကျွန်မ ချုပ်ကိုင်ထားနိုင်ပြီ၊ ဒီတော့ ကျွန်မအတွက် အလားတူ အကျိုးရှိမယ့် သိုင်းကျမ်းနဲ့ ရှင့်အစ်မနဲ့ လဲမယ်၊ ကဲ. . . အဲဒီ သိုင်းကျမ်း ကျွန်မလက်ထဲ ထည့်လိုက်ပါ'

'ခင်ဗျား ဘာလုပ်မလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'မေးရက်လိုက်တာရှင်'

'ဟဲဟဲ. . . သိုင်းကျမ်းကိုရရင် သိုင်းလောကကြီးကို စိုးမိုးချယ်လှယ်မယ်ပေါ့ ဟုတ်လား'

'ဒါ ရှင့်အလုပ် မဟုတ်ပါဘူး'

'ဟဲဟဲ. . . သိုင်းလောကကို စိုးမိုးချယ်လှယ်ချင်တဲ့စိတ် ရှိနေမှတော့ ကျုပ်အသက်ကိုလည်း သတ်ချင်စိတ် ရှိနေမှာပေါ့ဗျာ'

'ရှင် သဘောပေါက်ပြီဆိုရင်လည်း ပြီးတာပါပဲရှင်'

'ဟဲဟဲ. . . ခင်ဗျားကို သိုင်းကျမ်းပေးမယ် ထင်နေသလား'

'ဟင်းဟင်း. . . ရှင်ကော ရှင့်မမကို အသက်ရှင်လျက် မလိုချင်တော့ဘူးလား'

'ကျုပ်ဟာ အတ္တအဆိပ် တက်နေတဲ့လူ မဟုတ်ဘူး၊ ကိုယ်ကျိုးထက် သိုင်းလောကကြီးတစ်ခုလုံးရဲ့ အကျိုးကို ကြည့်ရမယ်၊ သူ့အသက်တစ်ချောင်းထက် အသက်ပေါင်းများစွာကို ကယ်တင်ရမယ်'

'လေးစားစရာကောင်းတဲ့ စိတ်ဓာတ်ပေပဲ၊ ဒါပေမယ့် ရှင့်မှာ အစ်မဆိုလို့ တစ်ယောက်တည်း ရှိတာပါရှင်'

'ဟုတ်ပါတယ်၊ ဒါကြောင့်မို့ သိုင်းကျမ်းကိုပေးဖို့ စိတ်ကူးနေပါတယ်'

ချာမင်က အလွန် စိုးရိမ်ကြောင့်ကျသွားသည်။

'သူ့ရဲ့ကောင်းကြီးဝန်. . . .'



'ကိစ္စမရှိပါဘူး ဆရာကြီးချာမင်၊ သိုင်းကျမ်းဟာ အင်မတန် ခက်ခဲနက်ခဲတဲ့ သိုင်းကျမ်းပါ၊ ရုတ်တရက်ကြီး အစွမ်းထက်လာနိုင်ပါဘူး'

'တော်တော်ပိုင်တဲ့စကားပဲ၊ ကဲပါ. . . အချိန်မရှိဘူး၊ သိုင်းကျမ်းကို အမြန်အပ်ပါ'

'ကျုပ်လက်ထဲမှာ အသင့်မရှိသေးဘူး မုန့်ချူး'

'ဘာပြောတယ်'

'ကျုပ်ပြောတာ ရှင်းရှင်းလေးပါ၊ ကျုပ်လက်ထဲမှာ သိုင်းကျမ်း မရှိသေးဘူး၊ ကျုပ်အဖေရဲ့ လက်ထဲမှာလည်း မရှိခဲ့ဘူး'

မေမုန့်၏ မျက်ခုံးများ မြင့်တက်သွားသည်။

'ရှင့်အဖေက ရှိနေတဲ့နေရာကိုတော့ ပြောပြနိုင်ခဲ့တယ် ဟုတ်လား'

'ပြောခဲ့တယ်'

'ကျွန်မ မယုံဘူး'

'မယုံလည်း မတတ်နိုင်ဘူး၊ ကျုပ်အနေနဲ့ ကျုပ်အစ်မကို ကယ်ဖို့ စိတ်စောနေလို့ ထုတ်ပြောမိတာပဲ'

'ဒီလိုဆိုရင် သိုင်းကျမ်းရှိနေတဲ့နေရာကို ပြော'

'ဖြစ်ပါတယ်၊ ဒါပေမယ့် ကျုပ် အစ်မကို အရင်ဦးဆုံး. .'

'ဟင်းဟင်း. . . ကျွန်မကို သုံးနှစ်သမီးများ အောက်မေ့နေသလားရှင်၊ သိုင်းကျမ်း ဝှက်ထားတဲ့ နေရာကိုသာ အရင်ပြော မ်းပါရှင်'

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းကျမ်းက အဝေးကြီးမှာ ရှိနေတာဗျ'

'ဩော်. . . ဒီလိုလား၊ ဒီလိုဆိုရင် သိုင်းကျမ်းကိုသာ ကျွန်မ လိုချင်တယ်၊ ရှင် ယူပေးနိုင်မယ့် နေ့ရက်ကိုသာ ပြောတော့'

'ကျုပ် ပညာအရဆိုရင် လဝက်လောက် သွားရလိမ့်မယ်'

'ကောင်းပြီ၊ ကျွန်မ နှစ်ရက် ပိုပေးမယ်'

'သဘောတူတယ်'

'တိတိကျကျ ပြောရရင် သိုင်းကျမ်းကိုယူဖို့ လပြည့်ညမှာ နှင်းအဆောင်က စောင့်ပါ'

'ဘာဖြစ်လို့ နှင်းအဆောင်ကို ရွေးပြီး ချိန်းဆိုတာလဲ'

'ကျွန်မ အမြတ်မထုတ်ပါဘူး၊ အဲ. . . ကျွန်မကို လုပ်ကြံလည်း မှဲ့တစ်ပေါက်မှ မစွန်းစေရဘူး မှတ်ပါ'

'ကောင်းပြီ၊ ကျုပ် ချိန်းတဲ့အတိုင်း ဆက်ဆက်လာခဲ့မယ်'

'ကတိအတိုင်း လာလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်ရှင်၊ တစ်ခုတော့ ပြောချင်ပါတယ်၊ ကျွန်မအနေနဲ့ ကျွန်မရဲ့ တသီးပုဂ္ဂလ ရန်ငြွေးဆိုရင် သည်းခံကောင်း သည်းခံနိုင်ပါလိမ့်မယ်၊ ခုတော့ ဒီမယ် သူရဲကောင်းဝန်၊ ကျွန်မ သတိပေးပါရစေ၊ ရှင်ဟာ ရှင့်အဖေအတွက် လက်တုံ့ပြန်ဖို့ကိစ္စကို မေ့မထားပါနဲ့၊ ဒါဟာ ရှင်လုပ်ရမယ့် အလုပ်ပါရှင်'

ဝန်ရင်မော်သည် မမျှော်လင့်သောစကားကြောင့် ခေါင်းနပန်းကြီးပြီး မျက်မှောင်ကြုတ်သွားသည်။

မေမုန့်ချူးသည် ကောက်ကျစ်စဉ်းလဲသော လုပ်ကြံမှု

▶▶



အကြောင်းပြချက်နှင့် မိမိကို ခြိမ်းခြောက်နေသည်လော၊ ဝန်ရင်မော် မသိနိုင်တော့ပေ။

မိမိကို ယခုလို သတိပေးလိုက်ခြင်းအတွက်ကိုကား ကျေးဇူးတင်လိုက်မိပါ၏။

'ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် မုန့်ချူး'

'ဟင်းဟင်း. . . ကဲ. . . ကျွန်မသွားမယ်၊ လပြည့်ညမှာ ထန်းရှန်းဂိုဏ်းချုပ်ကြီးကို တစ်ပါတည်း ခေါ်လာခဲ့မယ်'

မေမုန့်ချူးသည် စကားဆုံးသည်နှင့် လာရာလမ်းအတိုင်း ပြန်လျှောက်သွားတော့သည်။

ရွှေချန်ရိုးနှင့် စွန်းပုရှောက်တို့သည် သူမနောက်မှ တစ်ပါတည်း လိုက်ပါသွားကြလေ၏။

xxx

ကူဝေ့သည် မခံမရပ်နိုင်အောင် ဖြစ်နေသဖြင့် ဆတ်ခနဲ ထလိုက်၏။

တစ်ဆက်တည်းတွင် သိုင်းကွက်နင်းပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'နေပါဦး ဆရာကြီး နေပါဦး'

ဝန်ရင်မော်၏ ဟန့်တားသံကြောင့် ကူဝေ့ ပြန်ငြိမ်သွားသည်။

မေမုန့်ချူးနှင့် စွန်းပုရှောက်တို့သည် ခြေလှမ်းတံ့ပြီး ပြန်သည့်လာ၏။

▶▶

www.burmeseclassic.com

www.burmeseclassic.com



ဝန်ရင်မော်သည် မေမုန့်ချူးကို စိုက်ကြည့်လိုက်၏။

'ဘာပြောစရာရှိသေးလို့လဲ၊ သူရဲကောင်းဝန်'

'မေမုန့်ချူးက ဟန်မပျက် လှမ်းမေးသည်။ ဝန်ရင်မော်က...

'မေးယွင်ရဲတိုက်က သားအဖနှစ်ယောက်ကိုစွာကို ပြောဦး'

'ဟင်း... ဟင်း၊ ရှင်က ဟိုကောင်မလေးကို စွဲလန်းနေပြီ ပြီလား၊ ကိုယ့်ကိုယ်ကို ဇနီးမယားရှိသူဆိုတာကို မမေ့ပါနဲ့ဦးရှင်'

မေမုန့်ချူး၏စကားသည် အသားလွတ် စော်ကားလိုသော စကားပင်။

သို့သော် ဝန်ရင်မော်သည် ပေါက်ကွဲလုလု ဒေါသ၏ အချိန်မီ ထိန်းချုပ်ထားလိုက်နိုင်သည်။

'အောက်တန်းကျတဲ့စကားတွေကို ပြောမနေနဲ့ မုန့်ချူး သူတို့ကို ဘယ်နေရာမှာ ချုပ်နှောင်ထားတယ် ဆိုတာကိုသာ ပြောပါ'

'ဟင်းဟင်း... ဖူတိန့်စန်းတောင်ရဲ့ အရှေ့ဘက်ခြမ်း တောင်ခုလတ်မှာရှိတဲ့ ကျောက်လိုဏ်ဂူထဲမှာ ချန်ချွန်းယင်းနဲ့ အတူတူ ရှိနေကြတယ်၊ ခေါ်ချင်ရင် ခေါ်သွားနိုင်ပါတယ်... ဟင်းဟင်း'

'ကောင်းပြီ၊ ခင်ဗျား သွားလိုရာ သွားနိုင်ပြီ'

မေမုန့်ချူးသည် သရော်ပြုံးပြုံးပြီး လှည့်ထွက်သွားသည်။

▶▶



ဝန်ရင်မော်သည် သူတို့၏ခြေလှမ်းကို ငေးကြည့်နေမိသည်။

မကြာခင်မှာပင် မေမုန့်ချူးကို သုံးယောက်စလုံး နှင်းအဆောင်ထဲမှ ပျောက်ကွယ်သွားကြတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅...)

## အတိတ်မေ့ဆေး...

'တင်ငါသည် ရေနစ်တဲ့ကိန်းပဲ ညီလေးဝန်'

လိန်ကူးချီက ပြုံးပြီးပြောသည်။ ဝန်ရင်မော်က သက်ပြင်း... ရှိုက်လိုက်သည်။

'လူ့စိတ်ဟာ မျောက်စိတ်နဲ့ တူတယ်ဆိုတဲ့ စကားကို အမှန်... လို့ ယူဆရတော့မယ်ထင်တယ် အစ်ကိုကြီးလိန်'

'အားလုံးကိုတော့ ဒီလို သိမ်းကြုံးပြီး မပြောသင့်ပါဘူး... ကွာ'

'တစ်ယောက်က ဇနီးမယား၊ တစ်ယောက်က ချစ်မိတ်ဆွေ... အစ်ကိုကြီး ကျို့ကုံးချွင်၊ သူတို့တွေ ဒီလောက် စိတ်ထားယုတ်...

▶▶



...ကြလိမ့်မယ်လို့ တစ်ခါမှ မထင်မိခဲ့ပါဘူးဗျာ၊ ခုတော့. . .'

ဝန်ရင်မော်၏အသံသည် ကြေကွဲသံ ပါနေသည်။

'လက်တွေ့ဟာ လက်တွေ့ပဲ ညီလေးဝန်၊ မင်းရဲ့ မယား ...မမုန့်ချူးဟာ ကျို့ကုံးချွင်ကို အသုံးချပြီး မင်းကို ဒုက္ခပေးခဲ့တာ ...ထင်ရှားနေပါပြီ၊ ဒီတော့ မေမုန့်ချူးဟာ မင်းရဲ့ရန်သူ ဖြစ်သွားပြီ ...ပါကွာ'

'ရန်သူ. . . ရန်သူ ဟုတ်လား အစ်ကိုကြီးလိန်'

'မေးဖို့ လိုသေးသလားကွာ'

'ကျွန်တော့် ခေါင်းထဲမှာတော့ ခုထိ မရှင်းလင်းသေးဘူး ...အစ်ကိုကြီးလိန်'

'မကြာခင် ဖို့ပြီး ရှင်းလင်းလာပါလိမ့်မယ်ကွာ'

'အင်း. . . ဒီကိစ္စရဲ့ အကြောင်းရင်းကို လပြည့်ညမှာ သိရ...လိမ့်မယ် ထင်ပါတယ် အစ်ကိုကြီးလိန်၊ မေမုန့်ချူးဟာ ဘာဖြစ်လို့ ...နင်းအဆောင်ကိုမှ ရွေးချယ်ခဲ့လေသလဲ'

'သူ့ဘက်က ပိုင်ကွက်နိုင်ကွက် ရှိတယ်လို့ ယူဆလို့ပေါ့ကွာ'

'စွန်းပုရှောက်နဲ့ ရွှေချန်ရိုး ရှိရုံနဲ့ ပိုင်တယ်ဆို့ ယူဆပါ့မလား'

လိန်ကူးချီသည် ဖြေရှင်းချက် မပေးတော့ဘဲ အဘိုးဝကြီး ...ချာမင်ကိုသာ လှမ်းကြည့်လိုက်သည်။

'ဆရာကြီး ချာမင်၊ နှင်းအဆောင်ထဲမှာ လျှို့ဝှက်လိုဏ် ...ခေါင်းတွေ ရှိနေသလား'

▶▶

www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး ဆရာကြီး လိန်ကူးချီ၊ နှင်းအဆောင်ရှင် ထန်းရှန်းဂိုဏ်းဟာ အကြောင်းမဲ့ ရန်ရှာတတ်တဲ့ ရန်သူများပြားတဲ့ ဂိုဏ်း မဟုတ်ပါဘူးဗျာ'

လိန်ကူးချီသည် ခေါင်းတညိတ်ညိတ်လုပ်ပြီး မျက်မှောင်ကြုတ်နေတော့သည်။

ဝန်ရင်မော်သည် တစ်စုံတစ်ခုကို သတိရလာသဖြင့် လိန်ကူးချီကို လှမ်းပြောသည်။

'မုန်ချူးက ပြောသွားတယ်၊ မိမိရဲ့ တစ်ကိုယ်ရည် ကိုယ်ရေးကိစ္စဆိုရင် ဘယ်သူပဲဖြစ်ဖြစ် ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင်ပါလိမ့်မယ်တဲ့၊ ဒါပေမယ့် မိမိဖခင်ရဲ့ရန်ကြွေးကိုတော့ ရှင်ခွင့်မလွှတ်သင့်ပါဘူးတဲ့၊ ခွင့်လည်း မလွှတ်အပ်ပါဘူးတဲ့၊ ဒါကိုကြေအေးဖို့လည်း ဘယ်တော့မှ မစဉ်းစားပါနဲ့တဲ့၊ မှန်တယ် အဘိုးကြီးလိန်၊ သူပြောသွားတာ အမှန်တွေပါ၊ ကျွန်တော့်အဖေဟာ'

ဝန်ရင်မော်သည် ဆို့နင့်ကြေကွဲလာသဖြင့် စကားကိုပင်ဆုံးအောင် မပြောနိုင်တော့ပေ။

အတန်ကြာမှ အဘိုးဝကြီး ချာမင်ကို လှမ်းပြောသည်။

'ကျွန်တော့်အဖေဟာ ကြီးမားတဲ့ ဆင်းရဲဒုက္ခနဲ့ ကွယ်လွန်သွားခဲ့ပါပြီဗျာ၊ ဒီကိစ္စအတွက် ဖူတိန့်စန်း တောင်ပေါ်ကို သွားရပါဦးမယ်၊ အဖော်နှစ်ယောက်တော့ ထည့်ပေးပါ ဆရာကြီးချာမင်'

'စိတ်ချပါ သူရဲကောင်းဝန်၊ ကျုပ်နဲ့ ကျုပ်ညီ လိုက်ခဲ့ပါမယ်'

―――▶▶―――



'ကျေးဇူးတင်ပါတယ် ဆရာကြီးချာမင်'

ဝန်ရင်မော်သည် ချက်ချင်းဆိုသလိုပင် နှင်းအဆောင်ထဲမှ ထွက်ခွာတော့သည်။

စီးမင်ရှန်းသည် ဝန်ရင်မော်ကို ငေးပြီး ကြည့်နေခဲ့သည်။ သူမသည် စိတ်ထိခိုက်လွန်းသဖြင့် ကြေကွဲဆို့နင့်နေသည်။

အရိပ်အခြည်ကို မပြတ် ကြည့်နေခဲ့သော ယိလူသည် အနားတိုးလာပြီး တိုးတိုးခေါ်သည်။

'မမရှန်း'

'ဘာလဲ ယိလူ'

စီးမင်ရှန်း၏အသံသည် တိုးညင်းနေသည်။ ယိလူက သတိပေးသည်။

'ဂိုဏ်းချုပ်ကလေးကို အခန်းထဲ ဝင်ခိုင်းလိုက်ပါ မမရှန်း၊ သူရဲကောင်းကြီးဝန် ပြန်လာမှ ခေါ်ပေးလိုက်တာပေါ့၊ မကောင်းဘူးလားဟင်'

'ကောင်းပါတယ်၊ ယိလူပဲ လိုက်ပို့လိုက်'

ယိလူသည် မော်လင့်ကို အကျိုးအကြောင်းပြောပြီး အခန်းထဲ ဆွဲခေါ်သွားသည်။ ထို့နောက် ယိလူ ပြန်ရောက်လာပြန်၏။

စီးမင်ရှန်းကား ဆွေးမြေ့ကြေကွဲနေဆဲပင်။ ယိလူက စကားစသည်။

'သူရဲကောင်းကြီး ဝန်ရင်မော်က တကယ် ကျန်းမာနေလား မမရှန်း'

―――▶▶―――

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ရှန်း ပြုံးလာသည်။

'ဟုတ်တယ်၊ ဒါပေမယ့် ငါ ရှက်တယ်၊ သူ့ကို ချစ်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့မိလို့'

'ဒါများ မမရှန်းရယ်'

'ယိလူ့အတွက်တော့ မမရှန်း ဝမ်းသာပါတယ်'

'ယိလူက မမရှန်းအတွက် ရှင်းလင်းပေးမှာပါ'

ယိလူက သူ့စကားသူ သဘောကျပြီး တဟင်းဟင်း ရယ်သည်။

'ကျွန်မလည်း သူ့ကို တိမ်းညွတ်နေတဲ့အကြောင်း ထုတ်ဖော်ခဲ့မိတယ် မမရှန်းရဲ့'

'ဟင်း . . . ဟင်း'

စီးမင်းရှန်း ရယ်မောလာသည်။

'မမရှန်းအတွက်တော့ကျွန်မကိုယ်တိုင် သူ့ကိုပြောပြမှာပါရှင်'

'ယိလူက ဘာပြောမှာလဲ'

'နောင်ဘဝကျမှ ကြုံရဆုံရလိမ့်မယ်လို့ ပြောမယ်'

စီးမင်ရှန်း ရင်ခုန်သွားပြန်သည်။

'ဘာသဘောလဲ ယိလူ့ရဲ့'

'ကျွန်မကိုတော့ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်က. . .'

'အို. . . အဲဒါတွေ ဘေးချိတ်ထားလိုက်စမ်းပါအေ၊ အဲဒီ ပြဿနာ မရှိတော့ဘူးလို့သာ သဘောထားစမ်းပါ၊ ဂိုဏ်းချုပ်က



တို့ဂိုဏ်းချုပ်အစစ်မှ မဟုတ်တာ'

'သိပါတယ် မမရှန်းရဲ့၊ ဒါပေမယ့် အဲဒီအခြေအနေကစပြီး ကျွန်မ စကားလွန်ခဲ့မိလို့ပါ'

'ဒါက ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို မလွန်ဆန်နိုင်လို့ ဖြစ်ရတာပဲဟာ၊ ခု အဲဒီ ဂိုဏ်းချုပ်ရဲ့စကားကို နာခံစရာ မလိုတော့ပါဘူး၊ ညည်းဆန္ဒအတိုင်းသာ လုပ်ပေါ့. . . ဟင်းဟင်း'

'မမရှန်းကလည်း ပြောရော့မယ်၊ နေပါဦး. . . မမရှန်း သဘောကို ပြောစမ်းပါ၊ ယိလူ သိချင်လို့ပါ'

'ဒီဘဝမှာတော့ ဒီမျှနဲ့ပဲ အဆုံးသတ်လိုက်ရမှာပါ ယိလူရယ်၊ တိတ်တခိုးအချစ်ဆိုတာ. . .'

'ဟော ခြေသံကြားတယ်'

ယိလူက သတိပေးသည်။

မှန်သည်။ ခပ်သွက်သွက် လျှောက်လာသော ခြေသံများပင်။

မကြာမီမှာပင် လက်ရှစ်ဘက် ချန်ချွန်းယွင်းကို တွေ့ရတော့သည်။

ချန်ချွန်းယင်းသည် ပြုံးပြုံးရွှင်ရွှင် လှမ်းဝင်လာရင်းက. .

'စီးမင်ရှန်းတို့ပါလား' ဟု ဆိုသည်။

'ဟော. . . နယ်လှည့် စစ်ဆေးရေးမှူးချုပ် ချန် လွတ်လာပြီ၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ'

ယိလူက အားရဝမ်းသာ ကြိုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'အားလုံး ကျမ်းမာကြတယ်နော်'

ချန်ချွင်းယင်းက နှုတ်ဆက်စကားပြောသည်။

'တျန်းကျန်းမာမာပါပဲရှင်'

'ဝမ်းသာလိုက်တာဗျာ၊ သူရဲကောင်းဝန်ကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး၊ သူရဲကောင်းဝန်နဲ့ ဆရာကြီးနှစ်ယောက်ကြောင့် ခုလို လွတ်လာခဲ့တာပဲ'

'ဟုတ်ကဲ့ ဖေးယွင်ရဲတိုက်သခင်ကြီးတို့ သားအဖကော ချန်'

စီးမင်ရှန်းက မေးသည်။

ချန်ချွန်းယင်းက. . . .

'သူတို့လည်း ကျွန်တော်နဲ့အတူ လွတ်လာပါပြီ၊ ခု ယန်စင်းကဲ့ အဆောင်မှာ အနားယူနေလောက်ပါပြီ'

'ဒါဖြင့် အဖြစ်အပျက်တွေကို ချန် သိပြီးပြီပေါ့'

'သိပြီးပါပြီ သခင်မလေး၊ ခုလည်း ဆရာကြီးနှစ်ယောက်က လွှတ်လိုက်လို့ပါ'

'ဘာကိစ္စများလဲ ချန်'

စီးမင်ရှန်းက မျက်မှောင်ကြုတ်ပြီး မေးသည်။

ချန်ချွန်းယင်းက. . . .

'လပြည့်ရက်အတွင်း သတိကြီးကြီး ထားနေကြဖို့ သတိပေးခိုင်းလိုက်လို့ပါ၊ ဂိုဏ်းချုပ်ကလေးကိုလည်း အထူးစောင့်ရှောက်ထားပါတဲ့'

---



'လိုအပ်ရင် ဆရာကြီးနှစ်ယောက်ကို ခေါ်ထားရမှာပဲ'

'မကြာခင်မှာ ဆရာကြီးနှစ်ယောက်စလုံး ရောက်လာကြပါလိမ့်မယ်၊ အပြင်မှာတော့ ကျွန်တော်နဲ့အတူ စည်းကမ်းထိန်းကြီးရှိနေပါလိမ့်မယ်'

'ကောင်းပါပြီရှင်'

ထိုစဉ် ယိလုက လှမ်းမေးသည်။

'နယ်လှည့်စစ်ဆေးရေးမှူးချုပ် ချန်၊ ခု သူရဲကောင်းဝန်ဘယ်မှာ ရှိနေပါသလဲ'

'သူရဲကောင်းဝန်နဲ့ ဆရာကြီး လိန်ကူးချိတို့ ထိန်းဖုန်းကန်းအဆောင်မှာ အနားယူနေကြပါတယ်၊ မိုးလင်းတာနဲ့ သိုင်းကျမ်းစာအုပ်ကို သွားယူကြပါလိမ့်မယ်'

'ရှင် သူတို့က မိုးလင်းလင်းချင်း သွားကြမှာလား'

'ဟုတ်တယ်'

ယိလူသည် မျက်မှောင်ကြုတ်ပြီး ချက်ချင်းဆုံးဖြတ်ချက်ချလိုက်သည်။

'ကဲ. . . ဒီလိုဆိုရင် စစ်ဆေးရေးမှူး ချန်၊ ဂိုဏ်းချုပ်တလေးကို ခဏစောင့်ပေးပါ၊ ကျွန်မ ဆရာကြီးနှစ်ယောက်နဲ့ သွားတွေ့ချင်လို့ပါ'

'ယိလူ အရေးကြီးကိစ္စ ရှိလို့လား'

'ဟုတ်ကဲ့ မမရှန်း၊ ကျွန်မဆရာကြီးနှစ်ယောက်ကို ဟော်ဝါတည်းခေါ်ခဲ့ပါ့မယ်၊လုံမလေး လီယွင်ဟုန်နဲ့လည်းတွေ့ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'အေးအေး မြန်မြန်သွားပြီး မြန်မြန်ပြန်လာ'

'စိတ်ချပါ မမရှန်း'

ယိလူသည် ချန်ချွင်းယင်းနှင့် စီးမင်ရှန်းတို့ကို ဂါရဝပြုပြီးသည်နှင့် ချက်ချင်း ထွက်ခွာသွားသည်

▲ ▲ ▲



## အခန်း (၁၅၄)

## အပြုံးပန်းပိုင်ရှင်

တကယ်တကယ်၌ကား သူမသည် ဆရာကြီးနှစ်ယောက်ရှိနေသည့် ယန်စင်းကဲ့ အဆောင်သို့ သွားနေခြင်း မဟုတ်ပါ။

သူမ သွားနေသည်မှာ ထိန်းဖုန်းကန်း အဆောင်သို့ သွားနေခြင်းသာ ဖြစ်ပါသည်။

မကြာမီ ထိုအဆောင်ရှေ့သို့ ရောက်သွားသည်။

ဧည့်ခန်းထဲတွင် အတွေးနက်နေကြသော ဝန်ရင်မော်နှင့် လိန်ကူးချီကို တွေ့နေရသည်။

'ဘယ်သူလဲ'

လှည့်မကြည့်ဘဲ မေးလိုက်သောအသံကြောင့် ယွမ်ယိလူ



www.burmeseclassic.com

www.burmeseclassic.com



တုန်သွားသည်။

'ကျွန်မပါ ဆရာကြီး လိန်ကူးချီ'

ဝန်ရင်မော်သည် ခေါင်းငုံ့နေရာမှ လှမ်းကြည့်သည်။

'ယိလူပါလား၊ ဝင်ခဲ့ပါ၊ ဝင်ခဲ့ပါ'

ဝှမ်ယိလူသည် အခန်းထဲရောက်သည်နှင့် ဝန်ရင်မော်တို့ကို ဂါရဝပြုလိုက်သည်။

တစ်ဆက်တည်းတွင်. . .

'သူရဲကောင်းဝန်နဲ့ စကားပြောချင်လို့ပါရှင်' ဟု တင်ပြလိုက်သည်။

အကင်းပါးသော လိန်ကူးချီက တဟားဟား ရယ်ပြီး. . .

'ကဲ. . . ပြောစရာရှိတာ အေးအေးဆေးဆေးပြောကြ၊ ကျုပ် အပြင်ခဏ ထွက်လိုက်ဦးမယ်' ဟု ဆိုကာ ထထွက်သွားတော့သည်။

ဝှမ်ယိလူက ကိုယ့်လိပ်ပြာ ကိုယ်မလုံသဖြင့် မျက်နှာကြီး နီရဲနေတော့သည်။

'ယိလူ၊ ဘာပြောချင်လို့လဲ၊ ပြောပါ ပြောပါ'

'ဩော်. . . သူရဲကောင်းဝန် မိုးလင်းတာနဲ့ ခရီးထွက်တော့မယ်လို့ ကြားမိလို့ပါ'

'ဟုတ်တယ် ယိလူ၊ သိုင်းကျွမ်း သွားယူမလို့ပါ၊ နေရာက နန်ဝှမ်း'

'ဘယ်တော့လောက် ပြန်လာမှာလဲ ဝန်'



'ချိန်းရက်မတိုင်မီ အရောက်ပြန်ခဲ့မှာပါ၊ ကိစ္စရှိလို့လား'

'ဟင်းဟင်း. . . မှာစရာလေးရှိနေလို့ပါ ဝန်'

'ဘာများလဲ'

'နန်ဝှမ်းက လက်ဆောင်ပစ္စည်းပါ'

'ရှင်းရှင်းပြောပါ ယိလူ'

'သောက မေ့ဆေးပင်ပါ၊ အဲဒီအပင် နန်းဝှမ်းကလွဲပြီး ဘယ်နေရာမှာမှ မရှိပါဘူး'

'ကျုပ် မကြားဖူးပါလား'

'ဝန် မကြားဖူးပေမယ့် တကယ် ရှိနေပါတယ်'

'ဒါဖြင့် ပုံစံကို ပြော'

'အသည်းပုံအရွက်နဲ့ ဆေးပင်ပဲ'

ဝှမ်ယိလူသည်က ခပ်တည်တည်နှင့် ဆေးပင်ပုံစံကို ရှင်းပြနေသည်။

'အဲဒီအပင်ကို သောကမေ့ ဆေးပင်လို့လည်း ခေါ်တယ်၊ အတိတ်မေ့ ဆေးပင်လို့လည်း ခေါ်တယ်'

ဝန်ရင်မော် မျက်မှောင်ကြုတ်သွားသည်။ ဆိုလိုချက်ကို သိသလိုလို။

'ယိလူအတွက်လား၊ သိပ် အရေးကြီးသလား'

'မမရှန်းအတွက်ပါ၊ အရေး သိပ်ကြီးပါတယ်'

'ဆေးဆရာတွေ ကုလို့မရတဲ့ ရောဂါတစ်မျိုးပါ'

ဝန်ရင်မော် ရင်ခုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

'အချစ်ရောဂါ ကုရာနတ္ထိ ဆေးမရှိ'

ဝန်ရင်မေ၏စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ သူမ၏ မျက်လုံးရောင်သည် ပို၍ တောက်ပြောင်လာသည်။

'ယိလူစကားက. . .'

'မမရှန်းရဲ့သဘောထားကို ကျွန်မကလွဲပြီး အနီးကပ်သိသူ မရှိပါဘူး သူရဲကောင်းမင်း၊ မမရှန်းဟာ သန့်ရှင်းဖြူစင်တဲ့ မိန်းမတစ်ယောက်ပါ၊ မာနလည်း ကြီးတယ်၊ အပေါ်ယံကြည့်ရင် ပျော့ပျောင်းဟန် ရှိပေမယ့် အင်မတန် အသည်းမာပါတယ် ဒါကြောင့်လည်း အဲဒီဆေးပင်နဲ့ ကုဖို့ လိုအပ်နေလို့ပါ'

'အဲဒီဆေးပင်က ပြောသလို စွမ်းသလား'

'ဟုတ်ကဲ့၊ စွမ်းတယ်လို့တော့ ကြားဖူးပါတယ် ဝန်'

'သူ့ရောဂါက အဲဒီဆေးပင်နဲ့ ကုမှ ပျောက်မယ်တဲ့လား'

'ဟုတ်ပါတယ်၊ ကျွန်မနဲ့ မမရှန်းဟာ ညီအစ်မအရင်းလို ရင်းနှီးချစ်ခင်သူတွေပါ၊ ဒါကြောင့် သူ့ဝေဒနာကို မကြည့်ရက်တော့ဘူး၊ သူ့ရင်ထဲက သောကဝေဒနာဟာသူ့ကို ဖိစီးနှိပ်စက်လွန်းနေပါတယ် ဝန်'

'စီးမင်ရှန်းဟာ ဒီလို ဖြစ်နိုင်ပါ့မလား'

'မိန်းကလေးတွေရဲ့ ခံစားချက်ဟာ ယောကျ်ားလေးတွေရဲ့ ခံစားချက်နဲ့ မတူပါဘူး ဝန် သိပ်ထူးခြား ဆန်းကြယ်ပါတယ်'

'ဒီပြင်နည်းနဲ့ ကုလို့မရတော့ဘူးလား'

'အချစ်ရောဂါ ဝေဒနာကား ကုရာနတ္ထိ ဆေးမရှိတဲ့၊ ဒီ



စကားကို ဝန် ကြားဖူးပါလိမ့်မယ် ရှင်'

'ဘယ်လိုသဘောတွေလဲ ယိလူရဲ့'

'အမြင့်ဆုံးကပန်းကိုမှ မမီတမီ လှမ်းနေခဲ့မိလို့တဲ့ရှင်၊ သိပြီလား'

'ဟဲ. . . ဟဲ ဒါဖြင့် လမင်းကြီးကို လိုချင်တယ်ဆိုပြီး ငိုနေတာမျိုးပေါ့'

'ဟုတ်ပါတယ်၊ မမရှန်းရဲ့ ဝေဒနာဟာ အဲဒီဝေဒနာမျိုးပါ'

'တော်ပါသေးရဲ့ ယိလူရယ်'

'မမရှန်းကတော့ သူ့ကိုယ်သူ အမှောင်ထဲမှာ ကျရောက်နေသူလို့ တစ်ဘက်သတ် ယူဆနေသူပါ၊ ဒါပေမယ့် တစ်ဘက်ကလည်း လမင်းရဲ့ အေးမြမှုအလင်းရောင်ခြည်ကို နှစ်ရှည်လများ တောင့်တနေတဲ့သူပါ'

'ယိလူက သူ့ဘက်က တစ်ဘက်တည်းကြည့်ပြီး ပြောနေတာပါ'

'ဒါဖြင့် သူရဲကောင်းဝန် ဘယ်လိုမြင်ပါသလဲ'

'ကျုပ်တွေးနေတာက သူ့လိုအတွေးမျိုး မဟုတ်ပါဘူး၊ သူက အမှောင်ကို မြင်နေပေမယ့် ကျုပ်က အလင်းကို မြင်နေသူပါ'

'ရှင် သူရဲကောင်းဝန် တကယ်ပြောနေတာလား'

'ကျုပ် ဘယ်တုန်းကမှ ညာမပြောခဲ့ဖူးဘူး'

'ဒါဖြင့်ရင် ဝန်က'

'လမင်းကြီးဟာ ကမ္ဘာဦးကတည်းက ထာဝရ ဝန်းဝိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းတောက်ပနေတာ မဟုတ်ပါဘူး၊ ယိလူ ဒါပေမယ့် သူဟာ လူသားတွေရဲ့ရင်ကို အမြဲထာဝရ အေးမြစေခဲ့ပါတယ်'

'သူရဲကောင်းဝန်က လမင်းကြီးဟာ တစ်ခါတစ်ခါ တစ်ခြမ်းပဲ့ဖြစ်ပြီး တိမ်ဖုံးတတ်တယ်လို့ ဆိုလိုတာလား'

'ဟုတ်ပါတယ် ယိလူ'

'မမရှန်းကတော့ အဲဒီလမင်းကြီးကို အမြဲထာဝရ တိမ်ဖုံး နေတယ်လို့ ယူဆနေပါတယ်'

'ရှင်းအောင်ပြောစမ်းပါ ယိလူ'

'မမရှန်းက ဝန်ရင်မော်ဟာ သာမန်ယောကျ်ား မဟုတ် ဘူးတဲ့၊ ဒါကြောင့် သူ့ဘာသာသူ လမင်းကို မကြည့်ရဲဘဲ အမှောင် ထဲနစ်ပြီး စိတ်ဓာတ်ကျနေသူပါရှင်၊ ဒါကြောင့် သောကမေ့ ဆေး ကိုသာ ရှာယူခဲ့ပါရှင်'

'ယူမလာခဲ့မိရင်ကော ယိလူ'

'မမရှန်းဟာ တမလွန်မှာတောင် ငိုရှိုက်နေရမှာပါရှင်'

ဝန်ရင်မော်သည် အချိန်အတော်ကြာအောင်ငြိမ်ပြီး စဉ်း စားနေတော့သည်။

အဆောင်ခန်းသည် ချောက်ချားဖွယ် တိတ်ဆိတ်နေပြ သည်။

အတန်ကြာမှ. . .

'သူက ဘာဖြစ်လို့ ဒီလိုခံစားတွေးခေါ်နေတာလဲ'

'သူ့အမြင် မကြည့်လင်လို့ပေါ့ရှင်'



'ယိလူက သူ့ဒုက္ခကို ကယ်ချင်နေသလား'

'မမရှန်း စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မ အသက်ကို တောင် ပေးရဲပါတယ်ရှင်'

'ကောင်းပြီ ယိလူ၊ ခင်ဗျားလိုချင်တာကို ကျုပ် ယူဆောင် လာခဲ့ပါ့မယ်ဗျာ'

'ဟုတ်ကဲ့၊ ကျေးဇူးသိပ်တင်ပါတယ်ရှင်'

ဝှမ်ယိလူသည် အဆောင်ခန်းထဲမှ ချက်ချင်းပြေးထွက်ခဲ့ တော့သည်။

သူမနှုတ်ခမ်းပေါ်မှ အပြုံးတစ်စသည် ပီသကြည်မြသော အပြုံးပန်းတစ်ပွင့်အဖြစ် လန်းဆန်းလှပနေလေသတည်း။

ထိုအပြုံးပန်းသည် စီးမင်ရှန်းပန်ဆင်ရန် အပြုံးပန်းပင် ဖြစ်လိမ့်မည် ထင်ပါ၏။

▲ ▲ ▲

www.burmeseclassic.com



## အခန်း (၁၅

## သိုင်းကျမ်းနှင့် အ

သူရဲကောင်းဝန်နှင့် လိန်ကူးချိတို့သည် အရုဏ်တက်သ
နှင့် ခရီးထွက်ခွာကြတော့သည်။

သူတို့နှစ်ယောက်သည် နှင်းတွေခဲနေသည့် တောင်ေ
လမ်းအတိုင်း ဘရိပ်ရိပ်ပြေးနေကြသည်။

သူတို့သည် ယခုလို ထွက်ခွာလာခြင်းကို မည်သူမျှ မသိ
ထင်နေကြသည်။

သို့သော်. . . .

အမျိုးသမီးနှစ်ယောက်ကား သူတို့နှစ်ယောက်ကို မှုန်
သေးငယ်ပြီး လုံးဝပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေခဲ့
သည်။



သို့နှင့်. . .

ထိုနေ့တစ်နေ့သည် အေးဆေးငြိမ်သက်စွာ ကုန်ဆုံးခဲ့လေ
သတည်း။

× × ×

ကုန်ခဲလှသည်ဟု ထင်နေရသော နေ့ရက်တို့သည် တစ်နေ့
းတစ်နေ့၊ တစ်ညပြီးတစ်ည ကုန်ဆုံးလွန်မြောက်ခဲ့ကြသည်။

စီးမင်ရှန်းသည် ကျုံးဟိုဖုန်းတောင်ထိပ်ပေါ်မှနေ၍
တ်ဝန်းကျင်ကို ငေးမောရင်း တစ်စုံတစ်ရာကို လွမ်းမောတသသ
ဖြစ်ရှိနေသည်။

ကြာသော် ထိုင်ရာမှထပြီး ဟိုဟိုသည်သည် လျှောက်ကြည့်
မိပြန်သည်။

ရုတ်တရက်. . .

မမျှော်လင့်သော မြင်ကွင်းကြောင့် စီးမင်ရှန်းရင်ထဲ
တ်ခနဲ ဖြစ်သွားသည်။

ထို့နောက်. . . .

ရင်တဒိန်းဒိန်း ခုန်လာတော့သည်။

ထို့နောက်. . . .

သူမသည် မည်သူ့ကိုမျှ အသိမပေးဘဲ တောင်အောက်သို့
ပြေးဆင်းလာတော့သည်။

သူမ ဤသို့ပြေးဆင်းလာရခြင်းအကြောင်းရင်းသည်
ရဲကောင်း ဝန်ရင်မော်နှင့် လိန်ကူးချိတို့ကို မြင်တွေ့လိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။

မှန်သည်။

ဝန်ရင်မော်နှင့် လိန်ကူးချီတို့သည် ခရီးပြင်းထွက်သွားရာမှ ပြန်ရောက်လာကြလေပြီ။

ထိုအချိန်၌. . .

ဆရာကြီးနှစ်ယောက်၊ ဂဠုန်လေးကောင်နှင့် အမျိုးသမီး ဓားသမားဆယ့်နှစ်ယောက်။

နယ်လှည့်စစ်ဆေးရေးမှူးများနှင့် စည်းကမ်းထိန်း ဆရာကြီးများ စသည်တို့သည် တာဝန်ကျနေသော နေရာအသီးသီးမှ တရကြမ်း ပြေးဆင်းလာကြလေ၏။

သူတို့နောက်မှ ပြေးလာကြသူများကား အင်္ကျီပြာဝတ်များနှင့် သာမန်ဂိုဏ်းသားများပင် ဖြစ်ကြပါ၏။

အဘိုးဝကြီး ချာမင်သည် ဝန်ရင်မော်တို့ အနား ရောက်သည်နှင့် တဟားဟား ရယ်ပြီး ပြောတော့သည်။

'ခင်ဗျားတို့ တော်တော်ပင်ပန်းခဲ့ကြတယ် ထင်တယ်'

'ပင်ပန်းတယ်ရယ် မဟုတ်ပါဘူးဗျာ၊ ဆရာကြီးတို့လည်း တထိတ်ထိတ်နဲ့ မျှော်နေကြရတယ် ထင်ပါတယ်'

လိန်ကူးချီက အဆင်ပြေအောင် ပြန်ပြောသည်။

ဝန်ရင်မော်သည် လူအုပ်ကြီးကိုကြည့်ပြီး ခရီးရောက် မဆိုက် မေးလိုက်သည်။

'မော်လင်တစ်ယောက် မတွေ့ပါလား ဆရာကြီး'



'ပူမနေပါနဲ့၊ သူ့ရဲ့ကောင်းဝန် နှင်းအဆောင်ထဲမှာ ရှိနေပါတယ်၊ ကျုပ်က စည်းစိမ်ရှိရှိနဲ့ လုံလုံခြုံခြုံနေရအောင် ပို့ထားတာပါ၊ အပြင်ကိုထွက်ခွင့်မပေးဘဲ ထားထားလို့ပါ'

'ကောင်းပါတယ်ဆရာကြီး၊ ကောင်းပါတယ်'

'ဒီမှာ ဘာတွေ ဖြစ်သေးသလဲ၊ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းပဲ မဟုတ်လား'

လိန်ကူးချီက ပူပူပင်ပင် ဖြတ်မေးသည်။

'အေးအေးဆေးဆေးပါပဲ'

ချာမင်က ရယ်ရယ်မောမော ဖြေသည်။ ဝန်ရင်မော်က မေးပြန်သည်။

'ဖေးယွင်ရဲတိုက်သခင်ကြီးတို့ သားအဖကော'

'ပြန်သွားကြပြီ ဝန်၊ ဘယ်လိုမှ တားမရလို့ ပြန်လွှတ်လိုက်ရပါတယ်၊ သုံးရက်တောင် ရှိသွားပါပြီ ဝန်'

'ဩော်. . .'

ဝန်ရင်မော်နှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။ ဝန်ရင်မော်သည် မည်သည့်မေးခွန်းကိုမျှ ထပ်မမေးတော့ပါ။

သို့နှင့်. . .

လိန်ကူးချီနှင့်အတူ နှင်းအဆောင်ရှိရာသို့ လျှောက်လှမ်းလာခဲ့ကြတော့သည်။

ထိုလူစုတွင် စီးမင်ရှန်းသည် ငြိမ်ပြီး လိုက်ပါလာခဲ့သည်။ နှင်းအဆောင်ထဲ ဝင်မိသည်နှင့် မော်လင့်ကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လင်သည် ဝန်ရင်မော်ကို မြင်သည်နှင့် ချန်ချင်းယင်းနှင့် အကို ဝါနှ်ယောက်ကို ခေါ်ပြီး ခပ်မြန်မြန်လျှောက်လာသည်။

'ဦးဦးဝန် ရောက်လာပြီနော်၊ ဟိုဟာ ရခဲ့ပြီလား'

'ရခဲ့ပါတယ် မော်လင်၊ ဟောဒီမှာ ကြည့်ပါလား'

ဝန်ရင်မော်က ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ယူလာခဲ့ရသော သိုင်းကျမ်းကို ထုတ်ယူပြီး ထောင်ပြလိုက်သည်။

'ဟင်း. . . တော်တော် ဖြိုပျက်မွှေတဲ့ သိုင်းကျမ်းပဲ၊ ကျုပ်တော့ မြင်တာနဲ့ ဆွဲဆုတ်ပစ်လိုက်ချင်တယ်'

မော်လင်က ခံစားချက်ရှိရှိ ကလေးဆန်ဆန် ပြောလိုက်သည်။

ဝန်ရင်မော်က ရယ်လိုက်မိသည်။

'ဒီသိုင်းကျမ်းဟာ အနဂ္ဃထိုက်တဲ့ သိုင်းကျမ်းပဲ မော်လင်၊ သိုင်းလောကသားတွေ အိပ်မက်တောင် မမက်ဖူးတဲ့ သိုင်းကျမ်းပဲ'

'ဟုတ်ပါတယ် သူရဲကောင်းဝန်၊ ဒါပေမယ့် ဒီသိုင်းကျမ်းကြောင့် မေမေကြီး ဒုက္ခရောက်ခဲ့ရတယ် ဆိုတော့'

ကူဝှေ့က ရယ်ပြီး ဝင်ပြောတော့သည်။

'ဒီသိုင်းကျမ်းဟာ မင်းအမေရဲ့အသက်ပဲ မော်လင်၊ ဒီသိုင်းကျမ်းကိုသာ မရရင် မင်းအမေကို ကယ်တင်နိုင်မှာ မဟုတ်ဘူး'

'ဒီလိုဆိုရင် မေမေကြီးကို ကယ်ပြီးတာနဲ့ ပြန်လုယူပေါ့ဗျာ'

▶▶



'ကျုပ်သဘောကတော့ ပေးပြီးတာကို ပြန်လုမယူဘူး'

မော်လင်သည် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ ဝန်ရင်မော်က အချိန်လုပြီး သတိပေးစကား ပြောလာသည်။

ဆရာကြီးတို့နဲ့ အေးအေးဆေးဆေး စကားပြောချင်ပါတယ်'

'ကောင်းပြီ သူရဲကောင်းဝန်'

ချာမင်သည် ခေါင်းညိတ်ပြီး. . .

'ကဲ. . ကျွန်တဲ့ပုဂ္ဂိုလ်တွေ ကိုယ့်နေရာကိုယ် ပြန်နိုင်ကြပါပြီ' ဟု အော်လိုက်တော့သည်။

မော်လင်သည် ဘာမှ မပြောတော့ဘဲ နောက်ဆုတ်ပြီး ထွက်ခွာသွားသည်။

ယိလူသည် စီးမင်ရှန်းကို လှမ်းကြည့်ပြီး ဝန်ရင်မော်ကို နှုတ်ဆက် မလာသည့်အတွက် သံသယ ဖြစ်နေပြန်သည်။

အတန်ကြာမှ သက်ပြင်းချပြီး ထွက်ခွာသွားတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅၆)

## တာဝန်ကိုယ်စီ

ညှော်ခန်းဆောင်အတွင်းရှိ ဗဟိုချက်မတွင် ဝန်ရင်မော်၊ လိန်ကူးချီနှင့် ဆရာကြီးနှစ်ယောက်တို့ မျက်နှာချင်းဆိုင်ပြီး ထိုင်မိကြလေပြီ။

ချာမင်သည် တုလားထိုင်တွင် ထိုင်မိကြသည်နှင့် စကားစသည်။

'သူ့ရဲကောင်းဝန်၊ ဘာပြောစရာ ရှိနေပါသလဲ'

'မနက်ဖြန်ညဟာ လပြည့်ညပဲ ဆရာကြီး'

'ဒီတော့၊ လိုအပ်တာကို ပြောပါ သူ့ရဲကောင်းဝန်'

'ကျွန်တော့်သဘောကတော့ ဆွေးနွေးထားတဲ့အတိုင်း



မပျက်မတွက် ဆောင်ရွက်မှာပါ၊ နောက်တစ်ချက်ကတော့ သူတို့သုံးယောက်ကို ပြန်ပြီးထွက်ခွာခွင့် မပေးတော့ဘူး'

'ကျုပ်သဘောတူပါတယ်၊ ဝန် ဘာတွေ သိချင်သေးသလဲ'

ချာမင်က မျက်မှောင်ကြုတ်ပြီး မေးသည်။

'မုန့်ချူးဟာ ဘယ်လိုသဘောထားနဲ့ နှင်းအဆောင်ကို ရွေးပြီး အလဲအလှယ် လုပ်တာလဲဆိုတာကို လေ့လာချင်တယ်၊ ဒီနေရာမှာ ဆရာကြီးနှစ်ယောက်လည်း ရှိနေကြမယ်ဆိုတော့ သူ့စိတ်ကူးအကြံကို လျှော့တွက်လို့ မဖြစ်ဘူး'

'ဟုတ်တယ်၊ တို့ညီအစ်ကိုလည်း ဒါကိုပဲ စဉ်းစားနေမိတယ်၊ ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေးကို နှင်းအဆောင်မှာ ရပ်တည်ခွင့် မပေးနိုင်ဘူး'

'သူကတော့ သူ့အတွက်နေရာလို့ ယူဆနေတာ အမှန်ပဲ'

ချာမင်သည် မျက်ခုံမှောက်ကြုတ်ပြီး အလေးအနက် စဉ်းစားတော့သည်။

အတန်ကြာမှ. . . .

'ကျုပ်တော့ ဘယ်လိုမှ စဉ်းစားလို့ မရသေးဘူး၊ သူ့ရဲကောင်း ဝန်'

'ဟုတ်ကဲ့၊ ကျွန်တော် တွက်မိနေတာကတော့'

'ပြောပါ. . . သူ့ရဲကောင်းဝန် ပြောပါ'

'သူဟာ ဂိုဏ်းချုပ်ကြီးဟန်ဆောင်ပြီး ရက်လများစွာ ကမ္ဘာ့ဌာန်းထိုင်ပြီး သိုင်းအားကျင့်နေတဲ့ကိစ္စပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဘာဖြစ်သလဲ ဝန်၊ ဘယ်လို စဉ်းစားမိသလဲ'

'သိုင်းလောကမှာ လပေါင်းများစွာ သိုင်းကျင့်စဉ် ကျင့်တာကို ကြားဖူးပါသလား'

'ဟုတ်ပြီ၊ တစ်ထိုင်တည်း လပေါင်းများစွာ ကျင့်တယ်လို့ တစ်ခါမှမကြားဖူးဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး'

'ဒီအချက်ဟာ အားနည်းချက် တစ်ခုပဲ၊ သူ ဒီလိုလုပ်နေတာဟာ ကျွန်တော်တို့အားလုံးကို အကြီးအကျယ် ဒုက္ခပေးဖို့ တိတ်တဆိတ် လှုပ်ရှားနေတာလို့ မြင်တယ်'

အဘိုးဝကြီး ချာမင်သည် ဖျောင်းခနဲ လက်ခုပ်တီးလိုက်မိသည်။

'ဟုတ်ပြီ၊ ဒီအချက်ကို ကျုပ်ဘာဖြစ်လို့ မစဉ်းစားမိခဲ့သလဲ'

'အဲဒီလိုသာ စဉ်းစားမိရင် လူတိုင်းလူတိုင်း လူတော်တွေချည်း ဖြစ်နေမှာပေါ့ဗျ၊ လူညံ့ဆိုတာ ဘယ်ရှိနိုင်ပါတော့မလဲ'

ကူဝေ့က အားမနာတမ်း ပြောတော့သည်။ ဝန်ရင်မော်ပင် ဟက်ခနဲ ရယ်လိုက်သည်။

'ထင်ရာမြင်ရာတွေ စွတ်ပြောမနေစမ်းပါနဲ့ ညီရဲ့'

'ကျုပ် တကယ်ပြောတာပါဗျ'

'ကောင်းပြီ၊ အချိန်ရတုန်း ရှာဖွေစစ်ဆေးကြရအောင်လား'

'ကျွန်တော်တို့ စုံစမ်းရှာဖွေမှုကို လူမသိဖို့ အရေးကြီးတယ် ဆရာကြီးချာမင်'

▶▶



'စေ့စပ်ရမှာပေါ့ကွယ်၊ ဒါပေမယ့် လူများဖို့တော့ လိုတယ်'

'အိုး. . . လူများရင် သတင်းပေါက်ကြားသွားမှာပေါ့'

ကူဝေ့က မျက်လုံးပြူးပြီး ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဆရာကြီး ကူပြောသလို သဘောရပါတယ်'

'ဟဲဟဲ. . . ဒီလိုဆိုရင် ကူဝေ့အမြော်အမြင် ကြီးလာပြီလို့ ဆိုရမယ်'

ချာမင့်စကားကြောင့် လိန်ကူးချီ ရယ်တော့သည်။

'မှန်သပေါ့ဗျာ၊ မှန်သပေါ့'

ကူဝေ့က ရယ်သွမ်းသွေးသည်။

ချာမင်က. . .

'ငါ့ညီက အသက်သာကြီးတယ်၊ ကလေးစိတ် မကုန်သေးပဲကိုး'

'ဟား. . . ဟား. . . ဟား'

လိန်ကူးချီသည် အသံထွက်အောင် ရယ်လိုက်မိတော့သည်။ ဝန်ရင်မော်က အစီအစဉ်ကို ချက်ချင်း ပြောတော့သည်။

'ဒီလိုဆိုရင် ကျွန်တော်တို့ လေးယောက်ပဲ တာဝန်ယူ စုံစမ်းကြမယ်၊ အရပ်လေးမျက်နှာခွဲပြီး လေ့လာမယ်၊ သုံးနာရီပြည့်ရင် ဒီနေရာမှ ပြန်ဆုံကြမယ်'

'ကောင်းတယ်၊ ကျုပ်အရှေ့ဘက်ကို သွားမယ်'

ကူဝေ့က. . .

▶▶

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကတော့ တောင်ဘက်'

လိန်ကူးချီနှင့် ဝန်ရင်မော်သည် အနောက်ဘက်နှင့် မြောက်ဘက်ကို တာဝန်ယူလိုက်ကြသည်။

လိန်ကူးချီသည် မြောက်ဘက်ဖြစ်ပြီး ဝန်ရင်မော်သည် အနောက်ဘက်ဖြစ်သည်။

▲ ▲ ▲



အခန်း (၁၅၇)

## ခန်းမအလည်မှ အန္တရာယ်

သုံးနာရီ ဟူသော အချိန်သည် သိပ်မကြာလိုက်ပါ။ မကြာခင်မှာပင် ကုန်ဆုံးသွားတော့သည်။

ချာမင်၊ ကူဝေ့နှင့် လိန်ကူးချီတို့သည် ဝန်ရင်မော်နှင့် ရှေ့ဆင့် နောက်ဆင့် ပြန်ရောက်လာကြသည်။

ဝန်ရင်မော် ပြုံးနေမိသည်။

ထို့နောက် . . .

'ကျွန်တော် တွေ့ခဲ့တာကတော့ အနောက်ဘက် တောင်ကြောက ဆီးပန်းတောအုပ်ကလေးတစ်အုပ်ပဲ၊ အဲဒီနေရာမှာ မြေအောက်လိုဏ်ခေါင်း ရှိနေတယ်၊ နဂိုကတည်းက ရှိနေတဲ့ လိုဏ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလား ဆရာကြီး'

ချာမင်နှင့် ကူဇေ့တို့ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ချာမင်က. . .

'ဟုတ်မှ ဟုတ်ရဲ့လား သူရဲကောင်း ဝန်'

'ဟုတ်ပါတယ် ဆရာကြီး ချာမင်၊ သေချာပါတယ်၊ အဲဒီလိုဏ်ခေါင်းဟာ နှင်းတွေ ဖုံးနေပါတယ်၊ လိုဏ်ခေါင်းပေါ်မှာ သင်္သားအပြားကြီးတစ်ခု ဖုံးထားပါသေးတယ်'

'ဟုတ်လား၊ အဲဒါတော့ မသိဘူး၊ ကူဇေ့ မင်းတော သိသလား'

'မသိဘူး အစ်ကိုကြီး၊ နောက်ပေါ် လိုဏ်ခေါင်း ဖြစ်လိမ့်မယ်'

'အင်း. . . အဲဒီလိုဏ်ခေါင်းဟာ တော်တော်ဝေးဝေးအထိ ခရီးပေါက်မယ့် လိုဏ်ခေါင်းပဲ၊ မည်းလိုက်တာလဲ မှောင်လို့'

'ဟင်. . . ဟုတ်လား၊ ဒီမြေအောက်လိုဏ်ခေါင်းဟာ ဒီမြေအောက်လိုဏ်ခေါင်းဟာ. . .'

ချာမင်သည် အလွန်အံ့ဩနေတော့သည်။ ကူဇေ့က ဝင်မေးသည်။

'ဘယ်အထိတောင် ရောက်ခဲ့သလဲ'

'အထဲတော့ ဝင်မကြည့်ခဲ့ဘူး၊ တစ်နေရာရာမှ ထွက်ပေါက် ရှိမှာတော့ သေချာတယ်'

▶▶



'အထောက်အထားက. .'

'တစ်ဘက်မှာ အပေါက်မရှိရင် ဘယ်လိုလုပ်ပြီး ဝင်ထွက်လို့ရမှာလဲ၊ တစ်ဘက်က ပိတ်ထားရင် တစ်ဘက်က ဖွင့်ထားရမယ်'

'ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် တောင်ကလပ်ပေါ်မှာ ရှိလိမ့်မယ်. . .'

'တောက် ကျုပ် တော်တော်အသုံးမကျတဲ့ကောင်ပဲ'

'ဝှန်း. . .'

ကူဇေ့သည် ကိုယ့်ကိုယ်ကို ဒေါသထွက်လာသဖြင့် ကြမ်းခင်းကို ဖနောင့်နှင့် ပေါက်ဝစ်လိုက်တော့သည်။

ထူးခြားသောအသံကြောင့် ချာမင် အံ့ဩသွားသည်။

'ဟာ. . ဒီမှာလည်း လိုဏ်ခေါင်း ရှိနေပြီ'

ချာမင်သည် တအံ့တဩပြောရင်း ကြမ်းခင်းကို လက်ဝါးနှင့် ရိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ဝန်ရင်မော်က **ကမန်းကတန်း** တားသည်။

'မလုပ်နဲ့'

ချာမင်လက်ကို ပြန်ရုပ်လိုက်ရသည်။

'ဒါ ပိုမကောင်းဘူးလား'

'တစ်ခြားမှ ထွက်ပေါက် ဝင်ပေါက် ရှိနေပြီဆိုတော့'

ဝန်ရင်မော်သည် ငြိမ်ပြီး စဉ်းစားနေပြန်သည်။

မကြာခင်မှာပင် အသိတစ်ခု ဝင်းခနဲ လက်လာသည်။

နှုတ်ခမ်းတွင် အပြုံးကလေးတစ်ပွင့် ပွင့်လာသည်။

▶▶

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးချာမင်၊ ခေါင်းအေးအေးထားပြီး ကျွန်တော့်ကို ကူညီပါ'

'ဘယ်လို ကူညီရမှာလဲ'

'ဟောဒီနေရာက ကျောက်ပြားကြီးကို ခြေရာလက်ရာ မပျက်အောင် ထုတ်ယူချင်တယ်၊ ကျွန်တော်တို့ရဲ့ လက်ရာတွေလည်း ကျန်မနေစေရဘူး'

'ဖြစ်ပါတယ်'

သို့နှင့် ခန်းမဆောင် ဗဟိုချက်မမှ ကျောက်ပြားချပ်ကြီးကို ချိမကြတော့သည်။

'သတိထား. . .'

'စိတ်ချ သူရဲကောင်းဝန်'

ကူဇော့နှင့် လိန်ကူးချီတို့သည် ကျောက်ပြားချပ်ကြီးကို စိတ်ဝင်စားစွာ စိုက်ကြည့်နေကြသည်။

မကြာခင်မှာပင် ကျောက်ပြားချပ်ကြီး ကြွတက်လာသည်၊

ကျောက်ပြားချပ်ကြီးအပေါ်သို့ ကြွလာသည်နှင့် သတိထားပြီး ဘေးတွင် ချထားလိုက်ကြသည်။

ထင်သည့်အတိုင်းပင် ဖြစ်သည်။

ကျောက်ပြားကြီးအောက်တွင် လိုဏ်ခေါင်းတစ်ခု ရှိနေသည်၊

သူတို့အားလုံး လိုဏ်ခေါင်းကို လေ့လာကြသည်။

လူတစ်ရပ်ခန့် နက်သည့်နေရာတွင် ကျောက်လုံးကြီး





လို မည်းနေသော ငွေလုံးကြီးလိုလို အရာတစ်ခုကို တွေ့ရသည်။

ချာမင် မျက်လုံးပြူးသွားသည်၊

'တော်တော် ရက်စက်ယုတ်မာတဲ့ အကြံအစည်ပဲ'

'ဟား. . ဟား၊ ကျုပ်တို့တွေ အရိုးတခြား အသားတခြား ဖြစ်မယ့်ကိစ္စပါလား'

'ကူဇော့စကားကြောင့် ကျန်သုံးယောက် ပြုံးသွားသည်။

'သူဘက်ကကြည့်ရင်တော့ မလွန်ဘူးလို့ ဆိုရမှာပေါ့ဗျာ၊ ဟဲ ဟဲ. .'

'ခင်ဗျား တော်တော်သဘောကောင်းပုံရတယ်. . . ဟဲဟဲ'

ကူဇော့က ရယ်ရယ်မောမော လှမ်းပြောသည်။

ဝန်ရင်မော်က အခြေအနေကို စေ့စေ့စပ်စပ် လေ့လာနေရာမှ-

'အင်း. . . ခန်းမကြီးတစ်ခုလုံးကို ပြိုကျပျက်စီးစေပြီး သူတွေအများကြီးကို သေကြေပျက်စီးစေနိုင်တဲ့ လက်နက်ပုန်းပဲ၊ ပေါက်ကွဲအားကြီးသလောက် မီးလောင်တိုက်သွင်းနိုင်တဲ့ လက်နက်ပါလား၊ ဒီလက်နက်ပုန်းနဲ့ ဆက်သွယ်ထားတဲ့ ကြိုးဟာ ဘယ်အထိ ရှိနေသလဲ' ဟု ပြောနေတော့သည်။

ထို့နောက်. . . .

ထိုလက်နက်ပုန်းကြီးနှင့် ဆက်သွယ်ထားသော ယမ်းမှုန့်များနှင့် ကျစ်ထားသည့် ကြိုးစကို ဖြတ်တောက်ပစ်လိုက်သည်၊

စိတ်ချသွားသည်နှင့် ထိုအလုံးကြီးကို မယူလိုက်သည်၊



www.burmeseclassic.com

လက်နက်ပုန်းသည် လှေခေါင်းလောက်ကြီးသော လက်နက်ပုန်းပင်။

ဝန်ရင်မော်သည် လက်နက်ပုန်းကြီးကို ဆရာကြီးကူ...ကို လှမ်းပေးလိုက်သည်။

ထို့နောက်. . .

ဘေးတွင်ချထားသော ကျောက်ပြားချပ်ကြီးကို ချာမင်နှင့်အတူ မပြီး နေသားတကျ ပြန်ချသည်။

လိုဏ်ခေါင်းကို ပြန်ပိတ်ပြီးသည်နှင့် ခြေရာလက်ရာမတွေ့အောင် ချွတ်ယွင်းချက်မရှိအောင် ပြန်လုပ်ကြသည်။

သိပ်မကြာလိုက်ပါ။

ကိစ္စကြီးတစ်ခုလုံး အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့တော့သည်။

ထိုအခါကျမှ အားလုံး သက်ပြင်းချနိုင်သည်။

မေမုန့်ချူး ဤအဆောင်ခန်းမကို ရွေးချယ်ခြင်းသည် ကြောက်စရာကောင်းသော အကြံအစည်ဖြင့် ရွေးချယ်ခြင်း...တကား။

▲ ▲ ▲



အခန်း (၁၅၈)

## ထိပ်တိုက်တွေ့ဆုံခြင်း

လပြည့်ညပင်ဖြစ်သည်။

သို့သော်. . . .

ထန်းချန်းစခန်း တောင်ပေါ်၌ကား လရောင်ဝင်းဖြာခြင်း မရှိပါ။

ထိုတောင်ပေါ်မှ ကြည့်လျှင်လည်း လပြည့်ဝန်းကြီးကို မှန်မှုန်မွှားမွှားလေးသာ မြင်ရပါသည်။

လရောင်သည် တဖွဲဖွဲကြွေသက်နေသော နှင်းကမ္ဘလာကို ထိုးဖောက်နိုင်စွမ်း မရှိပါ။

ပတ်ဝန်းကျင်သည် နှင်းကမ္ဘလာကြီး ဖြန့်ကျက် လွှမ်းမိုး

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် မှိုင်းမှုန်ပြီး အေးစိမ့်စိမ့်ဖြစ်နေသည်။

ထိုအချိန်တွင် နှင်းအဆောင်အတွင်း၌ သင့်တင့်လျော နေရာယူပြီး ထိုင်နေသူများနှင့် မတ်တပ်ရပ်နေသူများ ပြည့်နေ သည်။

ခန်းမဆောင် ခေါင်းရင်းပိုင်းတွင် ရှိနေသူများကား...

သူရဲကောင်း ဝန်ရင်မော်၊ ထန်းရှန်း ဂိုဏ်းချုပ်ကလေး မော်လင်၊ နာယက ဆရာကြီးနှစ်ယောက်ဖြစ်သည့် ချာမင်နှင့် ကူငွေ။

ဂဠုန်လေးကောင်ဘွဲ့ရလေးယောက်၊ အမျိုးသမီးအ သမား ဆယ့်နှစ်ယောက်၊ ချန်ချွင်းယင်းနှင့် အကျိုဝါ စည်းက ထိန်း[ကြီး]များဖြစ်သည်။

ထူးခြားသည်ကား ထိုလူစုထဲတွင် လိန်ကူးချီကို မတွေ့ ခြင်းပင်။

မော်လင်သည် အမြင့်ဆုံး ငွေကုလားထိုင်ကြီးပေါ်တွင် ထိုင်နေပြီး သူ့ဘေးတွင် ဆရာကြီးနှစ်ယောက်ရှိပြီး ထိုင်နေသည်။

ဆရာကြီးချာမင်၏ဘေးတွင်မူ ဝန်ရင်မော်ဖြစ်သည်။

သူတို့နောက်တွင် ရပ်နေသူများကား ဂဠုန်လေးကောင် ဖြစ်သည်။

သူတို့အားလုံး၏ ဝဲယာတွင်မူ အမျိုးသမီး ဓားသမား ခြောက်ယောက်စီ ရပ်နေသည်။ စီးမင်ရှန်းကော ဂှမ်ယိလူ ပါသည်။



ခန်းမဆောင်အတွင်းရှိ လူများသည် ထူးခြားစွာ တိတ် ဆိတ်ငြိမ်သက်နေကြသည်။

ဤသို့ ငြိမ်သက်နေကြခြင်းသည် တုန်လှုပ်ချောက်ချား ဖွယ်ကောင်းနေသည်။

မှန်သည် ခန်းမဆောင် အတွင်းရှိ လူများသည် နှုတ်ငြိမ်နေ ကြသော်လည်း စိတ်လှုပ်ရှားနေကြသည်။

အားလုံးထဲတွင် ဝန်ရင်မော်တစ်ယောက်သာ မည်သည့် လှုပ်ရှားမှုမျှ မရှိဘဲ လေးနက်တည်ကြည်နေသည်။

ဤညသည် ထန်းရှန်းဝိုဏ်းချုပ်ကြီးနှင့် သိုင်းကျမ်းကို အလဲအလှယ်ပြုကြသည့် ညပင်တည်း။

ထို့ကြောင့် ယနေ့ညသည် ကုန်လွန်ခဲ့သော ညပေါင်းများ စွာထက် ထိတ်လန့်ဖွယ် ကောင်းနေခြင်းပင်၊

အဆင်မသင့် အကြောင်း မညီညွတ်လျှင် ဤခန်းမဆောင် ၌ သွေးချင်းချင်း နီရဲပေလိမ့်မည်၊ သွေးချောင်း စီးရပေလိမ့်မည်၊

မည်သူ့သွေးသည် ဤခန်းမဆောင် ကြမ်းခင်း၌ အိုင်ထွန်း ပေမည်နည်း။ တပ်အပ်သေချာ ပြော၍မရပေ။

သွေးနှင့်အသက်၊ အသက်နှင့်သွေး။ တရားမှုနှင့် မတရား မှု၊ သွေးနှင့်သစ္စာ၊ မာယာကလဲ့စား၊ ချောက်ချားဖွယ်ကောင်းသော ညပေတကား။

ချိန်းဆိုထားသည့်အချိန်သည် တစ်စတစ်စ နီးကပ်လာပြီ တည်း။

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တစ်စတစ်စ ကုန်လွန်သွားခဲ့ပြီဖြစ်သော်လည်း ချိန်းဆိုထားသူ၏ အရိပ်အရောင်၊ အသံအရိပ်ကိုပင် မမြင်ရသေး။ မကြားရသေး။

သို့နှင့် ညဉ့်ဦးယံပင် ကျော်လွန်လာခဲ့ပြန်ပါ၏။ မော်လင်သည် တိတ်ဆိတ်ငြိမ်သက်မှုဒဏ်ကို သည်းခံနိုင်စွမ်းမရှိတော့သဖြင့် အဘိုးကြီးချာမင်ကို လှည့်ပြောတော့သည်။

'အဘိုးဝကြီး၊ သူရောက်မလာသေးပါလားဗျ၊ ဘာများ ဖြစ်နေလို့လဲ'

အဘိုးဝကြီးချာမင်က ခေါင်းယမ်းလိုက်သည်။

'ငါလည်း ဘယ်သိမှာလဲကွ၊ ဆန္ဒစောမနေစမ်းပါနဲ့ကွာ အချိန်တန်ရင် ရောက်လာမှာပေါ့'

မော်လင်သည် အားမလိုအားမရ ဖြစ်လာသဖြင့် ဝန်ရင်မော်ကို လှမ်းကြည့်သည်။

ဝန်ရင်မော်သည် မော်လင့်တုန်လှုပ်မှုကို သိမြင်နေသဖြင့် ထိမထင်ဟန်နှင့် တဟဲဟဲ ရယ်လိုက်သည်။

'စိုးရိမ်မနေပါနဲ့ မော်လင်၊ ကျုပ်တို့ အောင်ပွဲခံရမှာပါ သိုင်းလောကမှာ 'မဟာရတနာသိုင်းကျမ်း' ကို မမက်သူ တစ်ယောက်မှ မရှိပါဘူး၊ သူ မကြာခင် ရောက်လာမှာပါ'

'ဟုတ်ပါတယ် ဦးဦးဝန်၊ ဒါပေမယ့် ခုထိရောက်မလာသေးတာ ခက်တယ် ဦးဦးရဲ့'

'သူ လာနေလောက်ပါပြီ၊ အချိန်နည်းနည်းစောသေးလို့ပါ'

▶▶



ဝန်ရင်မော်သည် ဒါပဲပြောပြီး စကားဖြတ်ပစ်လိုက်သည်။

မော်လင်သည် ဝန်ရင်မော်စကားကြောင့် အနည်းငယ် စိတ်အေးသွားသည်။ မျက်ဝန်းအိမ်၌ကား မိခင်ကြီး၏မျက်နှာကို တရစ်ဝဲဝဲ မြင်ယောင်နေသည်။

ရင်ခုန်ဖွယ် ကောင်းလေစွတကား. . . .။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅၉)

## သားနှင့်အမေ

ရုတ်တရက်. . .

တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော ခရာမှုတ်သံ ပေါ်လာသည်။

ထိုအသံကြောင့် မော်လင့်ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ထိုင်နေသူများသည် ဆတ်ခနဲ မတ်တပ်ရပ်လိုက်ကြသည်။

ဝန်ရင်မော်ကား ငြိမ်သက်စွာ ထိုင်နေဆဲပင်တည်း။

'လာပြီ'

မော်လင့်အသံ ထွက်လာသည်။

'ဘာဖြစ်လို့ အစောကြီး မလာတာလဲ'



ဝန်ရင်မော်၏ ရေရွတ်သံကို ချာမင် ကြားလိုက်ရသည်။ မကြာပါ။ ခရမ်းရောင်အကျီ၀တ် အစောင့်တစ်ယောက် ပြေး၀င်လာသည်။

ခန်းမ အ၀င်ပေါက်တွင် ရပ်ပြီး အသံပြုသည်။

'ဂိုဏ်းချုပ်ကလေးခင်ဗျား. .'

'ဝင်ခဲ့ပါ၊ ဝင်ခဲ့ပါ'

မော်လင်က အလောတကြီး လှမ်းခေါ်သည်။

ခရမ်းရောင်အကျီဝတ်သည် ရှေ့ကိုတိုးလာသည်။

စင်မြင့်ပေါ်မှ ပုဂ္ဂိုလ်များကို ဂါရ၀ပြုပြီးသည်နှင့် အစီရင်လာသည်။

'ချိန်းဆိုသူ ရောက်လာပါပြီခင်ဗျား'

ခရမ်းရောင်အကျီဝတ်သည် စကားဆုံးသည်နှင့် နောက်ဆုတ်သွားသည်။ ဆရာကြီးနှစ်ယောက်က ခေါင်းညိတ်ပြီး လက်ယမ်းပြလိုက်သည်။

သတင်းပို့သူ ပျောက်ကွယ်သွားပြီး မကြာခင်မှာပင် ခြေသံများကို ကြားရတော့သည်။ ခြေသံသည် လေးယောက်ထက် ပိုလွန်သော ခြေသံများ ဖြစ်သည်။

သို့သော် ညီခန်းဆောင်ကြီးအတွင်းသို့ ဝင်ရောက်လာသူများကား လေးယောက်သာဖြစ်သည်။

သူတို့သည် မေမုန့်ချူး၊ ရွှေချန်ရိုး၊ စွန်းပုရှောက်နှင့် မော်လင့်မိခင် ဂိုဏ်းချုပ်မိန်းမချောကြီးတို့ဖြစ်သည်။ ရွှေချန်ရိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စွန်းပုရှောက်တို့သည် ဂိုဏ်းချုပ်မိန်းမချောကြီးကို သူတို့ နှစ်ယောက်ကြားတွင် ညှပ်၍တွဲခေါ်လာခြင်းဖြစ် သည်။

မော်လင်သည် ဂိုဏ်းချုပ်ကြီးကို မြင်သည်နှင့် 'မေမေကြီး' ဟု လှမ်းအော်လိုက်သည်။

'မော်လင်. . . ငြိမ်ငြိမ်နေစမ်းပါ'

ဝန်ရင်မော့်ငေါက်သံကြောင့် မော်လင် **ငြိမ်သွားသည်။** မငြိမ်၍မဖြစ်။ အခြေအနေသည် အမှားမခံသည့် **အခြေအနေ** ဖြစ်သည်။

သို့တိုင် 'မေမေကြီး မေမေကြီး' ဟု **ရေရွတ်နေမိသေးသည်။**

မေမုန့်ချူးသည် ထိုအသံကို ဂရုပြုခြင်း **မရှိပေ။ သူမ၏** အမူအရာသည် သောကမဲ့ဟန်အပြည့်နှင့် တည်ငြိမ်နေသည်။

ဝန်ရင်မော်ကို ကြည့်ပြီး ပြုံးနေသည်။

သူမသည် ပါးချိုင့်ကလေးများ ပေါ်လာအောင် ပြုံးသည်ထက် ပြုံးနေသည်။

အလှဆုံး အပြုံးဖြစ်အောင် ကြိုးစားနေခြင်းပင်။

ထိုအပြုံးသည် ချစ်စရာကောင်းသလောက် စွဲမက်ဖွယ်ရာကောင်း**သလောက်၊** ကြောက်စရာကောင်းသော အပြုံးဖြစ်သည်ကို ဝန်ရင်**မော် သိပြီး မြစ်**လေသည်။

▲ ▲ ▲





**အခန်း (၁၆၀)**

**မာနဝက်ပါ**

မကြာပါ။

မေမုန့်ချူးထံမှ ချိုလွင်သောအသံလေးထွက်လာသည်။

'မဟာရတနာသိုင်းကျမ်းကို ယူလာနိုင်ခဲ့ပြီလား ဝန်'

'အသင့် ရှိနေတယ်'

ဝန်ရင်မော်အသံ အနည်းငယ်မာနေသည်။

မေမုန့်ချူးက အောင်နိုင်သူလို ဟက်ခနဲ ရယ်လိုက်သည်။

'ကျွန်မ ကြည့်ပါရစေလားရှင်'

'ကြည့်ရပါတယ်၊ ကြည့်ရပါတယ်'

ဝန်ရင်မော်က သိုင်းကျမ်းစာအုပ်ကို ထုတ်ယူပြီး ထောင်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ဒီမှာ အဲဒါ မဟာရတနာသိုင်းကျမ်းစာအုပ်ပဲ'

မေမုန့်ချူး၏ မျက်လုံးအရောင် ပို့ပြီး ဝင်းလက်တောက်ပြောင်လာသည်။

'အတုလား၊ အစစ်လားဆိုတာကို ခွဲခြားဖို့ လိုအပ်ပါသေးတယ်ရှင်'

ဝန်ရှင်မော် မျက်နှာပျက်သွားသည်။သို့သော် ချက်ချင်းပြန်ပြုံးနိုင်လာသည်။သိုင်းကျမ်း၏ ရှေ့ဆုံးတစ်မျက်နှာကို ရွှမ်းခနဲဆုတ်ပစ်လိုက်ပြီး လုံးချေကာ ပစ်ပေးလိုက်သည်။

မေမုန့်ချူးသည် စက္ကူလုံးကလေးကို ဖမ်းယူလိုက်ပြီး ဖြန့်ကြည့်သည်။စာသားများကို သေသေချာချာ စစ်ဆေးသည်။

ထို့နောက် ဝမ်းမြောက်ဝမ်းသာ ပြုံးသည်။

'ဒီစာရွက်ကို ပြန်ပေးဖို့ လိုပါသေးသလား'

'မလိုပါဘူး၊ ခင်ဗျားပဲ ယူထားလိုက်ပါ'

မေမုန့်ချူးသည် စာရွက်ကလေးကို ကျကျနနခေါက်ပြီး အင်္ကျီရင်ဘတ်ထဲ ထိုးထည့်လိုက်သည်။

'ကဝေမကြီး. . . .'

မော်လင့်အသံ ထွက်လာသည်။မေမုန့်ချူးက ဆတ်ခနဲလှမ်းကြည့်သည်။ ထို့နောက် မထီတရီ ပြုံးသည်။

'ကဝေမကြီးတဲ့လား. . . ဟင်းဟင်း အရင်တုန်းကတော့မေမေ မေမေလို့ ချစ်စနိုးခေါ်ခဲ့သေးတယ်နော်၊ ခုတော့. . . ဟင်းဟင်း'

မေမုန့်ချူးက မလိုအပ်သောစကားကို ပြောရင်း တဟင်းဟင်း ရယ်ပြန်သည်။

သူမ၏ ပြုံးရယ်မှုကို မည်သူကမျှ လှသည်ဟု မယူဆကြချေ။မော်လင်သည် ပြင်းထန်သော သောကဝေဒနာကို ခံစားနေရသဖြင့် တိုက်ခိုက်ရန်ပင် ဟန်ပြင်လိုက်မိသည်။

'မော်လင် ထိုင်နေစမ်း'

ချာမင်၏ မာကျောခက်ထန်သောအသံကြောင့် မော်လင်ပြန်ငြိမ်သွားသည်။မေမုန့်ချူးက ပြုံးပြီး အရေးဆိုပြန်သည်။

'ကျွန်မ ပြောချင်တာ ရှိနေပါသေးတယ်'

'ပြောပါ၊ ဘာပြောချင်လို့လဲ'

ချာမင်က စိတ်မရှည်သံနှင့် ပြန်ပြောသည်။

မေမုန့်ချူးသည် သရော်ပြုံးပြုံးပြီး ဟက်ခနဲ ရယ်လိုက်ပြန်သည်။

'ဒီလိုပါ၊ ကျွန်မဟာ ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကို ချုပ်ကိုင်ထားသူဖြစ်ပါတယ်၊ ဂိုဏ်းချုပ်နဲ့ မဟာရတနာ သိုင်းကျမ်းလဲလှယ်ရေးကိစ္စကိုလည်း ကျွန်မကိုယ်တိုင် ဦးဆောင်နေသူဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်မကို ဂိုဏ်းချုပ်နေရာမှာ ထိုင်ခွင့်ပြုသင့်တယ်'

မေမုန့်ချူးစကားကြောင့် ချာမင်တော ကူဝေ့ပါ မျက်စိမျက် မျက်နှာပျက် ဖြစ်သွားသည်။

'ဆရာကြီး ချာမင်၊ လိုအပ်သလို စီစဉ်ပေးလိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဝန်ရင်မော်၏ အကြံပေးမှုကြောင့် ချာမင်သည် မတော့မနပ်နှင့် ခေါင်းညိတ်လိုက်ရသည်။

ချာမင်သည် မော်လင့်ဘေးတွင် သွားရပ်ပြီး အခြေအနေကို စောင့်ကြည့်သည်။

ဝန်ရင်မော်ကား နေမြဲအတိုင်းပင်။

မေမုန့်ချူးသည် လှုပ်လီလှုပ်လဲ့ လျှောက်လာရင်း ဂိုဏ်းချုပ်နေရာ ငွေကုလားထိုင်ကြီးရှေ့သို့ ရောက်လာသည်။

စွန်းပုရှောက်တို့သည် သူမနောက်မှ ကပ်ပါလာသည်။

သတိလစ်နေသော ဂိုဏ်းချုပ်ကြီးကိုမူ ချုပ်ကိုင်ထားဆဲဖြစ်သည်။

မေမုန့်ချူးသည် ကုလားထိုင်ကြီးပေါ်တွင် ထိုင်ခြင်းမပြုချေ။

မတ်တတ်ရပ်မြဲ ရပ်နေသည်။

ချထားသော ကုလားထိုင်များသည် နီးကပ်ခြင်းမရှိသဖြင့် သူမနှင့် ဝန်ရင်မော်သည် ဆယ်တောင်ခန့် ကွာနေသည်။

မေမုန့်ချူးသည် မတ်တပ်ရပ်နေရင်းက ခန်းမဆောင်ထဲမှ လူများကို ပြုံးကြည့်နေပြန်သည်။

အတန်ကြာမှ. . .

'အားလုံး မြင်ကြတဲ့အတိုင်းပါပဲ၊ ဂိုဏ်းချုပ်ကြီးဟာ အကောင်းပကတိ ရှိနေပါတယ်၊ သတိလစ်နေတာကတော့ သွေးကြောပိတ်ထားလို့ပါ'



မေမုန့်ချူး သတိလစ်နေသော ဂိုဏ်းချုပ်ကြီးကို လက်ညှိုးထိုးပြီး ပြောသည်။

'ဂိုဏ်းချုပ်ကြီးကို အဆိပ်သင့်အောင် လုပ်ထားသလား'

ဝန်ရင်မော်က ရှင်းရှင်းပြတ်ပြတ် လှမ်းမေးသည်။

'ကျွန်မကို ဒီလို လုပ်လိမ့်မယ်လို့ ထင်နေသလား'

'ခင်ဗျားဟာ ယုံကြည်စိတ်ချရတဲ့ အမျိုးသမီးတစ်ယောက် မဟုတ်ပါဘူး'

မေမုန့်ချူးရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ဤစကားသည် သူမ၏အတ္တကို ထိခိုက်စေသည့် စကားပင်။

သို့သော်. . .

သူမ ပြုံးနိုင်ဆဲ ဖြစ်သည်။

'မယုံကြည်ရင် သေသေချာချာ စစ်ဆေးကြည့်ပါ၊ နောင်မှ နောင်တရတာမျိုး မဖြစ်စေချင်ဘူး'

မေမုန့်ချူးအသံက မာသည်။

ဝန်ရင်မော်က ထပ်မေးသည်။

'ခင်ဗျား ဘာဖြစ်လို့ ခုထိ သွေးကြော ဖွင့်မပေးသေးတာလဲ'

'အချိန်တန်ရင် ဖွင့်ပေးမှာပေါ့ရှင်'

မေမုန့်ချူးသည် စကားဆုံးသည်နှင့် ထန်းရှန်းဂိုဏ်းချုပ်ကြီး၏ သွေးကြောများကို ဖျတ်ခနဲ ဖွင့်ပေးလိုက်သည်။

ဂိုဏ်းချုပ်ကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး သတိပြန်

www.burmeseclassic.com

www.burmeseclassic.com



ရလာသည်။

သူမသည် သတိရလာသည်နှင့် 'မော်လင်' ဟု ရေရွတ်လိုက်သည်။

မော်လင်သည် မျက်ရည်များ ဝဲနေရင်းက 'မေမေကြီး' ဟု လှမ်းခေါ်လိုက်သည်။

ရှေ့ကို တိုးထွက်ရန် ဟန်ပြင်လိုက်သော်လည်း ရှေ့ကို တိုး၍ မရပေ။

ချာမင်နှင့် ကူဇေ့ကိုက ချုပ်ကိုင်ထားသောကြောင့်ပင်။

'ငြိမ်ငြိမ်နေ မော်လင်၊ ငါ့ဆီ တိုးမလာနဲ့'

ဂိုဏ်းချုပ်ကြီး လီအောင်ရွဲ့က ချက်ချင်း သတိလှမ်းပေးသည်။

ထို့နောက်. . .

ချာမင်နှင့် ကူဇေ့တို့ကို ပြုံးပြီး နှုတ်ဆက်လိုက်သည်။

ဝန်ရင်မော်ကို မြင်သော်. . .

'ဒါ သူ့ရဲ့ကောင်းကြီး ဝန်ရင်မော် မဟုတ်လား' ဟု မေးသည်။

ဂိုဏ်းချုပ်ကြီး လီအောင်ရွဲ့၏ မျက်နှာသည် လပြည့်ဝန်းကြီးလို ဝင်းပလာသည်။

'မင်း. . . မင်း ဟာ ငါ့မောင်လေးပဲ'

'ဟုတ်ပါတယ်၊ မမလည်း ကိုယ့်ကိုယ်ကို အတွင်းအားကျင့်စဉ်နဲ့ စစ်ဆေးကြည့်လိုက်စမ်းပါဦး'

———▶▶———



'အားလုံးကောင်းနေပါတယ်၊ ဘာအဆိပ်သင့်မှုမှ မရှိပါဘူး'

'သေချာပါသလား'

'သေချာပါတယ် ငါ့မောင်'

ဝန်ရင်မော် ကျေနပ်သွားသည်။

မေမုန့်ချူအသံ ထွက်လာသည်။

'အားလုံးကျေနပ်မှု ရှိပြီဆိုရင် အလဲအလှယ် လုပ်ကြရအောင်လား'

'အချိန်တန်ပါပြီ မုန့်ချူ၊ ဂိုဏ်းချုပ်ကြီးကိုသာ လွှတ်ပေးလိုက်ပါ၊ ဂိုဏ်းချုပ်ကြီးကို လွှတ်ပေးလိုက်တာနဲ့ ကျုပ်က သိုင်းကျမ်းပေးလိုက်မယ်'

မေမုန့်ချူ ခေါင်းယမ်းသွားသည်။

'ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲရှင်၊ ရှင်က လေဟာနယ်ထဲရောက်နေတဲ့ သိုင်းကျမ်းကို လီအောင်စိန်ကုံး နတ်သိုင်းစွမ်းအားနဲ့ ပြန်ဆွဲယူသွားရင် ဘယ့်နှယ့်လုပ်မလဲ၊ မြွေပါလည်းဆုံး သားလည်းဆုံး အဖြစ်မခံနိုင်ပါဘူးရှင့်'

ဝန်ရင်မော်သည် ပခုံးနှစ်ဘက်ကို တွန့်ပစ်လိုက်တော့သည်။

▲ ▲ ▲

———▶▶———

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆၁)

## ရွှေလင်ဗန်းပေါ်က လက်ဆောင်

'ကျုပ်စိတ်ထဲမှာ ခင်ဗျားလို စိတ်ကူးမျိုးကို နေရာပေး မထားဘူး မုန့်ချူ'

'လေးစားပါတယ်ရှင်၊ ဒါပေမယ့် ခုကိစ္စဟာ ကျွန်မ အတွက်တော့ သေရေးရှင်ရေးကိစ္စပါပဲ၊ သတိမမူ ဂူမမြင်ပါဘူး ရှင်၊ သိုင်းလောကသားတစ်ယောက်ဟာ အရာရာကို သတိရှိ လိုပါတယ်၊ အကောင်းဆုံးကတော့'

'ကြိုက်သလို ပြောပါ'

မေမုန့်ချူသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားသည်။

အတန်ကြာမှ. . . .



'ရှင်ပြောတဲ့ နည်းလမ်းထက်ကောင်းတာ မရှိတော့ပါဘူး ရှင်'

'ဟဲဟဲ. . . ဘယ်လိုဖြစ်သွားရပြန်တာလဲ၊ ကျုပ် မြန်ဆွဲယူ မှာ မကြောက်တော့ဘူးလား'

'ကျွန်မ အနံ့ အအ မဟုတ်ပါဘူးရှင်၊ ရှင် ပစ်ပေးလိုက်တဲ့ သိုင်းကျမ်းစာအုပ် လမ်းခုလတ်ရောက်မှသာ ကျွန်မက ဂိုဏ်းချုပ် ကြီးကို လွှတ်ပေးလိုက်မှာပါ'

'ရပါတယ်၊ ကဲ. . . အဆင်သင့် ဖြစ်နေပြီလား'

'ဖြစ်ပါပြီ'

'ပစ်တော့မယ်နော်'

'ပစ်ပါ'

'ရော့'

မဟာရတနာသိုင်းကျမ်းသည် လေထဲမြောက်တက်သွား ပြီး မေမုန့်ချူဆီ လွင့်လာသည်။

'ဂိုဏ်းချုပ်ကို လွှတ်ပေးလိုက်ပါ'

ဝန်ရင်မော်က လှမ်းပြောသည်။

မေမုန့်ချူ လက်မြှောက်လိုက်သည်တွင်၊ စွန်းပုရှောက်နှင့် ရွှေချန်ရိုးတို့က ဂိုဏ်းချုပ်ကြီးကို လွှတ်ပေးလိုက်သည်။

ဂိုဏ်းချုပ်ကြီးသည် ဝန်ရင်မော်ရှိရာသို့ လှစ်ခနဲ တိုးလာ သည်။

သူမသည် ခေါင်းပေါ်မှ ဖြတ်ပြေးသွားသော သိုင်းကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ပင် မကြည့်ခဲ့ပါ။

သူမ ဝန်ရင်မော့နောက် ရောက်သွားချိန်တွင် သိုင်းကျမ်းစာအုပ်လည်း မေမုန့်ချူးလက်ထဲ ရောက်နေလေပြီ။

ထိုစဉ် ထန်းရှန်းဂိုဏ်းသားများ လှုပ်ရှားလာကြသည်။

'ဘယ်သူမှ မလှုပ်နဲ့နော်'

မေမုန့်ချူးက ခြိမ်းခြောက်သည်။ ဟိန်းဟောက်သည်။

ဝန်ရင်မော်က. . . .

'လှုပ်လှုပ်ရှားရှား မလုပ်ကြနဲ့ဦး၊ သူပြေးလို့ မလွတ်နိုင်ပါဘူး'

ထန်းရှန်းဂိုဏ်းသားများ ပြန်ငြိမ်သွားသည်။ မေမုန့်ချူးက တဟင်းဟင်းရယ်သည်။

'အပြောမကြီးပါနဲ့ရှင်၊ ကျွန်မ ထွက်လို့ ရမရ စောင့်ကြည့်စမ်းပါ'

မေမုန့်ချူး အချက်ပေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ဝန်ရင်မော်က ဖြတ်ပြောလာပြန်သည်။

'ခဏနေပါဦး မေမုန့်ချူး၊ လက်ဆောင်ပေးစရာ ရှိလို့ပါ'

မေမုန့်ချူးက မျက်မှောင်ကြုတ်သွားသည်။ ရင်လည်း ထိတ်သွားသည်။

'ဘာလက်ဆောင်လဲ'

'မကြာခင် သိရမှာပေါ့ မုန့်ချူး'

ဝန်ရင်မော်က လက်မြှောက်ပြလိုက်စဉ်မှာပင် ဝန်ရင်





မော့အားထောင့် တစ်နေရာတွင် ရပ်နေသော မီးခိုးပြာ အင်္ကျီဝတ်လူတစ်ယောက်သည် ခပ်ဖြည်းဖြည်း လျှောက်လာသည်။

သူ့လက်ပေါ်တွင် ရွှေလင်ဗန်းတစ်ခု ပါလာသည်။

ရွှေလင်ဗန်းပေါ်တွင် ကတ္တီပါ အနီစနှင့် ထုပ်ထားသော အထုပ်တစ်ထုပ် ရှိနေသည်။

မီးခိုးပြာ အင်္ကျီဝတ်သည် လင်ဗန်းကို ကိုင်ပြီး ဝန်ရင်မော့ရှေ့တွင် ရပ်လိုက်သည်။

ဝန်ရင်မော်က မေမုန့်ချူးကို လှမ်းကြည့်ပြီး ကတ္တီပါစကို ဖယ်လိုက်သည်။

ဟိုအား... လူခေါင်းလောက်ရှိသော၊ ကျောက်တုံးကြီးလို မည်းနေသော ငွေလုံးကြီးကို အလုံးကြီးတစ်လုံး ဘွားခနဲ ပေါ်လာသည်။ ဤအရာသည် ကြောက်မက်ဖွယ် ပေါက်ကွဲအား ကြီး သော လက်နက်ပုန်းကြီးပင်။

မေမုန့်ချူးသည် ဣန္ဒြေမဆည်နိုင်တော့ဘဲ မျက်စိပျက် မျက်နှာပျက် ဖြစ်သွားတော့သည်။

ဤအလုံးကြီးသည် သူမ၏ အပြုံးကို ဖျက်ဆီးချေမွလိုက်ပြီ ဟည်း။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆၂)

## သူသေ ကိုယ်သေ

'လက်နက်ပုန်း'

ရွှေချန်ရိုးနှင့် စွန်းပုရှောက်တို့၏ လန့်အော်သံ ပေါ်လာ၏။ မေမုန့်ချူသည် ချက်ချင်း ကြွေ့ ပြန်ဆည်လိုက်သည်။

'သူ့ရဲ့ကောင်းကြီး ဝန်၊ ရှင်ဟာ သိုင်းလောကရဲ့ ခေါင်းဆောင် ပီသပါပေတယ် ရှင် . . . ဟင်း ဟင်း'

ဝန်ရင်မော်က ခေါင်းခါပြီး ပြောလာသည်။

'မချီးကျူးပါနဲ့ မုန့်ချူ၊ ဒီပစ္စည်းကို ဆရာကြီးချာမင်နဲ့ ဆရာကြီးကူဝှေတို့ကြောင့် ဖော်ထုတ်နိုင်ခဲ့တာပါ'

'ဒီလိုဆိုလည်း အားလုံးကို လေးစားပါတယ်ရှင်၊ ကဲ





. . . ကျွန်မ ပစ္စည်းကို ကျွန်မလက်ထဲ ပြန်ထည့်လိုက်ပါ'

ဝန်ရင်မော်က သူပြောလိုရာကိုသာ ဆက်ပြောလာသည်။

'ကျုပ် ပြောချင်ပါသေးတယ်၊ ဒီပစ္စည်းကို ကျုပ်ကိုယ်တိုင် ယူခဲ့တာပါ၊ ခုချိန်မှာ ဒီပစ္စည်းဟာ ဘာမှ အသုံးမကျတဲ့ပစ္စည်း ဖြစ်နေပါပြီ၊ လိုချင်ရင်တော့ အဆန်မရှိတဲ့ အခွံကြီးကို ကြိုက်သလို ယူသွားနိုင်ပါတယ်'

'အသုံးမကျတဲ့ပစ္စည်း ဖြစ်နေမှတော့ ဘာလုပ်ဖို့ အလေးခံပြီး ယူနေရမှာလည်းရှင်၊ ရှင်ပဲ ယူထားလိုက်ပါတော့'

ဝန်ရင်မော်သည် ကိစ္စတစ်ခုပြီးသွားပြီ ဖြစ်သဖြင့် ပေါ့ပေါ့ပါးပါး ပြုံးလာသည်။ ထို့နောက် မေမုန့်ချူကို စိုက်ကြည့်လိုက်ပြန်သည်။

'ကျုပ် မေးချင်သေးတယ် မုန့်ချူ'

'ကျွန်မမှာ အေးအေးဆေးဆေး ဆွေးနွေးနေဖို့ အချိန်မရှိဘူး'

'ရသင့်သလောက်တော့ ရပါသေးတယ်လေ ဟဲဟဲ. . . ကျုပ် မေးတာသာဖြေပါ၊ ခင်ဗျားနဲ့ ကျုပ်ဟာ ရန်ငြိမ်းရန်သူတွေလား၊ ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ ဒီလောက် ဒုက္ခပေးခဲ့တာလဲ'

'နောက်မှ ရှင်းပြပါမယ်ရှင်'

'နောက်ဆိုတာ ခင်ဗျားအတွက် မရှိတော့ဘူး'

'ရှင်က ကျွန်မကို ဖမ်းချုပ်တော့မှာလား'

'ခင်ဗျားပြောခဲ့ပါတယ်၊ ကိုယ့်ဖခင်ရဲ့ ရန်ကြွေးကို မဆပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနေလို့ မဖြစ်ဘူးတဲ့၊ အဲဒါ မှန်တယ်၊ ကျုပ်အဖေအတွက် ကျုပ် စာရင်းရှင်းရလိမ့်မယ်'

'ဟင်းဟင်း. . . ကျွန်မကလည်း နှင်းအဆောင်ထဲကနေ အေးအေးဆေးဆေး ပြန်ထွက်မယ့် မိန်းမ မဟုတ်ပါဘူး'

'ခင်ဗျားတော်တော် အပြုံးကြီးချင်နေတာကိုး၊ တစ်ခုတော့ ပြောချင်ပါတယ်၊ လိန်ကူးချီတစ်ယောက် ဒီအဆောင်ခန်းမထဲမှာ မရှိတာကို သတိပြုမိသလား'

မေမုန့်ချူး၏ မျက်ခုံးနှစ်ဘက်သည် နဖူးပေါ် မြင့်တက် သွားသည်။

ခန်းမဆောင်တစ်ခုလုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။

လိန်ကူးချီကို မတွေ့။

'ဟုတ်တယ် သူ မရှိဘူး'

'အဲဒါ ဘာဖြစ်သလဲ . . . ဟင်းဟင်း'

'သူ ဘယ်မှာ ရှိနေတယ်ဆိုတာကို ခင်ဗျား မသိချင်ဘူး လား'

'ပြောသင့်ရင် ပြောပြစမ်းပါရှင်'

မေမုန့်ချူးသည် မခိုးမခန့် လုပ်နေပြန်သည်။ ဝန်ရင်မော် က ပြုံးပြီး တစ်လုံးချင်း ပြောတော့သည်။

'လိန်ကူးချီဟာ သူ့အဖော်တွေနဲ့ မြေအောက်လိုဏ်ခေါင်း တစ်ခုလုံးကို ရှင်းလင်းပြီးသွားပါပြီ၊ အခုဆို အနောက်ဘက် ဆီးပန်း တောအုပ်ကလေးတစ်အုပ်နားက နှင်းတွေဖုံးနေတဲ့ လိုဏ်ခေါင်း



ပေါက်မှာ ရှိနေပါတယ်'

'ဟင်. . .'

မေမုန့်ချူးထံမှ အာမေဍိတ်သံသည် အလွန်ကျယ် လောင်သွားသည်။ တစ်ခဏအတွင်းမှာပင်အလွန်တုန်လှုပ်ချောက် ချားသွားပြီး မျက်နှာပျက်နေတော့သည်။

သူမသည် အလွန်ဒေါသထွက်လာပြီဖြစ်သဖြင့် ရယ်ခြင်း ပြုံးခြင်း မပြုနိုင်တော့ပါ။ဒေါသ မျက်လုံးရောင်သည် ကြောက်စရာ ကောင်းအောင်တောက်နေလေသည်။ညာဘက်လက်ထဲတွင် မည်း မည်းအဲလုံးလေးတစ်လုံးကို အသင့်ဆုပ်ကိုင်ထားလိုက်လေပြီ။

အတန်ကြာမှ ထိုအဲလုံးလေးကို ကိုင်မြှောက်ပြီး. . .

'ဒါ ဘာလဲ ဝန်ရင်မော်' ဟု မေးတော့သည်။

ဝန်ရင်မော်က. . .

'လူတွေကို သေကြေပျက်စီးအောင်လုပ်နိုင်တဲ့၊ ပေါက်ကွဲ စေတတ်တဲ့ ခေတ်သစ်လက်နက်ပုန်းတစ်ခုပေါ့ဗျာ' ဟု ဖြေလေ သည်။သူ့မြေသံသည် အေးစက်စက်နိုင်သော ဖြေသံဖြစ်သည်။

'ဟုတ်တယ်၊ ဒီပစ္စည်းဟာ သေးသေးငယ်ငယ်လေး ဖြစ်ပေ မယ့် နှင်းအဆောင်ကြီးတစ်ခုလုံးကိုတော့ ကြေမွပျက်စီးသွားနိုင် စွမ်း ရှိပါတယ်ရှင်'

'ကျုပ် ကောင်းကောင်းသိထားပါတယ်',

'ဒီလိုဆိုရင် ကျွန်မ သွားမယ်၊ ရှင်ကိုယ်တိုင် ကျွန်မကို စောင့်ကြပ်ပြီး လိုက်ပို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ်၊ ဒါပေမယ့် ခင်ဗျား ကျုပ်အပေါ် ဘာဖြစ်လို့ အငြိုးထားနေသလဲဆိုတာကို ဖြေပါ'

ဝန်ရင်မော့အသံ သိသိသာသာ မာကျောလာသည်။

'ဟင်းဟင်း. . . ရှင့်ရဲ့ ခန္ဓာကိုယ်ဟာ သံတုံးသံခဲတွေနဲ့ ဖွဲ့စည်းထားတာ မဟုတ်ပါဘူးရှင်၊ အများသူငါကို အသွေးနဲ့အသား နဲ့လူပါ'

'မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ လက်နက်ပုန်းဟာ ဘယ်လိုပတ္တမြား ကျောက်ကို မယှဉ်နိုင်ပါဘူး'

'ဒီလိုလား၊ ဟုတ်မဟုတ် ကျွန်မ စမ်းသပ်ကြည့်ပါ့မယ်၊ ချုန်ရိုးနဲ့ စွန်းပုရှောက် ဘေးဖယ်'

မေမုန့်ချူးက သူ့ဘက်သားကို ချက်ချင်းအမိန့်ပေးသည်။ ထို့နောက်. . လှေကားထစ်ပေါ်မှ အောက်သို့ ဆင်းသည်။ရွှေချုန်ရိုးနှင့် စွန်းပုရှောက်က သူမနောက်မှ ကပ်ပါလာသည်။

'ထန်းရှန်းဂိုဏ်းသားအားလုံး နောက်ဆုတ်ဘေးဖယ်ပေးကြပါ'

အားလုံးနောက်ဆုတ်သွားကြသည်။အဆောင်ခေါင်းရင်းကုလားထိုင်တွင် ဝန်ရင်မော် တစ် ယောက်တည်း ရှိတော့သည်။

သူ့နောက်တွင်လည်းလူမရှိတော့။သူ့ဘေးတွင်မူ ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲ ရပ်နေဆဲရှိသည်။

'မမကြီး နောက်ဆုတ်ပေးပါ၊ ဘေးဖယ်ပေးပါ'

'အို. . . ငါ့မောင် ဒွတ်မလုပ်စမ်းပါနဲ့၊ အဖေကြီးရဲ့

▶▶



ရန်ကြွေးကို နောင်မှယူလည်း ရပါတယ်၊ ခု သူ့ကို ပြန်ခွင့်ပြုလိုက်ပါ'

'မဖြစ်ဘူး မမ မဖြစ်ဘူး၊ မဟာရတနာသိုင်းကျမ်း သူ့လက်ထဲ ရောက်နေပြီ'

ဂိုဏ်းချုပ်ကြီးသည် စိုးရိမ်ကြောင့်ကျမှု ကြီးနေသဖြင့် ဝန်ရင်မော်ကို ဖမ်းဆွဲသည်။

'ဂိုဏ်းချုပ်ကြီး ဘေးဖယ်နေပါ'

မေမုန့်ချူးက ရှေ့ကို တစ်လှမ်းတိုးပြီး သတိပေးသည်။

ဝန်ရင်မော် မတတ်သာတော့။ ဂိုဏ်းချုပ်ကြီးကို ဆောင့်ပြီး တွန်းထုတ်ရတော့သည်။

'စီးမင်ရှန်း. . . ဖမ်းထား'

ဝန်ရင်မော့အသံသည် တစ်ဆက်တည်း ထွက်သွားသည်။ ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲသည် နောက်သို့ လွင့်ထွက်သွား သည်။

စီးမင်ရှန်းက လျင်မြန်စွာ ဖမ်းယူပြီး ထိန်းပေးလိုက်သည်။

ဂဠုန်လေးကောင်ကလည်း စီးမင်ရှန်းကို ဝိုင်းကူကြသည်။

ဝန်ရင်မော်သည် ထန်းရှန်းဂိုဏ်းသားများကို ဂရုမပြုနိုင်တော့။မေမုန့်ချူးကိုသာ အာရုံစိုက်ရတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆၃)

## အပြုံးရှင်၏ သွေး

အားလုံး ရင်ဟထိတ်ထိတ် ဖြစ်နေကြလေပြီ။

ထိုအချိန်မှာပင် ဝန်ရင်မော့်ထံမှ လေးနက်သော အသံ ထွက်လာသည်။

'မေမုန့်ချူး. . . ပေါ့ပေါ့ဆဆ မဖြစ်ပါစေနဲ့'

'ဟင်းဟင်း. . . စိတ်ချပါ သူ့ရဲကောင်းဝန်၊ ရှင် မှုချ သေစေရ မှာပါ'

'ကျုပ်ကလည်း ခင်ဗျားကို ဖွတ်ပေးမှာ မဟုတ်ပါဘူး၊ ခင်ဗျား လွတ်ထွက်မသွားဘူးလို့ ကျုပ် ယုံကြည်နေတယ်'

မေမုန့်ချူး ရင်ခုန်နေပါသည်။

▶▶



သူ့မအသံသည် ဝမ်းနည်းသံ ပါလာသည်။

'ရှင်နဲ့ကျွန်မဟာ အသက်ရှင်နေပေမယ့် ပေါင်းဖက်ခွင့် မရှိခဲ့ပါဘူး၊ ဒါကြောင့်လည်း နောင်ဘဝကျမှပဲ ပေါင်းဖက်ကြပါစို့လို့ ပြောပါရစေ'

ဝန်ရင်မော် သဘောပေါက်သည်။

ဤစကားသည် မာယာထွေပြားသော စကားပင်တည်း။ မိမိ စိတ်လှုပ်ရှားအောင် ကြိုးစားနေသော စကားသာတည်း။

ဝန်ရင်မော်သည် ထူးခြားစွာ တည်ငြိမ်နေပေပြီ။

ရုတ်တရက်၊ မေမုန့်ချူးသည် ကြောက်စရာတောင်းသော လက်နက်ပုန်းကို ဝှစ်ခနဲမြည်အောင် ပစ်လွှတ်လိုက်လေပြီ။

'ပစ်ပြီ၊ ရှောင်ကြ၊ ဘေးဖယ်ကြ'

ထိတ်လန့်ချောက်ချားစွာ အော်လိုက်သောအသံများ ဆူညံသွားသည်။

စီးမင်ရှုန်းနှင့် ဝှမ်ယိလူသည် ရွှေချွန်ရိုးနှင့် စွန်းပုရှောက် တို့ကို ဝုန်းခနဲ ခုန်အုပ်လိုက်သည်။

သို့သော် နဂါးပျံ လက်ရှစ်ဘက် တိုက်ကွက်နှင့် ရဝ်ဆိုင် လိုက်ရသဖြင့် နောက်သို့ ပြန်ပြီး လွင့်စဉ်ထွက်သွားသည်။

ထိုအချိန်မှာပင် ဝန်ရင်မော်၏ ရွှီးအော်စိန်ကုံး နတ်သိုင်း စွမ်းအား တိုက်ကွက်များ ထွက်ပေါ်လာသည်။

ဝန်ရင်မော်၏ နတ်သိုင်းလက်ဝါး ရိုက်ချက်သည် မေမုန့် ချူး၊ ရွှေချွန်ရိုးနှင့် စွန်းပုရှောက်တို့ကို လွင့်စဉ်သွားစေခဲ့သည်။

▶▶

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်းမှာပင် ချာမင်နှင့် ကူဝေ့တို့၏ လက်ဝါး ရိုက်ချက်သံများ မြည်ဟည်းသွားသည်။

မေမုန့်ချူး၊ စွန်းပုရှောက်နှင့် ရွှေချန်ရိုးတို့ထံမှ 'အင့် . . . အား အိုး' ဟူသော အသံများ ထွက်လာပြီး သုံးယောက်စလုံးသည် ခန်းမအလယ်သို့ ဆက်တိုက် လွင့်စဉ်သွားကြသည်။

ထိုအချိန်၌ မေမုန့်ချူး ပစ်လွှတ်လိုက်သော လက်နက်ပုန်းသည် ဝန်ရင်မော်၏ လက်ထဲ ရောက်နေခဲ့လေပြီ။

အဖြစ်အပျက်သည် လျှပ်ပြက်သလိုမြန်ပြီး တစ်ပြိုင်တည်း ဖြစ်ပွားသွားခြင်း ဖြစ်သဖြင့် အချိန်တိုသလောက် ကြောက်စရာ ကောင်းလှသည်။

မေမုန့်ချူးတို့သည် အရှုံးနှင့် ရင်ဆိုင်လိုက်ရသဖြင့် ခန်းမ အလယ်တွင် ရပ်နေကြရဆဲ ဖြစ်သော်လည်း ဒေါသခြောင်းခြောင်း ထွက်နေကြဆဲ ရှိသည်။

မေမုန့်ချူးသည် တည်တည်ငြိမ်ငြိမ် ရပ်တန့်လာနိုင်သည် နှင့် ဝန်ရင်မော်ကို အမုန်းကြီးစွာ စိုက်ကြည့်တော့သည်။

'ဘာပြောချင်သေးလဲ မုန့်ချူး'

ဝန်ရင်မော်က ထိုင်မြဲနေရာတွင် ထိုင်ရင်း လှမ်းမေး သည်။

မေမုန့်ချူး၏ ဒေါသသံကြီး မြည်ထွက်လာသည်။

'မုန်းတယ်၊ ရှင့်ကို ခါးခါးသီးသီး မုန်းတယ်၊ အသည်းနာ တယ်၊ အရင်က မေတ္တာရှိခဲ့ဖူးပေမယ့် အခု မရှိတော့ဘူး၊ နောင်



လည်း ဘယ်တော့မှ ရှိမှာမဟုတ်ဘူး'

'ဘယ်သူမပြု မိမိမှုပါ မုန့်ချူး၊ ခင်ဗျားရဲ့အပြုံးတွေ အမုန်း တွေကို ပြောပြစေချင်သေးတယ် မုန့်ချူး'

မေမုန့်ချူးသည် ဘာမျှပြန်ပြောခြင်း မရှိချေ။

ပြောချင်လျှင်လည်း ပြောနိုင်ခြင်း မရှိတော့ချေ။

အဘယ့်ကြောင့်ဆိုသော် ပြင်းထန်သော ဝေဒနာကို ခံစား နေရသောကြောင့်သာတည်း။

ဝန်ရင်မော်သည် ပြုံးနေဆဲပင် ဖြစ်ပါသည်။

'ပြောလေ မုန့်ချူး၊ ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ ဒီလောက်'

မေမုန့်ချူးက ကြေကြေကွဲကွဲပြုံးလာသည်။

ထိုစဉ် နှုတ်ခမ်းထောင့် တစ်နေရာမှ သွေးများစီးကျလာ သည်။

ဝန်ရင်မော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

သွေးကြောကို ပိတ်ပေးရန် ထလိုက်မိသော်လည်း ဝန်ရင် မော် နောက်ကျသွားလေပြီ။

မေမုန့်ချူးပါးစပ်ထဲမှ သွေးများသည် ဝေါခနဲ အန်ထွက် လာလေသည်။

မေမုန့်ချူးသည် မတ်တပ်ရပ်ခြင်းငှာ မစွမ်းနိုင်တော့၊ အများရှေ့မှာပင် ဒူးညွှတ်ပြီး ခွေကျသွားတော့သည်။

ထိုအချိန်၌ ရွှေချန်ရိုးနှင့် စွန်းပုရှောက်တို့သည် မေမုန့်ချူး ကို တွဲထူဖေးမခြင်း မပြုတော့ဘဲ တရကြမ်း ပြေးထွက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သူတို့အခြေအနေကို ကြည့်နေကြသော ချာမင်နှင့် ကူဇွေ့တို့သည် ထိတ်ခနဲဖြစ်သွားကြပြီး တရကြမ်းပြေးလိုက်ကြတော့သည်။

ဝန်ရင်မော်သည် မေမုန့်ချူးကို စိုက်ကြည့်ရင်း ငူငူကြီး ရပ်နေဆဲရှိသည်။

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲသည် ဝန်ရင်မော်ကို အကဲခတ်နေရာမှ အနီးသို့ ကပ်လာပြီး. . . .

'သောက ရောက်မနေပါနဲ့တော့ မောင်လေးရယ်' ဟု ပြောလာသည်။

ဝန်ရင်မော်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

'ကျွန်တော် စိတ်သောကရောက်နေတာ မဟုတ်ပါဘူး မေကြီး၊ ဒါပေမယ့် မေမုန့်ချူးဟာ ကျွန်တော်သိချင်တာကို ဘာဖြစ်လို့ ဖွင့်မပြောခဲ့တာလဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ အငြိုးကြီးနေခဲ့ရတာလဲ'

'လျှို့ဝှက်ချက် ရှိနေတာတော့ အမှန်ပဲ မောင်လေး၊ ဒါပေမယ့် . . .'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲသည် အလွန် စိတ်လှုပ်ရှားဟန်နှင့် ခေါင်းတယမ်းယမ်း လုပ်လိုက်ပြန်သည်။

အတန်ကြာမှ. . . .

'အင်း. . . မမလည်း ဘယ်လိုမှ အဖြေရှာမရပါဘူးကွယ်'



ထိုအချိန်၌ နှင်းအဆောင်အနောက်ဘက်မှ ငယ်သံပါအောင် အော်လိုက်သော့အသံများ ပေါ်ထွက်လာသည်။

ဝန်ရင်မော်နှင့် ဂိုဏ်းချုပ်ကြီးသည် ထိုအသံများကို အာရုံစိုက်နေလိုက်သည်။

သိပ်မကြာပါ။ ချာမင်နှင့် ကူဇွေ့တို့ အဆောင်ခန်းမထဲ ပြန်ဝင်လာကြသည်။

'ရွှေချန်စိုးနဲ့ စွန်းပုရောက်ကော'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှဲ လှမ်းမေးသည်။ ဆရာကြီးနှစ်ယောက်က ဂါရဝပြုပြီး အစီရင်ခံလာသည်။

'သူတို့နှစ်ယောက်ကို သုတ်သင်ရှင်းလင်းပြီးပါပြီ ဂိုဏ်းချုပ်ကြီး'

'ကောင်းပြီ၊ ကောင်းပြီ၊ ကဲ. . .'

ဂိုဏ်းချုပ်ကြီးသည် အမျိုးသမီး ခေါသမားဆယ့်နှစ်ယောက်ကို လက်ပြပြီး လှမ်းမိန့်သည်။

'မိန်းကလေးတို့ မေမုန့်ချူးအလောင်းကို သယ်ယူသွားကြပါ၊ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ဖို့ အဆင်သင့်ပြုလုပ်ထားလိုက်ပါ'

'ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး'

အမျိုးသမီး ဆယ့်နှစ်ယောက်သည် ချက်ချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ဝန်ရင်မော်သည် ဂိုဏ်းချုပ်ကြီးကို လှမ်းကြည့်ပြီး လေး

www.burmeseclassic.com

www.burmeseclassic.com



လေးစားစား ပြောသည်။

'ခုလို သဘောထားကြီးကြီးနဲ့ စိစဉ်တာကို လေးစားပါတယ် မမ'

'မောင်လေးရယ်၊ မေမုန့်ချူးဟာ မင်းရဲ့ဇနီးပါ၊ မလွှဲသာ မရှောင်သာတဲ့ကိစ္စတွေ ဖြစ်ပေါ်နေခဲ့ပေမယ့် မောင်လေးရဲ့ဇနီးဟာ မောင်လေးရဲ့ဇနီးပါပဲ၊ ကောင်းကောင်းမွန်မွန် သဂြိုဟ်ဖို့ တို့မှာ တာဝန်ရှိပါတယ်'

ထိုအချိန်မှာပင် အမျိုးသမီး ဓားသမား ဆယ့်နှစ်ယောက်က မေမုန့်ချူး၏ ရုပ်အလောင်းကို သယ်မလာကြသည်။

ထိုစဉ် မေမုန့်ချူး၏ အင်္ကျီရင်ဘတ်အတွင်းမှ မဟာရတနာ သိုင်းကျမ်းစာအုပ်နှင့် အလံလေးတစ်ခု ထွက်ကျလာသည်။

ဂိုဏ်းချုပ်ကြီးသည် ထိုအခြင်းအရာကို မြင်လိုက်သည်နှင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ထို့နောက် ထိုနေရာသို့ လျှပ်ပြက်သလို လှစ်ခနဲ ရောက်သွားသည်။ ဝန်ရင်မော်လည်း သူမနောက်မှ ကပ်ပါသွား၏။

ဂိုဏ်းချုပ်ကြီးသည် မဟာရတနာသိုင်းကျမ်းနှင့် အလံငယ်လေးကို ဖျတ်ခနဲ ကောက်ယူပြီး ဝန်ရင်မော်ကို လှည့်ပြောသည်။

'မောင်လေး ဝန်၊ ဒီမှာကြည့်စမ်း၊ ဒီဟာ ဘာလဲ သိသလား'

ဝန်ရင်မော်သည် အလံလေးကို ကြည့်ရင်း မျက်လုံးပြူး

▶▶



သွားသည်။

'ဖြူဟွာဂိုဏ်းက အလံပဲ မမကြီး'

'ဟုတ်တယ်၊ တိဗက် နယ်စပ်မှာရှိတဲ့ ဖြူဟွာဂိုဏ်း အလံပဲ လက်စသတ်တော့ မောင်လေးမိန်းမ မေမုန့်ချူးဟာ ဖြူဟွာဂိုဏ်းဝင်တစ်ယောက်ပေကိုး'

ဝန်ရင်မော် ခေါင်းထဲမှ အရှုပ်အထွေးသည် ယခုမှ ရှင်းလင်းသလို ဖြစ်လာသည်။

ဂိုဏ်းချုပ်ကြီး လီအောင်ရွှေ့က **စဉ်း**စဉ်းစားစား ပြောလာသည်။

'မေမုန့်ချူးဆီမှာ ဒီအလံလေး ရှိနေပြီဆိုတော့ မောင်လေးနဲ့ မေမုန့်ချူးကြားမှာ ရန်ငြိုးတွေရှိဖို့ မလိုအပ်တော့ဘူး၊ မေမုန့်ချူးရဲ့ လုပ်ဆောင်ချက်တွေနဲ့ ကြံစည်ချက်တွေဟာ သူ့ကိုယ်ရေးကိုယ်တာ ပုဂ္ဂလိက ဆောင်ရွက်ချက် မဟုတ်တော့ဘူး၊ ဒီအလံကလေးက တို့ခေါင်းထဲက အရှုပ်အထွေးတွေကို တိတိကျကျ ရှင်းလင်းလိုက်ပြီ မောင်လေးဝန်'

'ဟုတ်ပါတယ် မမကြီး၊ ကျွန်တော် သဘောပေါက်ပါပြီ'

'ဖြူဟွာဂိုဏ်းဟာ ရှေးပဝေသဏီကတည်းက နယ်ချဲ့ဂိုဏ်းကြီးဖြစ်ခဲ့တာပဲ၊ မေမုန့်ချူးဟာ နယ်ချဲ့သိုင်းဂိုဏ်းရဲ့ လက်ပါးစေဂိုဏ်းဝင်တစ်ယောက်ပဲ၊ သူမရဲ့ လုပ်ဆောင် ကြံစည်မှုတွေဟာ နယ်ချဲ့ဖြူဟွာဂိုဏ်းရဲ့ လုပ်ဆောင်ကြံစည်မှုပဲ၊ တကယ်တန်းကျတော့ မေမုန့်ချူးဟာ နယ်ချဲ့သိုင်းဂိုဏ်းရဲ့သားကောင် လက်ပါးစေ ဘဝ

▶▶

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မျိုးချစ်သိုင်းဂိုဏ်းရဲ့ တုံ့ပြန်တွန်းလှန်မှုအောက်မှာ ကြေပြုန်းသွားရတဲ့ အမိုက်မကလေးပေပဲ'

ဂိုဏ်းချုပ်ကြီး လီအောင်ရွှေ၏စကားသည် လေးနက်တည်ကြည်သော ဩဝါဒ စကားများပင်တည်း။

ဝန်ရင်မော်သည် တည်ကြည်လေးနက်စွာ နားထောင်နေရင်းက. . .

'ကျွန်တော် တိဗက်ကို သွားမယ်မမ၊ အဲဒီအခါကျရင် ပိုပြီး တိကျတဲ့အဖြေကို ရဦးမှာပါ'

'မမ မတားပါဘူးကွယ်၊ ဒါပေမယ့် ဖေဖေ့ကို ကောင်းကောင်းမွန်မွန် သဂြိုဟ်ပြီးမှ သွားပါကွယ်'

'ကောင်းပါပြီ၊ မမကြီး ကောင်းပါပြီ'

▲ ▲ ▲



အခန်း (၁၆၄)

## မင်္ဂလာလက်ဆောင်

ခန်းမဆောင်ကြီးထဲတွင် လူစုံတက်စုံ ပြန်ဖြစ်လာသည်၊

ထိုအခါကျမှ ဂိုဏ်းချုပ်ကြီး လီအောင်ရွှေသည် ဘဝသစ်တစ်ခုကို ပြန်လည်စတင်သည့် အထိမ်းအမှတ်နှင့် သူ့အမည်ကို လီအောင်ရွှေ့အစား ကျုံးကော့အောင်ရွှေဟု ပြောင်းလဲကြောင်း ကြေငြာလိုက်သည်။

ဝန်ရင်မော်ကလည်း ကြိုတင်စီစဉ်ထားသည့်အတိုင်း ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော်အစား၊ ဗျပ်စောင်းမားရှည်စာပေသမား ကျုံးကော့မော်ဟု ပြောင်းကြောင်း ကြေငြာသည်၊

——▶▶——

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဂိုဏ်းသားအပေါင်း၏ လက်ခုပ်သံတဖြောင်းဖြောင်းသည် သောင်းသောင်းညံအောင် မြည်ဟိန်းသွားသည်။

ထိုစဉ်. . . .

မော်လင်က သူ့အမေ ကျူးကော့အောင်ရွှေကို လှမ်းပြောသည်။

'မေမေ ကျွန်တော့်နာမည်ကိုလည်း ပြောင်းချင်တယ်၊ ဘယ်လိုပြောင်းရမလဲဆိုတာ စဉ်းစားပေးပါဦး'

'အို. . . သားကလည်း၊ သားနာမည်က မျိုးရိုးမှန်ပေးထားတဲ့ နာမည်ကွယ့်၊ ပြောင်းဖို့ မလိုပါဘူး'

'ဒါဖြင့် မော်လင်ပဲပေါ့၊ ဟုတ်လား'

'ဒါပေါ့သားရဲ့'

'မေမေကလည်းဗျာ'

'သားကလည်းကွယ်၊ ဒီနာမည်ဟာ မင်းဖေဖေစိတ်ကြိုက်ပေးခဲ့တဲ့နာမည်ကွယ်'

'ဖေဖေ ဟုတ်လား၊ ကျွန်တော့်အဖေ ရှိသေးလို့လား'

မော်လင်သည် သူ့အဖေအကြောင်းကို တစ်ခါမျှ မကြားခဲ့ဖူးသဖြင့် အလွန် စိတ်ဝင်စားလာသည်။

'ရှိပါသေးတယ်ကွယ်၊ သူ အသက်ရှင်လျက် ရှိနေပါသေးတယ်၊ သားကို မွေးပြီးကတည်းက မေမေနဲ့ ရန်ဖြစ်ပြီး ထွက်သွားတာပါ၊ မေမေ့ကို စိတ်ဆိုးပြီး ထွက်သွားတာပါကွယ်'

'ဒီလိုဆိုရင် ကျွန်တော့်ဖေဖေကို မြေလှန်ပြီး လိုက်ရှာမယ်မေမေ၊ တွေ့ရင် ဒီကို တစ်ပါတည်း ခေါ်ခဲ့မယ်'

'ကိစ္စမရှိပါဘူးကွယ်၊ မေမေ့ကိုတွေ့ရင် သူတစ်ခါတည်း လိုက်လာမှာပါ၊ သား ဘိုးဘိုး ရှာပနကိစ္စပြီးတာနဲ့ မေမေကိုယ်တိုင် လိုက်ရှာပြီး ခေါ်ခဲ့ပါ့မယ်'

ဂိုဏ်းချုပ်ကြီးသည် ခင်ပွန်းသည်ကို တမ်းတလာမိသဖြင့် မျက်ရည်ဝဲလာသည်။

မော်လင်ကား ဖခင်ကိုတွေ့ရတော့မည်ဟူသော ဆန္ဒစွဲနှင့် ဝမ်းသာအားရ ထခုန်တော့သည်။

ထိုစဉ်. . .

ကျူးကော့မော်က ဆရာကြီးနှစ်ယောက်ကို သတိပေးစကား လှမ်းပြောသည်။

'ဆရာကြီးချာမင်နဲ့ ဆရာကြီးကူ၊ ကျွန်တော်တို့ ကူညီဖို့ အချိန်ကျပြီခင်ဗျ'

'ဟားဟား. . . တို့စောင့်နေတာ တစ်ရက်နဲ့တစ်ည ရှိပြီကွ . . . ဟားဟား'

ချာမင်သည် တဟားဟားရယ်ရင်း စီးမင်ရှန်းကို ကျူးကော့မော်အနား သွားခိုင်းသည်။

ကျူးကော့မော်သည် စီးမင်ရှန်းကိုကြည့်ပြီး ပြုံးနေသည်။

ထို့နောက်. . .

စီးမင်ရှန်းလက်ထဲသို့ ကျောက်မျက်ရတနာထုပ်တစ်ထုပ်ကို လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီပစ္စည်းကို ယူသွားပါ စီးမင်၊ အကြောင်းကိစ္စကို နောက်မှ ပြောပြပါ့မယ်'

စီးမင်ရှန်းသည် အလွန်အံ့ဩနေရာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

ထို့နောက်. . . .

ကျူးကော့မော်သည် သူမဘေးတွင်ရပ်နေသော ဝှမ်ယိလူကို ပြုံးကြည့်ပြီး ကျောက်မျက်ရတနာများ စီခြယ်ထားသည့်လက်ကောက်တစ်ရံကို လှမ်းပေးပုံ(ပါ)သည်။

ဝှမ်ယိလူသည် ဝမ်းမြောက်ဝမ်းသာဖြစ်လာပြီး ရှိရိုသေသေ လက်ခံယူလိုက်သည်။

ထိုအချိန်၌. . .

ကျူးကော့မော်သည် ဂိုဏ်းချုပ်ကြီးရှိရာ လျှောက်သွားပြီး လေးစားစွာ ဂါရဝပြုလိုက်သည်။

'စီးမင်ရှန်းနဲ့ ယိလူတို့ဟာ ဂိုဏ်းချုပ်ကြီးရဲ့လူတွေ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ အများရှေ့မှာ လက်ထပ်ထိမ်းမြားခွင့် တောင်းခံပါတယ် ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီး ကျူးကော့အောင်ရွှဲ့တ ခေါင်းညိတ်ပြီး ပြုံးသည်။

ထို့နောက်. . . .

ဆရာကြီးနှစ်ယောက်ကို လှမ်းမေးသည်။

'နာယကကြီးနှစ်ယောက်၊ မင်္ဂလာကိစ္စအတွက် သဘောတူ



ကြည်ဖြူပြီး အစစဆောင်ရွက်ပေးနိုင်ကြပါသလား'

'ဟားဟား. . . ပေးနိုင်ပါတယ်ဗျာ၊ ပေးနိုင်ပါတယ်၊ ကျွန်ုပ်တို့က မင်္ဂလာအရက်ကို တစ်ဝကြီးသောက်ဖို့ စောင့်မျှော်နေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေပါဗျ. . . ဟား ဟား ဟား'

အဘိုးဝကြီး ချာမင်၏ လှိုက်လှိုက်လှဲလှဲပြောလိုက်သော စကားကြောင့် စီးမင်ရှန်နှင့် ယိလူတို့သည် မျက်နှာများ နီရဲပြီး ရင်တဆတ်ဆတ် ခုန်သွားကြတော့သည်။

ဝမ်းသာလွန်း၍ မျက်ဝန်းအိမ်တွင်ပင် ဝမ်းသာမျက်ရည်များ ဝဲနေကြတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆၅)

### ပြုံးပန်းတဝေဝေ

ထန်းရှန်းဂိုဏ်းသူဂိုဏ်းသားများသည် နေနဲ့လ ရွှေနဲ့မြ လို လိုက်ဘက်ညီလှသော မင်္ဂလာစုံတွဲသုံးယောက်ကို ကြည့်နေရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

အဘိုးဝကြီးချာမင်က စီးမင်ရှန်းကို ပြုံးကြည့်နေပြီး ရယ်ရယ်မောမော ပြောပြန်သည်။

'ကောင်မလေး မင့်ရင်ထဲက အချစ်ရောဂါတွေ ပျောက်သွားပြီ မဟုတ်လား. . . ဟား ဟား ဟား'

စီးမင်ရှန်သည် အဘိုးဝကို နှုတ်ခမ်းစူ မျက်စောင်းထိုးပြီး ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်သည်။



'အဘိုးကလည်း ပြောရောမယ်'

'အောင်မာ၊ ခုမှ ရှက်မနေစမ်းပါနဲ့ . . ဟား ဟား'

စီးမင်ရှန်းသည် အဘိုးဝနှင့် စကားနိုင်လု၍ မဖြစ်မှန်း သိသဖြင့် တစ်ဘက်သို့ မျက်နှာလှည့်သွားသည်။

ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းတွင် ရပ်နေသော မော်လင်က စီးမင်ရှန်းဆီ ပြေးလာပြီး ဝမ်းသာစကား ပြောပြန်သည်။

ဂဠုန်နှစ်ကောင်တွဲ့ရသူများကလည်း အနားကပ်လာကာ ချီးကျူးဂုဏ်ပြုကြပြန်သည်။

ဂိုဏ်းချုပ်ကြီးလည်း ငြိမ်ငြိမ်မနေနိုင်တော့ပါ။ ရှေ့ကိုတိုးလာပြန်ပြီး ပြုံးပြုံးရွှင်ရွှင် ပြောလာသည်။

'ကျွန်မက ကျွန်မမောင်လေးအတွက် မိန်းကလေးရှင်အဖြစ် သဘောတူ ဝမ်းမြောက်ပါတယ်ရှင်၊ မောင်လေးရဲ့ ဘဝကြင်ဖော်တွေဟာ အားကိုးလောက်တဲ့ နှင်းဆီနီလေးနှစ်ပွင့်ပါပဲ ဟင်းဟင်း'

'ဂိုဏ်းချုပ်ကြီးကလည်း ကိုယ့်လူတွေဆိုပြီး လျှာပြတ်အောင် ချီးကျူးနေတော့တာကိုးဗျ၊ ဒီတော့ ကျုပ်တို့တလည်း ဒီပွဲမှာ ကျွမ်းထောင်အောင် သောက်ပြီး ကပြ အသုံးတော်ခံကြမယ်ဗျာ ဟားဟား'

ချာမင့်စကားကြောင့် ကူဝေ့ပါ တဟားဟား ရယ်တော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆၆)

## မျိုးချစ်သိုင်းသမားတို့၏ ခရီး

သုံးရက်မြောက်သောနေ့တွင် ကျူးကော့ယွင်၏ အလောင်းကို ဂူသွင်းပြီး ခမ်းခမ်းနားနား သင်္ဂြိုဟ်လိုက်ကြလေသည်။

သူ့အလောင်းကို ကျူးဟိုဖုန်း တောင်ထိပ်ဖျားတွင်ပင် သင်္ဂြိုဟ်မြှုပ်နှံခဲ့ကြသည်။

ထိုနေရာမှ ငုံ့ကြည့်လျှင် တောင်အောက်ကို စီးမြင်ရလေသည်။

တောင်ခုလတ်တွင် ဖြူဖွေးနေသော အုတ်ဂူလေးတစ်လုံး ရှိနေသည်။

ထိုဂူသည် မေမုန့်ချူး၏ဂူပင်ဖြစ်ပါသည်။



သို့နှင့်. . .

ရက်သတ္တတစ်ပတ်ဟူသော အချိန်သည် ကုန်လွန် ပြည့်မြောက်လာခဲ့သည်။

ရှစ်ရက်မြောက်သောနေ့တွင် ဆီးပန်းချောင်ထဲမှ လူတစ်အုပ် ထွက်လာခဲ့ကြသည်။

သုံးယောက်တွဲအစုသည် စီးမင်ရှန်း၊ ကျူးကော့မော်နှင့် ယိလူတို့ဖြစ်သည်။

နောက်လူစုကား ကျူးကော့အောင်ရွှဲနှင့် မော်လင်တို့ဖြစ်သည်။

သူတို့နောက်တွင် အစေခံမလေး ချင်းချီနှင့် ယိလန်တို့ဖြစ်သည်။

သူတို့နှင့်အတူ ဂဠုန်နှစ်ကောင်လည်း ပါသည်။

နယ်လှည့်စစ်ဆေးရေးမှူးချုပ် ချန်ချွန်းယင်းနှင့် အကျိုဝါစည်းကမ်းထိန်းကြီး ရှစ်ယောက်တို့အစုကိုလည်း တွေ့ရသည်။

သူတို့အားလုံးသည် အဘိုးဝကြီး ချာမင်နှင့် အဘိုးပိန်ကြီး ကူဝေ့တို့က ချောင်စခန်း ထိပ်ဝအထိ လိုက်ပါ ပို့ဆောင်ကြသည်။

အားရပါးရ နှုတ်ဆက်ကြသည်။

ကျူးကော့မော် ဦးဆောင်သည့် ဤသိုင်းဂိုဏ်းအဖွဲ့သည် နယ်ချဲ့သိုင်းဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲအတွက် ချောင်စခန်းကို စွန့်ခွာပြီး ထွက်လာကြခြင်းပင်။

ချာမင်နှင့် ကူဝေ့တို့သည် 'အစစ အောင်ပွဲခံနိုင်ကြပါစေ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းရင်း လက်ယမ်းနှုတ်ဆက်ကြသည်။

မကြာခင်မှာပင် လူအုပ်စုနှစ်စုသည် တဖြည်းဖြည်း ဝေးကွာသည်ထက် ဝေးကွာသွားကြသည်။

ထို့နောက်. . .

နယ်ချဲ့ သိုင်းဂိုဏ်းဆန့်ကျင်ရေး မျိုးချစ်သိုင်းအုပ်စုသည် ဖြူဖွေးနေသော နှင်းကမ္ဘာလာအောက်တွင် ပျောက်ကွယ်သွားကြလေသတည်း။

ပြီးပါပြီ

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com